AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

{ယန်ယဲ့၏မူလနောက်ခံ}

Book.44(781-795)
မြင့်မြတ်နယ်မြေသို့ထွက်ခွာခြင်း

၇၈၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၁ - ဓားအင်ပါယာယန်

ယန်ယဲ့က ခေါင်းခါပြီး "မင်း ငါနဲ့ ပုံမှန်စကားပြောလို့ရမလား။ ငါထွက်လာတုန်းက ငါ့မိန်းမတွေကို ငါကတိပေးခဲ့တာ ။ နိမ့်ကျတဲ့အဆင့်အတန်းကို ထိန်းထားရမယ်။"

အဘိုးအိုဟောင်မန်၏ ပါးစပ်ထောင့်တွင် လှောင်ပြောင်သရော်မှုတစ်ခု ထွက်ပေါ်လာပြီး

“ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
ပုရှက်ဆိတ်တစ်ကောင်က
နိမ့်ကျတဲ့အဆင့်တန်းကို ထည့်ပြောနေတယ်။
မင်းဘယ်လောက်မာနကြီးတယ်ဆိုတာ
ငါ့ကိုဘာလို့မပြတာလဲ"

"ကောင်းပြီ ငါလုပ်မယ်!".ယန်ယဲ့က
စကားပြောပြီးတာနဲ့ အဘိုးအိုဟောင်မန်
ရှေ့တွင်ပေါ်လာပြီး လက်သီးဖြင့် ခေါင်းကို
ထိုးလိုက်သည်။

ဘယ်လို......

ဤပုရွက်ဆိတ်၏အရှိန်က

သူထင်ထားသည်ထက်

မြန်ဆန်နေသောကြောင့် အဘိုးအိုဟောင်မန်၏

အမူအရာက

သိသိသာသာပြောင်းလဲသွားသည်။သူက

အနည်းငယ်မျှပင် မပေါ့ဆဝံ့ဘဲ သုံးမြှောင့်လှံကို

ကန့်လန့်ဖြတ်ဝှေ့ယမ်းကာ

ယန်ယဲ့၏လက်သီးချက်ကို

တားဆီးလိုက်သည်။

အုန်း!

သုံးမြှောင့်လုံက အပိုင်းပိုင်းကွဲအက်သွားပြီး သူကိုယ်တိုင်လည်း ၁ ကီလိုမီတာအကွာသို့ လွင့်ပျံထွက်သွားလေသည်။

ဖူး!

အဘိုးအိုဟောင်မန်၏ ပါးစပ်ကနေ သွေးများစီးကျလာပြီး မြေပြင်ကနေ ကပျာကယာထရပ်လိုက်၏။

သူက ယန်ယဲ့ကို အံ့အားသင့်စွာ စိုက်ကြည့်ကာ

“မင်း…. မင်း…. မင်း…. မင်း….”

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်၏

လက်သီးတစ်ချက်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် သူ အတော်လေး မှင်တက်သွားသည်။

ယန်ယဲ့က ခပ်ပြတ်ပြတ်ပင် ပြောလိုက်၏။
"အခု ငါတို့
စကားကောင်းကောင်းပြောလို့ရပြီလား။"

“မင်း….” အဘိုးအိုဟောင်မန်က ယန်ယဲ့ ကို ဒေါသတကြီး စိုက်ကြည့်နေသည်။ သူတိုက်ခိုက်ချင်သော်လည်း မတိုက်ခိုက်ဝံ့ပေ။ အဆုံးတွင် သူက ချီဘူဖန်း ကို စိုက်ကြည့်ကာ ယန်ယဲ့ ကို တစ်ချက် စူးစူးစိုက်စိုက်

ကြည့်လိုက်ပြီး “မင်း…. မင်းတို့စောင့်နေလိုက်။ သတ္တိရှိရင် ထွက်မပြေးနဲ့။ မင်းတို့ စောင့်သာနေ။" စကားပြောနေရင်း အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲ၍ ချက်ချင်းပင် ပျောက်ကွယ်သွားပါသည်။

သူ ဒီအတိုင်း ထွက်ပြေးသွားတာလား?

သိုင်းကျောင်းဆရာဇ်တစ်ယောက်က ချက်ချင်းလှည့်ထွက်ပြေးသွားတာကြောင့် သူတို့နှစ်ယောက်လုံး အံ့အားသင့်သွားကြ၏။

"မင်းလည်း သူတော်စင်ရှင်းယွန် က
သူတော်စင်တစ်ပိုင်းအဆင့်လို့ ထင်နေသလား"
ချီဘူဖန်းက ရုတ်တရက် ပြောလိုက်သည်။

ယန်ယဲ့က ခဏတာ လေးလေးနက်နက်
စဉ်းစားပြီး “ဒါဟာ ဖြစ်နိုင်ချေ သိပ်မရှိဘူး။
ငါ့တောင်ပိုင်းနယ်မြေကလွဲပြီး တိုက်ကြီးမှာ
သူတော်စင်တစ်ပိုင်းအဆင့် ပေါ်လာရင်
သေချာပေါက် သိနိုင်မှာပါ။

ငါလည်း အတော်လေးသိချင်နေတယ်။
ဘယ်လိုလူမျိုးက ကိုယ့်ကိုယ်ကို

သူတော်စင်ရှင်းယွန် လို့ခေါ် ဝံ့သလဲဆိုတာ တွေးမရအောင်ပဲ။"

ချီဘူဖန်းက ရုတ်တရုတ်မေးလိုက်၏။ "သူက တကယ်ပဲ သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်နေရင်း မင်းဘာလုပ်မလဲ"

ယန်ယဲ့က "သူက ငါတို့ကို ပြဿနာမရှာရင် ငါတို့ကဘာလုပ်စရာရှိလို့လဲ။ ဒါ့အပြင် ငါတို့ ဘာလုပ်နိုင်မှာလဲ။ သူ့ရဲ့ကျင့်ကြံမှုကို ဖိနှိပ်ဖို့ ဖိနှိပ်ရေးကျောက်တုံး ကိုသုံးရင်တောင် ငါတို့ရဲ့ ပူးပေါင်းတိုက်ခိုက်မှုက

သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်ဖို့ လုံလောက်တယ်လို့ မင်းထင်လား။

“မဟုတ်ဘူး!” ချီဘူဖန်းက ချက်ချင်း ခေါင်းခါလိုက်သည်။

ယန်ယဲ့နှင့် သူ ထိုနေ့က သူတော်စင်တစ်ပိုင်းအဆင့် ကို သတ်ဖြတ်နိုင်ခဲ့ခြင်းမှာ အနီလူအိုကြီးက ဒဏ်ရာအပြင်းအထန် ရနေသောကြောင့်ပါ။

သူတို့၏ လက်ရှိခွန်အားက သူတော်စင်တစ်ပိုင်းအဆင့် ကို သတ်ရန်မဖြစ်နိုင်ပေ။

ထို့အပြင် အနည်းငယ်သောအမှားက
နှစ်ယောက်လုံးကို ငရဲရောက်သွားစေနိုင်သည်။

ဘုန်း!

ရုတ်တရက် အဝေးကနေ ကျယ်လောင်သော
ပေါက်ကွဲသံကြီး ပဲ့တင်ထပ်ကာ အလင်းတန်း
၃၀ ကျော်က ချက်ချင်းဆိုသလိုပင်
ထွက်ပေါ်လာကြသည်။
သိပ်မကြာခင်မှာပဲ ထိုအလင်းတန်းများက
သူတို့နှစ်ဦးရှေ့ကို ရောက်လာတော့၏။

ဦးဆောင်လာသူက
မီးခိုးရောင်ဝတ်အဘိုးအိုတစ်ယောက်
ဖြစ်သည်။

အဘိုးအိုးအော်ရာက
ကြီးမားသောမြစ်တစ်စင်းကဲ့သို့
မပြတ်လွင့်ထွက်နေပြီး ပတ်ဝန်းကျင်ကို
ဖိနှိပ်နေသော်ငြားလည်း ၎င်းဟာ
သူတော်စင်တစ်ပိုင်းအဆင့် မဟုတ်ပေ။ အဆင့်
၉ သိုင်းကျောင်း တစ်ယောက်သာဖြစ်၏။

မီးခိုးရောင်ဝတ်အဘိုးအို၏ ဘေးနားမှာတော့
အစောပိုင်းက ထွက်ပြေးသွားခဲ့သည့်

အဘိုးအိုဟောင်မန် အပါအဝင် သိုင်းကျောင်း ၁၀ ယောက် ရှိနေပါသည်။

ကျန်လူအားလုံးကတော့ အဆင့် ၉ ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များသာ။

ယန်ယဲ့၏ မျက်လုံးထဲလည်း အံ့ဩမှု တစ်ချက် ထွက်ပေါ်လာသည်။ ဤမျှဝေးကွာသော တောင်ပိုင်းသမုဒ္ဒရာတွင် ဤကဲ့သို့အင်အားစုမျိုး ရှိနေလိမ့်မည်ဟု သူ မမျှော်လင့်ထားပေ။

"သူတော်စင်ရှင်းယွန်! သူတို့က ငါ့ကျွန်းပေါ်ကို
ကျူးကျော်လာတဲ့အပြင် မင်းကိုပါ
ရိုက်နှက်မယ်လို့ခြိမ်းခြောက်တယ်!"
အဘိုးအိုဟောင်မန်က
မကျေမချမ်းမျက်လုံးများဖြင့် ယန်ယဲ့ကို
ညွှန်ပြလိုက်သည်။

အဘိုးအိုက အေးစက်စွာ နှာခေါင်းရှုံ့ပြီး
သူ့အကြည့်ဟာ ချီဘူဖန်းကိုကျော်တက်ပြီး
ယန်ယဲ့အပေါ်ကျဆင်းသွား၏။

ယန်ယဲ့ကို မြင်သောအခါ အနည်းငယ်
အံ့အားသင့်သွားပြီး

နောက်တစ်ကြိမ်သတိထားကြည့်မိလိုက်သည်။ အဆုံးတွင် သူက တစ်စုံတစ်ခုကို အတည်ပြုလိုက်ပုံရပြီး လက်များပင် တုန်ယင်လာကာ မျက်လုံးထဲ အံ့အားသင့်မှုများထွက်ပေါ်လာခဲ့လေသည်။

"သူတို့ကိုသတ်! ငါတို့မဟာမိတ်ထဲက တစ်ယောက်ယောက်ကို တကယ်တိုက်ခိုက်ဖို့ သတ္တိရှိသလား။ သူတို့က တကယ်ကို သေလမ်းရှာတာဘဲ!"

"ဟမ့်! သိုင်းကေရာဇ် တစ်ယောက်နဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်လေးက ငါတို့ရဲ့နယ်မြေထဲကို ကျူးကျော်ရဲတယ်။ သူတို့အတွက် ဘာကောင်းလဲ ဆိုတာ တကယ်မသိပါဘူး။ ဟောင်မန်း၊ မင်းက ဒီလောက် အသုံးမကျဘူးလား။ မင်းရဲ့အဆင့် ၅ သိုင်းကေရာဇ်ခွန်အားနဲ့တောက် ချီးမြှောက်ခြင်းနယ်ပယ်ပုရွက်နဲ့ သိုင်းကေရာဇ်လေးတစ်ယောက်ကို ရင်မဆိုင်နိုင်ဘူး။"

"ခဏစောင့်ဦး။
အဲဒီအလင်းစက်ဝိုင်းထဲမှာရှိတဲ့လူက
အတော်လေးအားကောင်းတယ်လို့
ငါခံစားမိတယ်။ ငါတို့က ဘာအတွက်
ပူးပေါင်းပြီးမတိုက်ခိုက်ရမှာလဲ။
ဘယ်လိုပဲဖြစ်ဖြစ် ငါတို့မဟာမိတ်အဖွဲ့မှာ
အင်အားအလုံအလောက်မရှိသေးဘူးလေ။
ဒါပေမဲ့ ချီးမြှောက်ခြင်းနယ်ပယ်
ပုရွက်ဆိတ်ကတော့ ငါတို့က သူ့ကို
မလိုအပ်ဘူး။ ငါတို့ရဲ့
ကြယ်တိမ်မဟာမိတ်အဖွဲ့က
အင်အားတစ်ယောက်လျော့သွားရင်

ပင်လယ်မျိုးနွယ်က အပေါင်းအပါတွေကို ဖိနှိပ်ထားနိုင်မှာမဟုတ်တော့ဘူး။"

မီးခိုးရောင်ဝတ်အဘိုးအို၏ နောက်ကွယ်ရှိ ပညာရှင်များက သူတို့ခေါင်းဆောင် ဖြစ်ပျက်နေသည့်အမူအရာကို သတိမထားမိဘဲ ပြောချင်ရာစွတ်ပြောနေကြပါသည်။

ထို့အပြင် အချို့က ဆန်းကြယ်ချီစွမ်းအင်ကို စတင်ထုတ်ဖော်ကာ တိုက်ခိုက်ရန်ပင် ပြင်နေကြ၏။

အဘိုးအိုဟောင်မန်က ထိုစကားများကို ကြားသောအခါ မျက်နှာထက်တွင် ယုံကြည်မှုအပြည့်ဖြင့် ယန်ယဲ့ကို စိုက်ကြည့်ရင်း “ကလေး၊ အခုနတုန်းက အရမ်းမောက်မာနေတာမဟုတ်ဘူးလား။အခု ကော... ဘယ်လိုလဲ။ ဆက်ပြီးမလုပ်ချင်ဘူးလား။သောက်ရူးကောင် လေး! ဘာရပ်ကြည့်နေတာလဲ။ လာလေ....ထပ်လုပ်ပါဦးလား။"

ဖြောင်း!

မီးခိုးရောင်ဝတ်အဘိုးအိုက ရုတ်တရက်
တစ်ဖက်လှည့်၍ အဘိုးအိုဟောင်မန်ကို
ပါးဖြတ်ရိုက်ချလိုက်၏။

ဤရုတ်တရက် အခြေအနေကြောင့် အဘိုးအို၏
နောက်မှ ပညာရှင်များအားလုံးလည်း
ထိတ်လန့်သွားကြသည်။

အဘိုးအိုက ရှုံ့မဲ့နေသောမျက်နှာထက်ပင်
ပို၍ဆိုးရွားသည့် အပြုံးတစ်ခုကို
အတင်းကြိုးစားလုပ်ယူကာ ယန်ယဲ့ကို

စိုက်ကြည့်ရင်း “ဟုတ်တယ်…. မင်း…. မင်းက ယန်ယဲ့ မဟုတ်လား?"

ယန်ယဲ့….. ။

ထိုနာမည်ကို ကြားသည်နှင့် အဘိုးအိုဧ၏နောက်ကွယ်မှ ပညာရှင်များလည်း မျက်နှာများ ချက်ချင်းပင် ဖြူရော်သွားကာ သူတို့၏ မျက်လုံးထဲတွင် ထိတ်လန့်မှု ပေါ်လာသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ပြီး
"မင်းငါ့ကိုမှတ်မိနေတာလား"

ဒီစကားကိုကြားတော့ အဘိုးအို၏ အပြုံးက
ပိုလို့တောင် ဆိုးရွားလာခဲ့ပါသည်။ သူက
ယန်ယဲ့ကို ရုတ်တရက် ဦးညွတ်ပြီး
"ကြယ်တိမ်ဂိုဏ်းရဲ့အကြီးအကဲ လဲ့ဟီက
ဓားအင်ပါယာ ကို နှုတ်ဆက်ပါတယ်!"

"ဓားအင်ပါယာ!" အဘိုးအို၏ နောက်ကွယ်မှ
အခြားလူများ အားလုံးလည်း ကမန်းကတန်း

ဦးညွတ်ကာ လေးလေးစားစား
ပြောဆိုကြသည်။

"ကြယ်တိမ်ဂိုဏ်း?" ယန်ယဲ့သည်
ထိုဂိုဏ်းအကြောင်း တစ်ခါမျှပင်
မကြားဖူးသောကြောင့်
မျက်မှောင်ကြုတ်လိုက်သည်။

လဲ့ဟီက "ငါတို့ ကြယ်တိမ်ဂိုဏ်းက
ဗဟိုနယ်မြေရဲ့အဆင့် ၈ ဂိုဏ်းလေးတစ်ခုပါပဲ။
ဓားအင်ပါယာ
တံခါးပိတ်ကျင့်ကြံနေတဲ့အချိန်မှာ

တောင်ပိုင်းနယ်မြေကို ငါတို့သစ္စာခံဖို့

ကတိပြုခဲ့တယ်။ အဲဒီနောက်မှာတော့

ဗိုလ်ချုပ်တင်း က

ပင်လယ်မျိုးနွယ်စုတွေရဲ့အခြေအနေကို

စောင့်ကြည့်ဖို့ ငါတို့ကို

ဒီနေရာစေလွှတ်လိုက်တာ။

ပင်လယ်မျိုးနွယ်တွေက လွန်ခဲ့တဲ့

နှစ်ရက်အတွင်းမှာ

အတော်လေးထွက်ပြေးတာများနေတော့....

ငါတို့...."

"ဒါဆို မင်းက ဒီနေရာကို
မင်းပိုင်တယ်ဟုတ်လား" ယန်ယဲ့က
ဘာမှမထူးခြားစွာ ပြောလိုက်သည်။
အဘိုးအို၏ခန္ဓာကိုယ်က
အနည်းငယ်တုန်ခါသွားသည်။

ဤအခိုက်အတန့်တွင် အဝေးကနေ
သမုဒ္ဒရာလှိုင်းလုံးကြီးတစ်ခု ပြင်းထန်စွာ
တက်လာသည်။

ထို့နောက်တွင်
လူတစ်ပိုင်းငါးတစ်ပိုင်းခန္ဓာကိုယ်နှင့်
ထောင်ချီသောပင်လယ်မျိုးနွယ်များက

လေးကိုင်းများကို ဆွဲထားရင်း
တောင်ပိုင်းသမုဒ္ဒရာ၏ မျက်နှာပြင်အထက်သို့
ပေါ်လာကြသည်။

အဘိုးအို လဲ့ဟီ နှင့် သူ့နောက်ကွယ်ရှိ
ပညာရှင်များအားလုံးလည်း ဤမြင်ကွင်းကို
မြင်လိုက်သောအခါမျက်နှာများ ပို၍ပင်
ဖြူဖျော့သွားခဲ့သည်။

"အရှက်မရှိတဲ့လူသား! ငါ့ညီမလေးကို
ငါ့လက်ထဲပြန်အပ်လိုက်။ ဒါမှမဟုတ်ရင်
မင်းကိုသတ်ပစ်မယ်။ နတ်ဆိုးယန်က

ဗဟိုနယ်မြေကနေ ဒီကိုရောက်လာခဲ့ရင်တောင် ငါတို့မျိုးနွယ်က မင်းကို အသေသတ်မယ်။"

အတော်လေး ချောမောသော အမျိုးသားတစ်ဦးသည် အဖွဲ့ကို ဦးဆောင်ခဲ့သည်။

ဤအခိုက်တွင် သူ့မျက်နှာက အမျက်ဒေါသများ ဖုံးလွှမ်းနေပြီး သူ့နောက်မှ ရေသူမများနှင့် ရေသူထီးများလည်း ဒေါသထွက်နေကြသည်။

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၂ - ပုန်ကန်တာလား

"ဘာတွေဖြစ်နေတာလဲ?" ယန်ယဲ့က ထောင်ချီသော ရေသူမမျိုးနွယ်များကို တစ်ချက်ကြည့်ကာ မျက်မှောင်ကြုတ်ရင်း မေးလိုက်၏။

အဘိုးအို၏ နှုတ်ခမ်းများက တဆတ်ဆတ်
လှုပ်ယမ်းသွားသော်လည်း စကားတစ်ခွန်းမှ
မပြောနိုင်ပေ။

"ဘယ်လောက် မောက်မာနေကြသလဲ!"
အဘိုးအိုလဲ့ဟီက
ရေသူမမျိုးနွယ်ဝင်များဖက်ကို
လှည့်ရင်းအော်ငေါက်လိုက်သည်။ "
"ပင်လယ်မျိုးနွယ်တွေက
ငါ့တောင်ပိုင်းနယ်မြေကို
လက်အောက်ခံခဲ့ကြပေမယ့် မင်း ငါတို့ကို
တိုက်ခိုက်ဖို့ကြံစည်ရဲတယ်။ မင်းတို့

ပင်လယ်မျိုးနွယ်စုက

သေလမ်းရှာနေတာလား။"

စကားပြောနေရင်းဖြင့် သူညာလက်ဝါးကို

ဆန့်ထုတ်လိုက်ရာ ရေမလက်ဝါးကြီးတစ်ခုက

ရေသူမျိုးနွယ်ဝင်များအပေါ်

ကျဆင်းသွားသည်။

သို့သော် ထိုအချိန်တွင် အလင်းတန်းတစ်ခုက

ဖျတ်ခနဲတောက်ပလာပြီး ရေမလက်ဝါးကြီးကို

ခွဲထုတ်ပစ်လိုက်သည်။

အဘိုးအိုလဲ့ဟီ နှင့် အခြားသူများသည်လည်း အမူအရာများ ပြောင်းလဲသွားကာ ယန်ယဲ့ ကို အံ့အားသင့်စွာ စိုက်ကြည့်နေကြသည်။

သူတို့က ယခုအချိန်ထိ ယန်ယဲ့၏ အစစ်အမှန်ခွန်အားကို မမြင်တွေ့ဖူးသည့်တိုင် ဓားတစ်ချက်တည်းဖြင့် အဆင့် ၉ သိုင်းကျောဇ်၏ တိုက်ခိုက်မှုကို ဖျက်ဆီးလိုက်ခြင်းဟာ....။

"သူက အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်လေးပဲလေ။ ဘယ်လိုလုပ်ပြီး

ဒီလောက်သန့်မာနိုင်မှာလဲ?"ဤအခိုက်အတန့်တွင် လူတိုင်း မထိန်းနိုင်ဘဲ ခန္ဓာကိုယ်သား တုန်ယင်နေကြသည်။

သမုဒ္ဒရာမျက်နှာပြင်အထက်မှ ရေသူမမျိုးနွယ်ဝင်များလည်း ယန်ယဲ့ကို အံ့အားသင့်စွာ စိုက်ကြည့်နေကြ၏။

အခုလေးတင် သူတို့ လျစ်လျူရှုထားခဲ့သည့် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က ဤမျှကြောက်စရာကောင်းနေလိမ့်မည်ဟု မထင်ထားကြပေ။

"မင်းက သူတို့ကို နှုတ်ပိတ်ဖို့
ကြိုးစားနေတာလား။" ယန်ယဲ့က
ထိုစကားပြောလိုက်ရင်း လဲ့ဟီ ကို
စိုက်ကြည့်လိုက်သည်။
တစ်စုံတစ်ခုမှားနေကြောင်းခံစားမိလိုက်သဖြင့်
သူ့အသံက အနည်းငယ် အေးစက်နေပါသည်။

အဘိုးအိုလဲ့ဟီက နှလုံးသားတစ်ခုလုံး
တုန်ခါသွားပြီး "ငါ ဒီလိုမျိုး မလုပ်ရဲပါဘူး။ ဒီ
ပင်လယ်မျိုးနွယ်တွေက
မျိုးပွားနှုန်းအရမ်းမြင့်မားတယ်လေ။ ပြီးတော့

ပင်လယ်မျိုးနွယ်စုအတော်များများက

ငါတို့လူသားတွေကို

ရန်လိုမုန်းတီးနေတယ်ဆိုတာ

ဓားအင်ပါယာလည်း

သတိထားမိမယ်ထင်ပါတယ်။ ဒါ့အပြင်

ငါတို့တောင်ပိုင်းနယ်မြေရဲ့

ပညာရှင်အများအပြားလည်း ဒီနေရာမှာ

ခဏခဏအသတ်ခံရတယ်။ ပြီးတော့

ရေသူမမျိုးနွယ်က တောင်ပိုင်းနယ်မြေကို

အငြိုးထားပြီး ငါတို့လူတွေကို အမြဲလိုလို

အလစ်အငိုက်ဖမ်းပြီး

လုပ်ကြံသတ်ဖြတ်နေတာ။"

"လှဲ့ဟီ၊ မင်း လိမ်နေတာပဲ!"

ရေသူမမျိုးနွယ်အုပ်စုကို ဦးဆောင်လာသည့် လူငယ်က ဒေါသတကြီးပြောပြီး "ငါ့မျိုးနွယ်က လူသားမျိုးနွယ်ကို ရန်လိုပေမယ့် ငါတို့ပြောတဲ့အတိုင်း လုပ်ခဲ့တယ်။ ငါတို့ ပင်လယ်မျိုးနွယ်စုတွေရဲ့တော်ဝင်မိသားစုတွေ လက်နက်ချပြီးတဲ့နောက်မှာ တောင်ပိုင်းနယ်မြေကို သံတမန်စေလွှတ်ခဲ့တယ်။ ငါတို့က မင်းတို့အားလုံးကို မကာန့်ကွက်ဘူး။

ဒါပေမဲ့ မင်းတို့လူသားတွေက
အရှက်ကင်းမဲ့တဲ့အပြင် ငါတို့မျိုးနွယ်တွေကို
ကျွန်တွေလိုသဘောထားတယ်။
မင်းတို့အားလုံးက ငါတို့ရဲ့ရတနာတွေကို
လုယူတာတင်မကဘူး၊
မင်းတို့ရဲ့တပ်မက်မှုပြေဖို့အတွက်
ငါတို့မျိုးနွယ်ရဲ့မိန်းမပျိုတွေကို
ပြန်ပေးဆွဲတယ်။ ငါတို့ရဲ့ပင်လယ်မျိုးနွယ်ထဲက
အနည်းဆုံး အမျိုးသမီး ၁၀,၀၀၀ လောက်က
မင်းတို့အရှက်မရှိတဲ့ လူသားတွေလက်ထဲမှာ
သေဆုံးသွားခဲ့တယ်!”

"ဘာကိုအရှက်မဲ့သလို ပြောနေတာလဲ။ မင်းတို့ ပင်လယ်သူပုန်တွေအားလုံးကို ငါဖျက်ဆီးပစ်မယ်။” အဘိုးအိုလဲ့ဟီ ၏မျက်နှာက နီရဲသွားသည်။

သူ့ခန္ဓာကိုယ်ကနေ ဆန်းကြယ်ချီစွမ်းအင်ကိုထုတ်လွှတ်ပြီး လက်ကိုဝှေ့ယမ်းကာ တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော် ရုတ်တရက် ဓားချီကြိုးတစ်ချောင်းက သူ့အား ချက်ချင်းဖုံးလွှမ်းသွားသည်။

ခါးစိတ်ဆန္ဒက အလွန်အားကောင်းသော်လည်း
သုံ့တွက် သိပ်ပြီးကြောက်စရာမဟုတ်ပေ။
သို့ရာတွင် သူက ဆက်ပြီး
မတိုက်ခိုက်ဝံ့တော့ပါ။

ထို ကြောက်မက်ဖွယ်ရာ ခါးစိတ်ဆန္ဒက
ယန်ယဲ့ဆီကနေ ထွက်ပေါ်လာသောကြောင့်ပါ။

"ခါးအင်ပါယာ…." အဘိုးအိုလဲ့ဟီက
နှုတ်ခမ်းများ တွန့်ကွေးသွားကာ
သူ့မျက်ကလည်း အနည်းငယ်
ဖျော့တော့သွား၏။ ။ သို့သော် သူ့လက်ဝါးထဲရှိ

ဆန်းကြယ်ချီစွမ်းအင်ကို ပြန်သိမ်းခြင်းမရှိပေ။ ထိုအစား ပို၍ပင် အားကောင်းလာသည်။

ယန်ယွဲ့သည် အဘိုးအိုလဲ့ဟီ ကို အေးစက်စွာ ကြည့်လိုက်ပြီးနောက် ရေသူမမျိုးနွယ်စုမှ လူငယ်ကို စိုက်ကြည့်နေသည်။ သူက

“မင်းပြောသမျှ အမှန်ပဲလား”

ယန်ယွဲ့က

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်သာဖြစ်သော်ငြားလည်း ထိုလူငယ်က လစ်လျူမရှုဝံ့ပေ။

သူက အဘိုးအိုလဲ့ဟီ ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်
ပြင်းထန်စွာပြောခဲ့သည် "ဒါက
အမှန်မဟုတ်ဘူး၊ သူတို့လုပ်ခဲ့တာတွေက ၁၀
ဆ ပိုဆိုးတယ်။ သူတို့ နှစ်သက်တာမှန်သမျှ
ယူတယ်။ ရတနာပဲဖြစ်ဖြစ် လူပဲဖြစ်ဖြစ်
အားလုံးကို သိမ်းယူပြီး ခုခံရဲတဲ့သူကို
သတ်ပစ်ကြတယ်။ မရေမတွက်နိုင်တဲ့
ပင်လယ်မျိုးနွယ်စုတွေ သူတို့လက်ချက်နဲ့
အသတ်ခံလိုက်ရတယ်။"

ယန်ယဲ့က အဘိုးအိုလဲ့ဟီ နှင့် အဖွဲ့ကို စူးစူးရဲရဲစိုက်ကြည့်ပြီးနောက် သူ့အကြည့်က အဘိုးအိုဟောင်မန် ဆီသို့ ဆင်းသက်လာပြီး "သူ အမှန်အတိုင်းပြောနေတာလား"

“ငါ….” အဘိုးအိုဟောင်မန်က တုံ့ဆိုင်းနေချိန်တွင် အဘိုးအိုလဲ့ဟီ ကို စိုက်ကြည့်နေသည်။

ထိုအချိန်တွင် အလင်းတန်းတစ်ခု လင်းလက်လာပြီး သူ၏ ညာလက်တစ်ဖက်လုံး လေထဲသို့ ပျံတက်သွားသည်။

အဘိုးအိုလဲ့ဟီက မျက်ခွံများ တွန့်ကွေးသွားကာ သူ့မျက်လုံးနက်နက်ထဲမှာ ပြင်းထန်သော အလင်းတန်းများ ဖြတ်ပြေးသွားသည်။

ယန်ယဲ့လည်း ၎င်းကို သတိပြုမိလိုက်၏။

အဘိုးအို၏ နောက်တွင်ရပ်နေသည့် ပညာရှင်များလည်း အံ့အားသင့်သော အမူအရာများရှိနေကြသည်။

သူတို့ဟာ မကြာသေးခင်ကမှ ဗဟိုနယ်မြေကို သွေးနှင့်ဆေးကြောခဲ့သည့် ယန်ယဲ့၏ ဂုဏ်သတင်းကိုကောင်းကောင်းကြီး ကြားသိထားကြလေသည်။

သို့သော် သူတို့က လက်တွေ့မြင်လိုက်ချိန်တွင် ယန်ယဲ့၏ခွန်အားက ကောလဟာလများထက် အဆပေါင်းများစွာ ပို၍ကြောက်စရာကောင်းနေသည်ကို မြင်တွေ့လိုက်ရသည်။

ဤအခိုက်အတန့်တွင် ရေသူမမျိုးနွယ်စုဝင်များသည်လည်း ယန်ယဲ့၏ လုပ်ရပ်ကြောင့် ထိတ်လန့်သွားကြသည်။ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က အဆင့် ၅ သိုင်းကျောဇ်၏ လက်ကို

ဖြတ်တောက်ပစ်နိုင်မည်ဟု
မမျှော်လင့်ထားကြချေ။
ထို့အပြင် အဆင့် ၉ သိုင်းကျေရာဇ် ဖြစ်သည့်
လဲ့ဟီ ပင်လျှင် ဘာစကားသံမျှ ထွက်မလာရဲပါ။

"ဒီလူသားက ဘယ်လိုမျိုးအဆင့်အတန်းကို
ပိုင်ဆိုင်ထားတာများလဲ။"

အဘိုးအိုဟောင်မန်က
လက်တစ်ဖက်ဆုံးရှုံးသွားသောအခါ
အနည်းငယ်မျှ တုံ့ဆိုင်းမနေဝံ့တော့ပေ။
"သူပြောတာက

တော်တော်များများမှန်ပါတယ်။ ဒါပေမဲ့
ငါတို့သိမ်းယူလာတဲ့ ရတနာတွေနဲ့
အမျိုးသမီးအများစုကိုတော့
တောင်ပိုင်းနယ်မြေကို ပို့လိုက်ရတယ်….”

"တောင်ပိုင်းနယ်မြေ?" ယန်ယဲ့က
မျက်မှောင်ကြုတ်ပြီးပြောလိုက်သည်။ "ဒါဆို
မိန်းမပျိုတင်း က ဘာလို့မပြောတာလဲ။
တစ်ခုခုဖုံးကွယ်ထားတာများလား။"

အဘိုးအိုဟောင်မန်က အခြားစကား
မပြောရဲတော့ပေ။

လဲ့ဟီ၏ နောက်မှ လူတိုင်းလည်း
တိတ်ဆိတ်နေခဲ့သည်။

"မင်းတို့အားလုံး သေရမှာမကြောက်ဘူးလား"
ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားကာ သူ့ခန္ဓာကိုယ်ထဲကနေ
ဓားမြည်သံများအဆက်မပြတ်ထွက်ပေါ်လာပြီး
သူ့ညာလက်ထဲမှာ
ရှေးဟောင်းဓားအိမ်တစ်ခုပေါ်လာသည်။

ထိုအချိန်တွင် အဘိုးအိုလဲ့ဟီက ရုတ်တရက်
ပြောလာသည်။ “ဓားအင်ပါယာ၊
ရေသူမမျိုးနွယ်စုတွေက
အမှန်တိုင်းပြောနေတယ်ဆိုတာကို
ငါတို့ဝန်ခံပါတယ်။ ဒါပေမဲ့ ငါတို့က
တောင်ပိုင်းနယ်မြေကို ထိခိုက်စေတဲ့
ဘာတစ်ခုမှ မလုပ်ခဲ့ဘူးလို့ ငါအာမခံတယ်။

မင်းက စေတနာကောင်းတယ်၊ ဒါပေမဲ့
ပင်လယ်မျိုးနွယ်စုတွေပ လူသားမျိုးနွယ်ရဲ့
အစိတ်အပိုင်း မဟုတ်သလို
တခြားမျိုးနွယ်တွေက ရည်ရွယ်ချက်
မကောင်းထားမှာ သေချာပါတယ်။

ဓားအင်ပါယာက
ပင်လယ်မျိုးနွယ်တစ်ခုအတွက်နဲ့ ဘာလို့
ပြဿနာရှာတာလဲ။"

"မင်းအပေါ် ငါတို့ရဲ့သစ္စာစောင့်သိမှုဟာ
သံသယကင်းရှင်းတယ်လို့ ကျိန်ဆိုဝံ့တယ်။"
အဘိုးအိုလဲ့ဟီ၏ နောက်ကွယ်မှ
အခြားပညာရှင်များလည်း
အလျင်စလိုပြောလိုက်ကြသည်။

“ဒါ.....ဒါဆို မင်းက ဓားနတ်ဆိုးလို့ ခေါ်တဲ့
ယန်ယဲ့ ပဲ... မင်း......” ဤအခိုက်တွင်

ရေသူမမျိုးနွယ်၏ ခေါင်းဆောင်က
အံ့ဩထိတ်လန့်စွာဖြင့်
ရုတ်တရက်ပြောလာသည်။

သူသည် လူမိုက်မဟုတ်ပါ။ အဘိုးအိုလဲ့ဟီ နှင့်
သိုင်းဂေဟာ ၁၀ ယောက်လုံးက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ကို
အလွန်ကြောက်ရွံ့ကြသည်ကို ကောင်းစွာ
သတိပြုမိထား၏။

ထို့ကြောင့် အနီလူငယ်က
တောင်ပိုင်းနယ်မြေ၏ အရှင်သခင် ဖြစ်သည့်
ဓားနတ်ဆိုးယန်ယွဲ့
ပင်ဖြစ်နိုင်တော့သည်မဟုတ်သလော။

ထို့အပြင် ၎င်းကလွဲ၍ အခြားမည်သူမျှ ချီးမြှောက်ခြင်းနယ်ပယ်ဖြင့် သိုင်းကေရာဇ်၏ လက်ကိုဖြတ်တောက်ပစ်နိုင်မည်မဟုတ်ပေ။

ဤစကားကိုကြားသောအခါ
အခြားရေသူမမျိုးနွယ်ဝင်များ၏
အမူအရာများက
သိသိသာသာပြောင်းလဲသွားကြသည်။

သူတို့က ယန်ယွဲ့အား
ကြောက်မက်ဖွယ်ရန်သူနှင့်ရင်ဆိုင်နေရသကဲ့သို့
စူးစိုက်ကြည့်နေခဲ့သည်။

ယန်ယဲ့၏ ဂုဏ်သတင်းက တိုက်ကြီးတစ်ခုလုံး
ပြန့်နှံ့နေသော်ငြားလည်း အတော်လေး
ဆိုးရွားခဲ့သည်။အားလုံးက သူ့ကို
သွေးဆာရက်စက်သူဟုသာ
သတ်မှတ်ထားကြ၏။

ထို့ကြောင့် ထောင်ချီသော
ရေသူမမျိုးနွယ်ဝင်အားလုံး မျက်နှာများ
ဖြူဖျော့သွားပြီး ၎င်းတို့၏ မျိုးနွယ်စုတစ်ခုလုံး
ပျက်သုဉ်းသွားသည်ကို မြင်လိုက်ရသလိုပင်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး
“ကိုယ့်ကိုယ်ကို လူကောင်းတစ်ယောက်လို့
တစ်ခါမှ မယူဆဖူးပေမယ့် လူယုတ်မာလို့လည်း
မထင်ပါဘူး။ ဒါ့အပြင် ငါယန်ယဲ့က
လူမိုက်မဟုတ်ဘူး။ မင်းတို့အားလုံး
တောင်ပိုင်းနယ်မြေရဲ့နာမည်နဲ့ မလုပ်ရင် ငါနဲ့
ဘာမှ မဆိုင်ဘူး။ ဒါက မင်းတို့နဲ့
ပင်လယ်မျိုးနွယ်စုတွေ ကြားမှာပဲ ရှိလိမ့်မယ်။
ဒါပေမဲ့ မင်းတို့ကငါ့နာမည်နဲ့
တောင်ပိုင်းနယ်မြေရဲ့နာမည်ကို
အာဏာရှင်တွေအဖြစ်
အသုံးချခဲ့တယ်။မင်းတို့က

အကျိုးအမြတ်တွေရပေမဲ့
ငါနဲ့တောင်ပိုင်းနယ်မြေက အတော်လေး
ဂုဏ်သတင်းကျသွားပြီ။ ဘယ်လောက်တောင်
လူပါး၀လိုက်သလဲ"

ယန်ယဲ့က ထိုစကားပြောရင်း အဘိုးအိုလဲ့ဟီ
နှင့်အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါ့အပြင်
ပင်လယ်မျိုးနွယ်စုတွေက
ငါ့တောင်ပိုင်းနယ်မြေရဲ့အစိတ်အပိုင်းတစ်ခုလို့
ယူဆနိုင်တယ်။ ဟမ့်..... သူတို့ကို
ဒီလိုအနိုင်ကျင့်ဖို့ မင်းနောက်မှာ
ဘယ်သူရှိနေလို့လဲ။" ဤအခိုက်အတန့်တွင်

တင်းရှောက်ယောင် ပြောသမျှစကားတိုင်းက
အဓိပ္ပါယ်ရှိကြောင်း
သူသဘောပေါက်လိုက်သည်။
တောင်ပိုင်းနယ်မြေ၏ အခြေခံအုတ်မြစ်က
အားနည်းလွန်းသည်။ ထို့အပြင်
တောင်ပိုင်းနယ်မြေတွင် မရေမတွက်နိုင်သော
ကပ်ပါးကောင်များ ရှိနေသည်။
ဤကပ်ပါးကောင်များကို မဖယ်ရှားပါက
လူသားမျိုးနွယ်၊ ပင်လယ်မျိုးနွယ်စုများ၊
နတ်မိစ္ဆာမျိုးနွယ်နှင့်
ငရဲတစ္ဆေမျိုးနွယ်တို့အကြား

ကြီးမားသောပြဿနာများ
ပေါ်ပေါက်လာနိုင်သည်။

ထိုအချိန်တွင် တိုက်ကြီးတစ်ခုလုံးက အလိုလို
ပရမ်းပတာဖြစ်နေသောကြောင့်
မြင့်မြတ်နယ်မြေ နှင့် နယ်ခြားမိစ္ဆာများကို
မည်သို့တိုက်ခိုက်နိုင်ပါမည်နည်း။

သို့သော် အတွင်းရေးပဋိပက္ခက အင်အားသုံး၍
ဖြေရှင်းနိုင်သော အရာမဟုတ်ပေ။
ဒီအဖြစ်အပျက်ကို

ကောင်းကောင်းကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သ
ည်။

ယန်ယဲ့၏ စကားကို ကြားလိုက်ရာ
ရေသူမမျိုးနွယ်ဝင်များအားလုံး
သက်ပြင်းချလိုက်နိုင်သော်လည်း
သူတို့၏မျက်နှာများက
သတိနှင့်ဖုံးလွှမ်းနေဆဲဖြစ်သည်။

၇၈၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၃ - သတ်ဖြတ်ခြင်း

ယန်ယဲ့က အဘိုးအိုလဲ့ဟီ ကို စိုက်ကြည့်ပြီး တကယ်လို့ တောင်ပိုင်းနယ်မြေအတွက် တကယ်လုပ်ခဲ့ရင် မင်းတို့အားလုံးကို ငါ အပြစ်မတင်ပါဘူး။ ဒါပေမဲ့ မင်းမလုပ်ခဲ့ဘူးလေ။ မင်းလုပ်သမျှအရာတိုင်းက ကိုယ့်အတွက်ပဲလေ။

ဟား၊ ကြယ်တိမ်မဟာမိတ်။ တကယ်လို့ ငါသာ ဒီကိုမလာခဲ့ရင် တောင်ပိုင်းနယ်မြေ ဟာ တောင်ပိုင်း သမုဒ္ဒရာမှာ ဒီလိုမဟာမိတ်တွေ ရှိနေ တာကို ဘယ်တော့မှ သတိမထားမိမှာ သေချာတယ်။

ဒါ့အပြင် ဒီမဟာမိတ်အဖွဲ့ဝင်တွေက ငါ့တောင်ပိုင်းနယ်မြေရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိနေတယ်။ ငါ တကယ်သိချင်မိသား။

မင်းတို့အားလုံး မဟာမိတ်ဖွဲ့ပြီး ပင်လယ်မျိုးနွယ်စုတွေကို ပြောင်ပြောင်တင်းတင်း အနိုင်ကျင့်ဖို့ သည်းခြေကို ဘယ်ကရခဲ့တာလဲ။"

အဘိုးအိုလဲ့ဟီ က သူ့မျက်လုံးများ
မှေးကျဉ်းကာ  မျက်ခုံးများ တွဲကျနေပြီး
"မင်းတကယ်သိချင်တာလား?"

“ဟီးဟီး….” ထိုအတောအတွင်း
ယခုအချိန်အထိ နှုတ်ဆိတ်နေခဲ့သော
ချီဘူဖန်းက ရယ်မောရင်းဖြင့် "ယန်ယဲ့၊ သူက
မင်းကိုသတ်ဖို့ ရည်ရွယ်ချက်ကိုတောင်
ထုတ်ပြထားတာ။ ဟားဟား!"

ယန်ယဲ့က ချီဘူဖန်း၏ စကားကို ဂရုမစိုက်ပေ။

သူက အဘိုးအိုလဲ့ဟီ ကို စိုက်ကြည့်ရင်း

"ငါတကယ်သိချင်တယ်၊

ငါ့တောင်ပိုင်းနယ်မြေရဲ့မဟာမိတ်တွေကြားမှာ

မင်းကို ဒီလိုမျိုးတွေလုပ်ဖို့

ဘယ်အင်အားစုကများ သတ္တိရှိရှိ

ထောက်ပံ့ပေးထားသလဲဆိုတာ

အရမ်းသိချင်နေတယ်!"

အဘိုးအိုလဲ့ဟီက ချီဘူဖန်းကို တစ်ချက်

စိုက်ကြည့်လိုက်ပြီးနောက်

သူ့မျက်လုံးနက်နက်ထဲမှာ ပြင်းထန်သည့်

သတ်ဖြတ်ခြင်းစိတ်ဆန္ဒတစ်ခု ထွက်ပေါ်လာသည်။ ထို့နောက် သူက ယန်ယဲ့ ကိုကြည့်ကာ "ဓားအင်ပါယာ၊ မင်းက ငါတို့ကို အသေသတ်ခိုင်းနေတာလား!"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး အဘိုးအိုလဲ့ဟီ၏ နောက်မှ အခြားလူများကို ကြည့်လိုက်ပြီး "မင်းတို့အားလုံးကော။ မင်းတို့အားလုံး ငါ့ကို မပြောဘူးလား”

"ဟားဟား…။" အဘိုးအိုလဲ့ဟီက ရုတ်တရက် ရယ်မောလိုက်ပြီး "မင်း အရမ်းသိချင်နေမှတော့ ငါပြောပြမယ်။ ငါတို့က ဒီကနေရလာတဲ့ အရာအားလုံးကို တင်းကလန် ဆီ ပို့ပေးတယ်။ ဟုတ်တယ်၊ မင်းကိုပြောတာ မမှားဘူး။ မိန်းမပျိုတင်းရဲ့ တင်းကလန် ပဲ!"

"ရှောက်ယောင် က အဲလိုလုပ်မယ်ထင်သလား။"ယန်ယဲ့က အေးစက်သောလေသံဖြင့် ပြောသည်။

အဘိုးအိုလဲ့ဟိုက ခေါင်းညိတ်သည်။

"မှန်ပါတယ်။ မိန်းမပျိုတင်းက အဲလိုလုပ်တာမဟုတ်ပါဘူး။ ဒါပေမဲ့ သူမရဲ့ ကလန်ကရော......၊ မိန်းမပျိုတင်း ရှိနေလို့ တင်းကလန်က တောင်ပိုင်းနယ်မြေမှာ နံပါတ်တစ် မဟာကလန်ကြီးလို့ ယူဆနိုင်တယ်။ ပြီးတော့ မင်းအသက်ရှင်နေသရွေ့ တင်းကလန် ဟာဘယ်တော့မှ ပျက်စီးမှာမဟုတ်ဘူးလို့ တစ်ချိန်က ကတိပေးခဲ့ဖူးတဲ့အချက်နဲ့ အတူ။ စဉ်းစားကြည့်လေ... ဒါဆို ဘယ်သူကများ တင်းကလန်ကို ဆန့်ကျင်ရဲမှာလဲ။"

ယန်ယဲ့က ခဏလောက်

မျက်လုံးမှိတ်ထားလိုက်ပြီး "တင်းကလန် ကို

ငါဖြေရှင်းလိုက်မယ်။ ဒါဆို

မင်းတို့အားလုံးကော။ မင်းတို့တွေက

ပင်လယ်မျိုးနွယ်စုတွေကို လုယက်ပြီး

မဟာမိတ်အဖွဲ့အသစ်ထူထောင်တယ်။

တင်းကလန်က

ဒါတွေအကုန်လုံးရဲ့နောက်ကွယ်မှာ

ရှိနေတယ်လို့ မပြောနဲ့။"

"တင်းကလန်က အဓိကအရာတွေကိုကျ ရပြီး

ငါတို့အတွက် ကျန်တာတွေ မပေးနိုင်ဘူးလား?"

အဘိုးအိုလဲ့ဟီက အေးစက်စက်
ပြောလာပါသည်။

ယန်ယွဲ့က အေးစက်စက်လေသံဖြင့်
ရယ်မောလိုက်သည်။ "မင်းကြည့်ရတာ
ငါ့ကိုတောင် မလေးစားသလိုပဲ!"

အဘိုးအိုလဲ့ဟီ၏ မျက်လုံးများက
ရက်စက်ကြမ်းကြုတ်သော အလင်းရောင်များ
တောက်ပလာပြီး "မင်းရဲ့ဆရာသာမရှိရင်
မင်းကိုယ်မင်းဘယ်သူထင်လို့လဲ။ မင်းက

အဆင့်ကျော်ပြီး ငါတို့ကို တိုက်ခိုက်နိုင်မယ်လို့
မင်းတကယ်ထင်နေတာလား။
ဒီလူတွေအားလုံးက မင်းရဲ့ဆရာဖြစ်တဲ့
သူတော်စင်တစ်ပိုင်းအဆင့်ကို
ကြောက်နေလို့ပဲ။

ဒါပေမဲ့ ဒီနေရာက တောင်ပိုင်းနယ်မြေကနေ
ကီလိုမီတာ ၁၀၀,၀၀၀ ကျော်ဝေးတယ်။
မင်းရဲ့ဆရာ သူတော်စင်တစ်ပိုင်းအဆင့်ရဲ့
စိတ်အာရုံအသိက ဒီလောက်အကွာအဝေးကို
လွှမ်းခြုံနိုင်တယ်ဆိုတာ ငါမယုံဘူး။
ယန်ယွဲ့၊ တစ်စုံတစ်ယောက်ကို
အပြစ်တင်ချင်ရင်အသိဉာဏ်မရှိတဲ့

မင်းကိုယ်မင်းပဲအပြစ်တင်လိုက်။ ဘာလို့လဲ ဆိုတော့ ဒါဟာ မင်း သေရတာရဲ့ အကြောင်းရင်းပဲ”

"မင်းငါ့ကိုသတ်ရင် ငါ့ဆရာရဲ့ဒေါသကို မကြောက်ဘူးလား" ယန်ယဲ့က ဘာမှမသိနားမလည်ပုံဖြင့် ပြောလိုက်ပါသည်။

"ဟားဟား....။ မင်းရဲ့ဆရာ ဒေါသထွက်ပြီး လိုက်ရှာမယ်ဆိုရင်တော့ ငါ့အစစ်အမှန်ပုံစံကို ဖုံးကွယ်ပြီး ပုန်းအောင်းနေမယ်!"

အဘိုးအိုလဲ့ဟီက မျက်နှာပေါ်တွင်
ကြီးကျယ်သည့် အမူအရာဖြင့်
ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး အဘိုးအိုလဲ့ဟီ၏
နောက်ကွယ်မှ လူတိုင်း ကို စိုက်ကြည့်ရင်း
"မင်းတို့အားလုံးကော။

အားလုံး ချီတုံချတုံ ဖြစ်နေကြသည်။

ထိုအချိန်တွင် အဘိုးအိုလဲ့ဟီက

ရုတ်ချည်းပြောခဲ့သည် "လူတိုင်း၊ သူက ငါတို့ကို

သတ်ဖို့ ပြတ်ပြတ်သားသား ကြံစည်နေတာ။

သူလုပ်ပုံကိုင်ပုံနဲ့ဆို ငါတို့ အသက်ရှင်ဖို့

အခွင့်အလမ်းရှိမယ် ထင်လား။”

"လုပ်လိုက်ကြရအောင်!"

အဘိုးအိုလဲ့ဟီ၏

စကားကိုကြားလိုက်သောအခါတွင်

သူတို့အားလုံး မတုံ့ဆိုင်းတော့ပေ။

တဖျပ်ဖျပ်တောက်ပလာကာ ယန်ယဲ့ နှင့်
ချီဘူဖန်းကို အဖက်ဖက်ကနေ
ဝိုင်းရံလိုက်ကြသည်။

အဖွဲ့ထဲတွင် သိုင်းကျောင် ၁၀
ယောက်ရှိနေပေသည်။

"အရင်တုန်းက ငါတော်တော်လေး
ချီတုံချတုံဖြစ်နေသေးတာ။ ဒါပေမဲ့ အခုအဲဒါကို
မလိုအပ်တော့ဘူး!" ထိုစကားပြောပြီးသည်နှင့်

တပြိုင်နက် သူ့လက်ကို ဝှေ့ယမ်းလိုက်ရာ ဖိနှိပ်ရေးကျောက်တုံး ပေါ်လာသည်။

ဖိနှိပ်ရေးကျောက်တုံးက ထူးဆန်းသည့် စွမ်းအင်တစ်ခုကို ထုတ်လွှတ်ကာ ၎င်းတို့အပေါ် လွှမ်းခြုံလိုက်ပြီး ကျင့်ကြံမှုကို ဖိနှိပ်လိုက်ပါသည်။

ထို့နောက်တွင်တော့ သိုင်းကျောင်းများက အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်သို့ တိုက်ရိုက် ကျဆင်းသွားတော့၏။

လူတိုင်း ရုတ်တရက် အပြောင်းအလဲကြောင့် အံ့သြတုန်လှုပ်သွားကြသည်။

သူတို့က ယန်ယဲ့ကို ရင်ဆိုင်ဝံ့သည့် အကြောင်းရင်းမှာ အဖွဲ့ထဲတွင် သိုင်းကျောဇ် ၁၀ ယောက် ရှိနေသောကြောင့်ပါ။

ယခုအချိန်တွင်မူ သူတို့ပိုင်ဆိုင်သည့်အရာက ယန်ယဲ့

ထက်အရေအတွက်ပိုများနေခြင်းသာလျှင်။

အဘိုးအိုလဲ့ဟီ၏ အမူအရာသည်လည်း ဆိုးရွားသွားသည် "လူတိုင်း၊ သူတို့က ၂ ယောက်ပဲ ရှိတယ်။ဒါပေမဲ့ ငါတို့ထဲက အများကြီးပဲ။ ငါတို့က သူ့ကို ကြောက်ရမှာလား။

သူ့ကိုသတ်ပြီး သူ့လက်ထဲက ရတနာကို သိမ်းယူလိုက်ရအောင်။

ဒါဆို ငါတို့က သူတော်စင်တစ်ပိုင်းအဆင့်နဲ့ ရင်ဆိုင်ရတဲ့အခါ ကိုယ့်ကိုကိုယ်တောင် ကာကွယ်နိုင်မှာသေချာတယ်!"
အဘိုးအိုလဲ့ဟီက ဦးဆောင်ပြီး

စကားပြောနေရင်းဖြင့် ယန်ယဲ့ကို တိုက်ခိုက်လိုက်ပါသည်။

သူ့နောက်ရှိ လူတိုင်းကလည်း အဘိုအိုလဲ့ဟီက ဉာဏ်ကောင်းသည်ဟု ခံစားမိကာ ယန်ယဲ့ကို တိုက်ခိုက်လိုက်ကြလေသည်။

မှန်ပါသည်။ ထိုထက်ပို၍ အရေးကြီးသည့်အရာက ယခုအချိန်တွင် အားလုံး လွတ်မြောက်ရန် လမ်းမရှိတော့လို့ပါ။

“ဟေး....၊ ဒါက မင်းနဲ့ သူတို့ကြားမှာ။ ဒါ ငါ့ကိစ္စမဟုတ်ဘူး!” ချီဘူဖန်းက ယန်ယဲ့ ဖက်ကို

လှည့်ကြည့်လိုက်ပြီး ဝင်ရောက်စွက်ဖက်ရန် ဆန္ဒမရှိပုံပါ။

ချီဘူဖန်းကိုလည်း မည်သူမျှ ဂရုမစိုက်ကြပေ။ လူတိုင်း၏ အကြည့်များက ယန်ယဲ့ အပေါ်သာ ကျဆင်းသွားခဲ့သည်။ ယန်ယဲ့ အသက်ရှင်နေသရွေ့ သေမည့်သူဟာ သူတို့အားလုံး ဖြစ်သည်မဟုတ်ပါလား။

"သူတို့ကိုသတ်! အဲဒီလူကို ကာကွယ်ပါ!" ရေသူမကလန်၏ တပ်ဖွဲ့များကို

ဦးဆောင်လာသည့် လူငယ်လေးက
ခဏတာတုံ့ဆိုင်းနေပြီးမှ ဆုံးဖြတ်ချက်ချကာ
အော်ဟစ်လိုက်သည်။

အကယ်၍ ယန်ယဲ့ သေဆုံးသွားလျှင်
ရေသူမကလန် တစ်ခုလုံး
ပျက်သုဉ်းသွားမည်ဖြစ်ကြောင်း ကောင်းစွာ
သိထား၏။

ထို့အပြင် ရေသူမကလန်သာမကဘဲ အခြား
ပင်လယ်မျိုးနွယ်စုများပင်
ပျက်စီးသွားနိုင်ပေသည်။

ယန်ယဲ့ အသက်ရှင်နေမှသာ သူတို့အားလုံး ရှင်သန်ရန် မျှော်လင့်နိုင်ပါသည်။

သို့သော် ရေသူမကာလန်၏ စစ်တပ်က လှုပ်ရှားရန်ပြင်လိုက်ချိန်တွင် ဓားသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဓားချီအလင်းတန်းများက
ကောင်းကင်ထက်ကနေ အလျားလိုက်၊
ဒေါင်လိုက် အဆက်မပြတ်
ထွက်ပေါ်လာပြီးနောက်

လူသေအလောင်းများက မြေပြင်ပေါ်
တဝုန်းဝုန်း ပြိုလဲကျသွား၏။

တစ်ခဏလေးအတွင်း သိုင်းကျောင်း ၅
ယောက်သာ ကျန်တော့သည်။

ထို သိုင်းကျောင်း ၅ ယောက်လုံးက
အဖွဲ့ထဲတွင် အဘိုးအိုလဲ့ဟီ ကလွဲ၍
အစွမ်းထက်ဆုံးပညာရှင်များဖြစ်သည်။

ကျန်လူများကတော့
ဓားချိကြိုးတစ်ချောင်းစီဖြင့်
အသတ်ခံလိုက်ရ၏။

ထောင်ချီသော ရေသူမကလန်၏
အဖွဲ့ဝင်များလည်း အံ့သြသွားကြသည်။ "သူက
တကယ်ပဲ ချီးမြှောက်ခြင်းနယ်ပယ် မှာလား။"

ဤအခိုက်အတန့်တွင် သူတို့က နာမည်ကျော်
ဓားနတ်ဆိုးယန် က
မည်မျှထိတ်လန့်စရာကောင်းသည်ကို
သိရှိလိုက်ကြသည်။

ကျန်တဲ့ ပညာရှင် ၅ ယောက်က
မတိုက်ခိုက်တော့ပေ။

သူတို့က ယန်ယဲ့အား ဘီလူးသရဲတစ်ကောင်ကို
ကြည့်နေသကဲ့သို့ ငေးကြည့်နေကြပြီး
မျက်နှာတွင်လည်း
ကြောက်ရွံ့မှုအရိပ်အယောင်များ
ဖုံးလွှမ်းသွားကြသည်။

အဆင့် ၉ သိုင်းကေရာဇ် ဖြစ်သည့် လဲ့ဟီက
ယန်ယဲ့၏ တိုက်ခိုက်မှုကို မခုခံနိုင်ဘဲ
ခေါင်းပြတ်ထွက်သွားရသည်။

အဘိုးအိုလဲ့ဟီက အဆင့် ၉

ချိုးမြှောက်ခြင်းနယ်ပယ်ထိ

ဖိနှိပ်ခံထားရသည့်တိုင် ၎င်းက အဆင့် ၉

သိုင်းကျော်ဇော် တစ်ဦး ဖြစ်နေဆဲပင်

မဟုတ်ပါလား။

သို့သော် ထိုသို့သောပညာရှင်က ယန်ယဲ့၏

ဓားတစ်ချက်ကိုပင် မခုခံနိုင်ခဲ့ချေ။

ထိုမြင်ကွင်းကြောင့် သူတို့အားလုံး

အလွန်တုန်လှုပ်သွားကြသည်။

ရုတ်တရက် သိုင်းကျောင်း ၅ ယောက်ထဲရှိ တစ်ယောက်က

အလင်းတန်းတစ်ခုအဖြစ်ပြောင်း၍ အဝေးကို ထွက်ပြေးသွားလိုက်သည်။

သို့သော် ယန်ယွဲ၏ ဓားကနေ သူ့ထက်ပင် ပိုမြန်သည့် အလင်းတန်းတစ်ခု လင်းလက်သွားကာ အနီသိုင်းကျောင်း၏ ရင်ဘတ်ကို ဖောက်ဝင်သွားခဲ့သည်။

ထို့နောက်တွင် သိုင်းကျောင်း တစ်ယောက်က ခန္ဓာကိုယ်တစ်ခုလုံး ပေါက်ကွဲကာ သွေးမြူများဖြစ်သွားပါတော့သည်။

အခြားသော သိုင်းကေရာဇ် ၄ ယောက်လည်း ထွက်ပြေးရန် ပြင်နေချိန် ထိုမြင်ကွင်းကြောင့် ၎င်းတို့၏ ခန္ဓာကိုယ်များ ချက်ချင်းပင် တောင့်တင်းသွားခဲ့သည်။

သူတို့ထဲက တစ်ယောက်က ယန်ယွဲ့ကို ရုတ်တရက် ဦးညွှတ်ကာ "ဆားအင်ပါယာ၊ ငါတို့အမှားတွေကို နားလည်ပါပြီ။ ကျေးဇူးပြုပြီး ငါတို့ကို နှမြောပါ။"

အခြားသူများကလည်း "ငါတို့ရဲ့အမှားတွေကို နားလည်ပြီ။ ကျေးဇူးပြုလို့ ငါတို့ကို သနားညှာတာပါ!"

ဤအချိန်မှာ သူတို့က မတိုက်ခိုက်ဝံ့တော့ပေ။
လွတ်မြောက်ရန်
အခွင့်အရေးလည်းမရှိသာကြောင့်
စွန့်စားရန်ကလွဲ၍ ရွေးချယ်စရာမရှိပါ။
ထိုမှသာ သူတို့အားလုံး အသက်ရှင်သန်ရန်
အခွင့်အလမ်းရှိပေလိမ့်မည်။

ယန်ယဲ့သည် ဖိနှိပ်ရေးကျောက်တုံးကို
ဖယ်လိုက်ပြီး
အဆင့်လွန်စွမ်းအင်ကျောက်တုံးတစ်ဒါဇင်

ကျော်ကို ထုတ်ယူကာ အထဲမှ
ဝိညာဉ်စွမ်းအင်များကို စတင်စုပ်ယူလိုက်သည်။
ဖိနှိပ်ရေးကျောက်တုံးက ကြောက်မက်ဖွယ်ရာ
ရတနာတစ်ခုဖြစ်သော်လည်း ၎င်းဟာ
ဆန်းကြယ်ချီစွမ်းအင် ကို ကြီးကြီးမားမား
ကုန်ဆုံးစေသည်။

ယန်ယဲ့က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး
"မင်းတို့အားလုံး ခုနတုန်းကသာ ဒီပုံစံအတိုင်း
လုပ်ခဲ့မယ်ဆိုရင် ငါမင်းတို့ကို သေချာပေါက်
နှမြောမိလိမ့်မယ်။ အခုချိန်မှာတော့

အသက်ရှင်ဖို့အတွက် ဒီပုံစံအတိုင်းလုပ်ရတာ နည်းနည်းနောက်ကျသွားပြီ။”

"အာ!! ယန်ယဲ့၊ မင်း ငါတို့ကို လွှတ်ဖို့ ငြင်းပယ်မှတော့ မင်းကို ငါတို့နဲ့အတူ ဆွဲခေါ်သွားမယ်။" သူတို့အားလုံး လွတ်မြောက်ရန်မဖြစ်နိုင်တော့ကြောင်း သိလိုက်သောအခါ တစ်ယောက်က သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကို အကန့်အသတ်ပို့လိုက်ကာ ကိုယ့်ကိုယ်ကို ဖောက်ခွဲရန် ပြင်လိုက်သည်။

တစ်ချိန်တည်းတွင် ၎င်း၏ ခန္ဓာကိုယ်က
ကိုယ်ဝန် ၁၀ လရှိနေသကဲ့သို့
သူ့အစာအိမ်တစ်ခုလုံး ချက်ချင်း
ဖောင်းကားလာပါသည်။

အခြားသော သိုင်းကေရာဇ် ၃
ယောက်ကလည်း ကိုယ့်ကိုယ်ကို မဖောက်ခွဲခင်
ခဏတာတုံ့ဆိုင်းသွားကြသည်။

မှန်သည်။ အားလုံးက
လွတ်မြောက်ရန်လမ်းမရှိတော့သည်ကို

သိလိုက်သောကြောင့် ကိုယ့်ကိုယ်ကို
ဖောက်ခွဲလိုက်ကြခြင်းသာ။

သို့သော် ကံဆိုးစွာပဲ၊ သူတို့၏
အမြင်အာရုံထက်ပင် မြန်ဆန်နေသည့်
အလင်းတန်းတစ်ခု လင်းလက်သွားသည်။
တစ်ချိန်တည်းမှာပင် ကိုယ့်ကိုယ်ကို
ဖောက်ခွဲချိန်ပင် မရလိုက်ပဲ
သူတို့၏ခေါင်းများက လေထဲသို့
ပျံတက်သွားကြလေတော့သည်။

ထိုမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိ ရေသူမကလန်၏ ထောင်ချီသော တပ်ဖွဲ့ဝင်များ အားလုံး အံ့သြသွားကြသည်။

"သူတို့ ဘယ်လိုများ အသတ်ခံခဲ့ရတာလဲ။"

၇၈၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၄ - နဝမမြောက်ခန်းမသခင်

ရေခဲကေရီ

ယန်ယဲ့သည် အလင်း၏အမြန်နှုန်း
နှင့်ပေါင်းစပ်၍ တိုက်ခိုက်လိုက်ခြင်းဖြစ်ရာ
၎င်းတို့ကိုမပြောနှင့် သိုင်းကျောဓ် ၄
ယောက်လုံးပင်လျှင် မည်သို့သေဆုံးခဲ့သည်ကို
မသိခဲ့ကြပေ။

ဓားချက်က အရှိန်မြန်လွန်းသဖြင့်
သူ့လှုပ်ရှားမှုကို မည်သူမျှ
လုံးဝသတိမထားမိနိုင်လောက်အောင်ပါ။

"ဘယ်လောက်တောင်မြန်လိုက်တဲ့ ဓားချက်လဲ!" ချီဘူဖန်းက မျက်လုံးထဲမှာ လေးနက်မှုအရိပ်အယောင်များ ပေါ်လာပြီး ပြောလိုက်သည်။

ကြယ်တိမ်မဟာမိတ်အဖွဲ့ကို ရှင်းလင်းပြီးနောက် ယန်ယဲ့ နှင့် ချီဘူဖန်း က ရေသူမကလန်၏ အဖွဲ့ဝင်များကို အနီးအနားရှိ ကျွန်းတစ်ကျွန်းသို့ ပို့ဆောင်ခဲ့ကြသည်။ ကျွန်းပေါ်တွင် နန်းတော်ကြီးတစ်ခု ရှိနေသည်။

ယန်ယွဲ့သည် ၎င်းကို မြင်သောအခါ
မျက်လုံးထဲ၌ ပြင်းထန်သော
သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ
တောက်ပလာသည်။

ထိုနန်းတော်ကြီးက
မြင့်မြတ်သောဟန်အင်ပါယာ၏
တော်ဝင်နန်းတော်ထက်ပင်
ကြီးကျယ်ခမ်းနားနေသောကြောင့်ပါ။

နန်းတော်ထဲသို့ ဝင်လာကြပြီးနောက်
ခန်းမတစ်ဝိုက်တွင် သံမဏိလှောင်အိမ်များစွာ
ထားရှိသည်ကို သတိပြုမိလိုက်၏။

လှောင်အိမ်များထဲတွင် အရှက်ကာရုံမျှသာ
ဖုံးအုပ်ထားသည့် အမျိုးသမီးများသာ
ရှိနေသည်ကို ထပ်မံတိပြုမိလိုက်ပါသည်။
အမျိုးသမီးအချို့က
အသက်ရှင်နေသေးသော်လည်း အများစုမှာ
သေဆုံးသွားကြသည်။

"ငါ အခုအချိန်မှာ လူတချို့ကို သတ်သင့်ပြီ!"
ချီဘူဖန်း၏ အသံက နန်းတော်ကြီးထဲရှိ
အခြေအနေကို စိုက်ကြည့်ရင်း
သတ်ဖြတ်လိုစိတ်ဖြင့် ပြည့်နှက်နေသည်။

ယန်ယဲ့သည်လည်း မျက်လုံးထဲ၌
သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ ပြည့်နှက်နေ၏။

သူသည် လူကောင်းမဟုတ်သော်ငြားလည်း၊
ဤအခိုက်အတန့်တွင် ပြဿနာက
မည်မျှပြင်းထန်သည်ကို နားလည်ခဲ့သည်။

ယခုအချိန်တွင် လူသားမျိုးနွယ်က
တိုက်ကြီးတစ်ခုလုံးအား အုပ်စိုးနေသည်ဖြစ်ရာ
လူသားများ၏ မွေးရာပါ လောဘသည်
ကျိန်းသေပေါက် ထွက်ပေါ်လာခဲ့ပုံပင်။

ထိုသို့ဖြစ်လာသည်နှင့်တစ်ပြိုင်နက်
လူသားမျိုးနွယ်က အခြားမျိုးနွယ်ဝင်များကို
အနိုင်ကျင့်ညှဉ်းပမ်းနှိပ်စက်ကြ၏။

သို့သော် အနည်းငယ်သောအမှားက
တိုက်ကြီးတစ်ခုလုံး အတွင်းရေးပဋိပက္ခများ
ဖြစ်လာစေနိုင်သည်။

သူတို့က အသက်ရှင်နေသေးသော
အမျိုးသမီးများကို ကယ်ဆယ်ပြီးနောက်

နန်းတော်ထဲသို့ ဆက်၍ လျှောက်ဝင်သွားကာ
ခန်းမကျယ်ကြီးတစ်ခုထဲသို့ ရောက်ရှိလာခဲ့၏။
ထို့နောက် ခန်းမထဲရှိ မြင်ကွင်းကြောင့်
အကြီးအကျယ် တုန်လှုပ်သွားကြတော့သည်။

ခန်းမကြီးက မီတာ ၁၀၀ ကျော်ကျယ်ဝန်းသော
သွေးနီရောင်သန္တာကျောက်တန်းကြီးဆီသို့
လက်နှစ်ဖက်ဖြင့် တင်းတင်းဆုပ်ကိုင်ထားသည့်
သဏ္ဌာန်တည်ဆောက်ထားကာ အမျိုးမျိုးသော
ပုလဲများ၊ ပင်လယ်ရတနာများစွာဖြင့်
ပြည့်နှက်နေသည်။

“ဒီခွေးသားတွေက ပင်လယ်မျိုးနွယ်စုတွေရဲ့ ရတနာတွေအားလုံးကို လုယက်ထားတာလား” ချီဘူဖန်း က ရုတ်တရက် မေးလိုက်သည်။

ရေသူမကလန်၏ ခေါင်းဆောင်လူငယ်က “သူတို့မြင်သမျှ အကုန်ယူတယ်။ ပြီးတော့ လစဉ် လတိုင်း ရတနာနဲ့ မိန်းမတွေကိုတောင် ပေးရမယ်။ တကယ်လို့ ပင်လယ်မျိုးနွယ်စုတစ်ခုက အဖိုးတန်ရတနာ ဒါမှမဟုတ် မိန်းမလှတွေအလုံအလောက်

မပေးနိုင်ရင် သူတို့က အကြောင်းပြချက်တွေနဲ့ အဲဒီမျိုးနွယ်စုကို ဖျက်ဆီးပစ်ကြတယ်။"

"မင်းတို့ ပင်လယ်မျိုးနွယ်စုတွေက သူတော်စင်တစ်ပိုင်းအဆင့် ဆုံးရှုံးသွားပေမယ့် သိုင်းကျောင်းတွေကော့ ပိုင်ဆိုင်ထားတယ် မဟုတ်ဘူးလား" ချီဘူဖန်းက သိချင်စိတ်ဖြင့် မေးနေလေသည်။ "မင်းတို့အားလုံး ဒီလိုအနိုင်ကျင့်ခံနေရတာကို ဘာလို့ ခံနိုင်ရည်ရှိမှာလဲ"

လူငယ်က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး

“အခုအချိန်မှာ လူသားမျိုးနွယ်က

တိုက်ကြီးတစ်ခုလုံးကို စိုးမိုးထားပြီလေ။

ပြီးတော့ သူတို့မှာ သူတော်စင်တစ်ပိုင်းအဆင့်

၄ ပါးနဲ့ အဆင့် ၉ သိုင်းကျော်တွေ

အများကြီး ပိုင်ဆိုင်ထားတယ်။

ဒီတော့ ငါတို့ ပင်လယ်မျိုးနွယ်စုတွေက

ဘာများလုပ်နိုင်ဦးမှာလဲ။ လူသားမျိုးနွယ်ကို

စော်ကားရင် ဘာဖြစ်မလဲ။ ငါတို့တွေ

အကုန်လုံးပျက်စီးမှာမဟုတ်ဘူးလား။

ဓားတစ်ချက်တည်းနဲ့… ..ဓားအင်ပါယာက

ငါတို့ကို ချေမှုန်းပစ်မယ် လို့

တစ်ခါပြောဖူးတယ်။
ငါတို့တောင်ပိုင်းနယ်မြေကို လုံးဝ
မစော်ကားရဲဘူး။ အဲဒါကို
ဆင်ခြေအဖြစ်သုံးမှာကို ငါတို့ကြောက်တယ်…
”

ချီဘူဖန်းက တဟားဟားရယ်ပြီး ယန်ယဲ့ကို
စိုက်ကြည့်ကာ "ဒီရာဇဝတ်မှုတွေကို
မင်းလုပ်နေတာပဲ!"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး

"ဒီအရာတွေအားလုံးကို

ငါတကယ်စဉ်းစားမိသင့်တယ်။ အခု

ဒီရတနာတွေကို သက်ဆိုင်ရာ

ပင်လယ်မျိုးနွယ်စုတွေထံ ပြန်ပို့လိုက်ပါ။

ပင်လယ်မျိုးနွယ်စုတွေအတွက်....

မဟုတ်သေးဘူး၊

ပင်လယ်မျိုးနွယ်စုတွေတင်မဟုတ်ဘူး၊

ငရဲတစ္ဆေမျိုးနွယ် နဲ့

နတ်မိစ္ဆာမျိုးနွယ်တွေအတွက် ငါကိုယ်တိုင်

စည်းမျဉ်းတစ်ခုထုတ်ပေးလိုက်မယ်။

အနာဂတ်မှာ ပင်လယ်မျိုးနွယ်စုတွေ၊

ငရဲတစ္ဆေမျိုးနွယ် ဒါမှမဟုတ် နတ်မိစ္ဆာမျိုးနွယ်

ပဲဖြစ်ဖြစ် တိုက်ကြီးတစ်ခုလုံးက

မျိုးနွယ်စုတွေအားလုံးကို

တန်းတူအခွင့်အရေးပေးမယ်ဆိုတာပဲ။

ဒါ့အပြင် ဒီလိုအဖြစ်အပျက်မျိုး

နောက်ထပ်ဘယ်တော့မှ

ထပ်ဖြစ်မလာတော့ဘူးလို့

ငါယန်ယွဲ့အာမခံတယ်။”

"တကယ်လား!?" လူငယ်လေးက အလွန်စိတ်လှုပ်ရှားနေပြီး သူ့အသံဟာ အနည်းငယ် တုန်ခါသွားသည် ။

ပင်လယ်မျိုးနွယ်စုကြီးတစ်ခုလုံး လူသားမျိုးနွယ်ကို လက်နက်ချပြီးနောက် သူတို့၏ အနာဂတ်ဟာ သူတို့အတွက် ယုတ်ညံ့လာသည်ဟု ခံစားခဲ့ရသည်။

လူသားများက မွေးရာပါ လောဘကြီးခြင်းကြောင့် ၎င်းတို့ထံ လက်နက်ချသည့်တိုင် စစ်မှန်သောငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို

လုံးဝရရှိနိုင်မည်မဟုတ်ပေ။ ထိုယူဆချက်
မှန်ကန်ကြောင်း သက်သေပြခဲ့သည်။

သို့သော်လည်း ယန်ယဲ့က အနာဂတ်တွင်
မျိုးနွယ်စုအားလုံး တန်းတူညီတူဖြစ်မည်ဟု
ကတိပေးခဲ့၏။

ထိုအခြေအနေက ပင်လယ်မျိုးနွယ်များအတွက်
မယုံကြည်နိုင်လောက်အောင်ပါ။

ထိုကတိစကား အခြားဆီကသာ ထွက်လာပါက
မည်သူမျှ ယုံမည်မဟုတ်ချေ။

သို့သော် ကတိစကားပြောခဲ့သူက ယန်ယဲ့ဖြစ်သည်။

ယန်ယဲ့ဟာ ၎င်းတို့ ယုံကြည်နိုင်သည့် အကြောင်းပြချက်ရှိနေပေသည်။

အဘယ်ကြောင့်ဆိုသော် အနီယန်ယဲ့က တိုက်ကြီးတစ်ခုလုံးတွင် အကြီးမားဆုံး အာဏာကို ချုပ်ကိုင်ထားသည်။
တစ်နည်းဆိုရသော် ယန်ယဲ့က တိုက်ကြီး၏ အရှင်သခင် ဖြစ်နေသောကြောင့်ပါ။

"ငါကတိတည်ပါတယ်!" ယန်ယွဲ့က တည်ငြိမ်စွာပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်!" ထိုအချိန်တွင် တစ်ဖက်မှ အားပျော့သော အသံတစ်ခု ရုတ်တရက် ထွက်ပေါ်လာပြီးနောက် ရောမပင်လယ်ရေလှိုင်းလုံးကြီးတစ်ခုပေါ်လာပြီး နှစ်ခြမ်းကွဲသွား၏။

ထို့နောက် အထဲကနေ လူတစ်ပိုင်းငါးတစ်ပိုင်းခန္ဓာကိုယ်နှင့် အမျိုးသမီးတစ်ဦးက ၎င်းတို့ရှေ့တွင် ပေါ်လာသည်။

ထိုအမျိုးသမီးက အလွန်လှပ၏။ သူမတွင် တြိဂံပြောင်းပြန် မျက်နှာ၊ ကွေးညွတ်နေသော မျက်ခုံး၊မျက်လုံးများ၊ နက်ပြာရောင် အသားအရေနှင့် နက်ပြာရောင် ဆံပင်ရှည်များပိုင်ဆိုင်ထားသည်။

သူမပိုင်ဆိုင်သည့် အထူးခြားဆုံးသော အရာက သူမ၏ခါးဖြစ်သည်။ သူမ၏ခါးက လက်မောင်းကို နှစ်ပါတ်နီးပါးရစ်ပတ်နိုင်သည်ထိ သေးသွယ်လှသည်။

"အစ်မ!" လူငယ်လေးက ထိတ်လန့်သွားပြီး အမျိုးသမီးထံသို့ အလျင်အမြန် ပြေးသွားကာ သူမကို ဖေးမလိုက်သည်။ သူက “သူတို့… မဟုတ်ဘူး…”

သူမက ခေါင်းယမ်းပြီး “ဘာကြောင့်မှန်းမသိတဲ့ အကြောင်းတစ်ခုခုကြောင့် အဖမ်းခံရပြီး သူတို့အားလုံး ထွက်သွားခဲ့တယ်” ဟုဆိုသည်။

ထိုစကားပြောရင်း အမျိုးသမီးက ယန်ယဲ့ ကို စိုက်ကြည့်ကာ “ အဲဒါ နင့် ကြောင့်ဖြစ်နိုင်တယ်။

ကျေးဇူးတင်ပါတယ်။ နှင်သာ
ခြေလှမ်းနည်းနည်းနောက်ကျရင် ငါ့ကံကြမ္မာက
လုံးဝခြားနားသွားနိုင်တယ်!”

ယန်ယဲ့က ခေါင်းညိတ်ပြလိုက်သည်။ "အခု
မင်းအဆင်ပြေနေတာဆိုတော့
ဝမ်းသာပါတယ်!"

အမျိုးသမီးက ယန်ယဲ့ကို စိုက်ကြည့်ကာ
ရုတ်တရက် “ဓားအင်ပါယာက ဒီရတနာတွေကို

နှစ်သက်မှာ မဟုတ်ဘူးလို့ ငါ ထင်ပါတယ်။
အစ်ကိုကြီးယန်၊ ရေဝိညာဉ် ကိုယူလိုက်ပါ!"

ရေဝိညာဉ်...။ ရေသူမကာလန်၏
အဖွဲ့ဝင်အားလုံး အမူအရာများ
ပြောင်းလဲသွားကာ အဖွဲ့ကို ဦးဆောင်သည့်
လူငယ်လေးက ဒေါသထွက်နေပြီး "ချန်းလန်!
မင်းက ...." ရေဝိညာဉ်က ရေသူမကာလန်၏
အန္တိမရတနာဖြစ်သည်။
သို့သော် သူ့အစ်မဖြစ်သူက ၎င်းကို ယန်ယဲ့
လက်ထဲ ပေးနေ၏။

ချန်းလန် ဟုခေါ်သော အမျိုးသမီးက

“လူငယ်သခင်ယန် အပေါ်မှာ

အကြွေးတင်နေတာက ငါတို့ရေသူမကလန်

တင်မဟုတ်ဘူး၊

ပင်လယ်မျိုးနွယ်စုတွေအကုန်လုံးပါတယ်။

ရေဝိညာဉ်က ရေသူမကလန်ရဲ့

အန္တိမရတနာဖြစ်ပေမဲ့

ငါတို့မျိုးနွယ်စုရှိနေသမျှကာလပတ်လုံး

နောက်တစ်ခု ထပ်ဖန်တီးလို့ရသေးတယ်။

ဒီကို ယူလာခဲ့!” ထိုစကားပြောပြီးသွားသည်နှင့်

သူမ၏ အသံက အနည်းငယ်တင်းမာလာသည်။

လူငယ်က ခဏကြာထိ တုံ့ဆိုင်းနေလေသည်။ ချန်းလန်က ရုတ်တရက် အနည်းငယ် ဒေါသထွက်လာသည်ကို မြင်လိုက်ရသော် သူက တွန့်ဆုတ်မနေတော့ပါ။ သက်ပြင်းကို တိုးတိုးလေးချကာ ပျောက်ကွယ်သွားသည်။

တစ်ချိန်တည်းမှာပဲ ချီဘူဖန်းက ရုတ်တရက် ပြောလိုက်သည်။ "မင်းက ဒီ ရေဝိညာဉ်ကို အသုံးချတာ တကယ် ညာဏ်ကောင်းတယ်။ ဒီနေ့ကစပြီး ရေသူမကလန် ကို ဘယ်သူမှ အနိုင်ကျင့်ရဲမှာမဟုတ်တော့ဘူး။ အဆုံးမှာ

ရေသူမကလန်က ဒီအလဲအလှယ်ကနေ ပိုပြီး အကျိုးအမြတ်ရလိုက်တာပဲ။"

အမျိုးသမီးက ချီဘူဖန်း ကို တစ်ချက်ကြည့်လိုက်ပြီး "ရေသူမကလန်က အရမ်းအားနည်းတယ်၊ အဲဒါနဲ့ ပတ်သက်ပြီး ဘာမှလုပ်လို့မရဘူး။ ကျေးဇူးပြုပြီး ငါတို့ရဲ့အားနည်းချက်ကို ခွင့်လွှတ်ပါ သခင်လေး!”

"အဲဒါ မလိုအပ်ဘူး!" တစ်ချိန်တည်းမှာပဲ
ယန်ယဲ့က အပြုံးနှင့် ပြောလိုက်ပါသည်။
"ငါယန်ယဲ့ ပေးထားတဲ့ကတိကို လိုက်နာတယ်"

အမျိုးသမီးက ပြုံးပြီး ဆက်ပြောသည်။ "
ရေဝိညာဉ်က ငါတို့ရေသူမကလန်ရဲ့
ဘိုးဘေးအဆက်ဆက်က သူတို့ရဲ့
မျက်ရည်တွေကနေ
စိမ့်ထွက်လာတာကိုစုစည်းထားတာ။
မခန့်မှန်းနိုင်တဲ့ စွမ်းအင်တွေ ပါဝင်နေပါတယ်။
လူငယ်သခင်လေးယန် က အဆင့် ၉
ချိုးမြှောက်ခြင်းနယ်ပယ် မှာဆိုတော့

ရေဝိညာဉ်က နင့်ကို သိုင်းကျောင်းအဆင့်
တက်နိုင်အောင် ကူညီပေးနိုင်လိမ့်မယ်!”

ထိုအချိန်တွင် လူငယ်က ပြန်ရောက်လာပြီး
"အလယ်အလတ်စွမ်းရည်ပဲရှိတဲ့
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တောင်
ရေဝိညာဉ်ကို ဝါးမြိုလိုက်တာနဲ့
သိုင်းကျောင်းအဆင့် ကို
ချက်ချင်းရောက်သွားလိမ့်မယ်။
လူငယ်သခင်ယန်၊ မင်းရဲ့သဘာဝစွမ်းရည်တွေ၊
ခွန်အားတွေနဲ့ဆိုရင် ဒါကိုအသုံးပြုလိုက်တာနဲ့
မင်းမထင်ထားတဲ့

အကျိုးကျေးဇူးတွေရနိုင်တယ်။"
ထိုစကားပြောလိုက်ရင်း
သူ့လက်ကိုဖြေလျော့လိုက်ရာ
လက်သီးစုပ်အရွယ်
သလင်းကျောက်ကဲ့သို့ကြည်လင်နေသည့်
ရေဘောလုံးတစ်လုံးက ယန်ယဲ့ ထံ
ပျံသန်းသွားသည်။

"ဒါက ငါ့ကို သိုင်းကေရာဇ်အဆင့် တက်ဖို့
ကူညီပေးနိုင်တာလား။" ယန်ယဲ့က
အံ့အားသင့်စွာဖြင့်မေးလိုက်လေသည်။

"ဒါပေါ့!" လူငယ်က
ယုံကြည်မှုအပြည့်လေသံဖြင့် ပြန်ဖြေခဲ့သည်။

ယန်ယဲ့က ခဏတုံ့ဆိုင်းသွားပြီး "ဒါဆို
ကျေးဇူးတင်ပါတယ်!"
ထို့နောက် ရေဘောလုံးကို
သိုလှောင်လက်စွပ်ထဲ ထည့်သိမ်းလိုက်သည်။

တဖန် သူက "ပင်လယ်မျိုးနွယ်စုတွေနဲ့
ပတ်သက်တဲ့ ကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းဖို့
တစ်ယောက်ယောက်ကို ငါခိုင်းလိုက်မယ်။

စိတ်မပူပါနဲ့၊ သူမ
ကောင်းကောင်းဖြေရှင်းနိုင်မှာပါ!"

ထိုစကားပြောပြီးသည်နှင့် ချီဘူဖန်းကို
အချက်ပြကာ ခန်းမထဲကနေ
လှည့်ထွက်လာခဲ့သည်။

ယန်ယဲ့ ပျောက်ကွယ်သွားသည့်နေရာကို
ငေးကြည့်ရင်း ချန်းလန် ဟုခေါ်သော
ရေသူမလေးက
အတွေးများပျောက်နေပုံရသည်။

တစ်ချိန်တည်းမှာပင် သူမ၏
နီထွေးသောနှုတ်ခမ်းပါးပါးများက အနည်းငယ်
ကွဲအာသွားကာ
တိုးတိုးလေးရေရွတ်လိုက်သည်။ "ငရဲခန်းမ ၁၀
ခုရဲ့နဝမြောက်ခန်းမသခင် ရေခဲကေရီက
ဒီကြင်နာမှုကို သေချာပေါက်
အမှတ်ရနေမှာပါ။"

ဟီးဟီး။ မေ့နေတာ😁
အားလုံး တောင်းပန်ပါတယ်နော်
🙏🙏🙏

၇၈၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၅ - သူမက ပုံမှန်မဟုတ်ဘူး

"ဒီမိန်းမက သာမာန်မဟုတ်ဘူး!" ချီဘူဖန်းက ခန်းမထဲမှ ထွက်လာပြီးနောက် ရုတ်ချည်းပြောခဲ့သည် "သူမဆီကနေ အရမ်းကြောက်စရာကောင်းတဲ့ ရေခဲချီကို

ငါကောင်းကောင်းကြီး ခံစားမိလိုက်တယ်။
ငါ့ပင်ကိုယ်အသိစိတ်က အဲဒီအမျိုးသမီးဟာ
အားနည်းတဲ့သူမဟုတ်ဘူးလို့ ပြောနေတယ်။"

"ဒါဆို မင်း သူ့ကို
ဘာလို့မသတ်တာလဲ"ယန်ယဲ့က
မေးလိုက်သည်။

ချီဘူဖန်းက "ငါတို့မှာ ဘာမှလုပ်စရာမရှိဘူးလို့
မင်းထင်နေလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

"မင်းမှန်တယ်။ သူမက သာမန်ပဲဖြစ်ဖြစ် အစွမ်းထက်ပညာရှင်ပဲဖြစ်ဖြစ် ငါတို့အတွက် ဘာမှကွာခြားမသွားဘူး။ လက်ရှိမှာ ငါတို့က မြင့်မြတ်နယ်မြေကို သွားဖို့ပဲ အဓိကထားရမယ်။"

ချီဘူဖန်း က ရုတ်တရက်ပြောသည်။

"တကယ်တော့ မင်းဘာလို့ မြင့်မြတ်နယ်မြေကို သွားဖို့ရည်ရွယ်ထားတာလဲဆိုတာ ငါမသိသေးဘူး။ မင်းအဲဒီကို သတ်ဖို့ မသွားဘူးဆိုတာ ရှင်းရှင်းလင်းလင်း

သိနေရင်တောင် ဒါမှမဟုတ်
မင်းသိတရင်တောင်
ဘယ်လောက်သတ်နိုင်မလဲ။ ဒါပေမဲ့
မင်းမသတ်ရင် ဘာလို့သွားတာလဲ"

"တစ်ခုခုရဖို့အတွက် လမ်းမှာ လူတချို့ကို
သတ်ပစ်ရဦးမှာလေ။" ယန်ယွဲ့က
ပြန်ဖြေလိုက်သည်။

အလင်းစက်ဝိုင်း ပြန့်ကျဲသွားပြီးနောက်
ချီဘူဖန်းက ယန်ယွဲ့ကို လက်မထောင်ပြပြီး

"မင်းက လေလွင့်နေပုံရပေမဲ့ ငါ သဘောကျနေတုန်းပဲ။ အဲဒါကို ထည့်မစဉ်းစားဘဲနဲ့ဆိုရင်လည်း မင်း မြင့်မြတ်နယ်မြေမှာ အသတ်ခံရရင် မင်းကို ငါ သေချာပေါက် သင်္ဂြိုဟ်ပေးမယ်”

"ငါလည်း မင်းအသတ်ခံရရင် ကောင်းကောင်းလေး သင်္ဂြိုဟ်ပေးမယ်!"

"ငါကမသေနိုင်ဘူး။ ဟားဟား!"

ယန်ယဲ့က စကားမပြောနိုင်ပေ။ အတော်လေး
အံ့အားသင့်နေသောကြောင့်ပါ။

ယန်ယဲ့က တင်းရှောက်ယောင် ထံ
စာတစ်စောင်ရေးပြီး ရေသူမကလန်ကို
ကူညီပေးရန် တောင်းဆိုလိုက်ပါသည်။
ဤအဖြစ်အပျက်က သူ့ကို
အတော်လေးတုန်လှုပ်သွားစေသည်။
သူဟာ မည်သည့်မျိုးနွယ်စုကိုမျှ
မထိမဲ့မြင်မပြုခဲ့ပေ။

မည်သို့ပင်ဖြစ်စေ လူသားမျိုးနွယ်၊
နတ်ဆိုးမျိုးနွယ်၊ ငရဲတစ္ဆေမျိုးနွယ် နှင့်
ပင်လယ်မျိုးနွယ်တို့က အချင်းချင်း အလွန်
ရန်လို ကြသည်။

လူသားမျိုးနွယ်၏ လက်ရှိအင်အားက
အခြားမျိုးနွယ်စုကြီး ၃ ခုကို
အသာလေးဖိနှိပ်နိုင်သော်ငြားလည်း
တိုက်ကြီးကို ပဋိပက္ခစစ်ပွဲများ
ဖြစ်ပွားလာစေနိုင်သည်။

သူက ထိုသို့သောကိစ္စများကို
ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိပေ။
သို့တည်းမဟုတ် ၎င်းကို ကိုင်တွယ်ရန်
စိတ်မဝင်စားဘူးဟု ဆိုနိုင်သည်။
သို့သော် တင်းရှောက်ယောင် က ၎င်းကို
ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်လိမ့်မည်ဟု
သူယုံကြည်ခဲ့သည်။

ထို့အပြင် ဤအဖြစ်အပျက်နှင့် ပတ်သက်၍
တင်းကလန်၏ အခြေအနေကိုပါ
ထည့်သွင်းရှင်းပြလိုက်သည်။

ထိုကိစ္စကို မည်သို့မည်ပုံ ဖြေရှင်းမည်ကိုတော့
တင်းရှောက်ယောင် ကိုယ်တိုင်သာ
ဆုံးဖြတ်နိုင်သည်။

သို့ရာတွင် တင်းရှောက်ယောင်က သူ့ကို
စိတ်ပျက်စေမည်မဟုတ်ဟု
ယုံကြည်ထားသည်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့ နှင့် ချီဘူဖန်း
တို့နှစ်ယောက်လုံး ကျွန်းတစ်ကျွန်းပေါ် ရှိ

စက်ဝိုင်းပုံသဏ္ဍာန်ပလက်ဖောင်းတစ်ခုရှေ့သို့ ရောက်လာကြသည်။

စက်ဝိုင်းပုံသဏ္ဍာန်ပတ်လမ်းက အမြင့် မီတာ ၆၀ ကျော်နှင့် အကျယ် မီတာ ၃၀၀ နီးပါး ရှိပြီး ၎င်းပေါ်တွင် အပြာရောင် အလင်းတန်းတစ်ခု ရှိနေသည် ။

ယန်ယဲ့သည် အပြာရောင်အလင်းစက်ဝိုင်းကို မြင်သည်နှင့် ချက်ချင်း မှတ်မိလိုက်၏။ ၎င်းက ပေါ်တယ်တစ်ခုဖြစ်သည်။

"အဲဒီကိုတက်ပြီးရင် ငါတို့က မြင့်မြတ်နယ်မြေကို ချက်ချင်းရောက်သွားလိမ့်မယ်။ အဲဒါက ဆန်းကြယ်တိုက်ကြီး နဲ့ လုံးဝမတူတဲ့ ကမ္ဘာတစ်ခုပဲ။ သိပ်သည်းတဲ့ ဝိညာဉ်ချီတွေ၊ ထိပ်ဆုံးရောက်ပါရမီရှင်တွေနဲ့ မရေမတွက်နိုင်တဲ့ ပညာရှင်တွေ ရှိနေတယ်။

အခု ငါတို့က အဲဒီကိုသွားဖို့ လွယ်ပေမယ့် အပြန်ကျရင် အရမ်းခက်လိမ့်မယ်။ ဘာလို့လဲဆိုတော့ သူတို့သာ ငါတို့ကို သတိထားမိသွားတာနဲ့ အဆင့်မြင့်ပညာရှင်တွေ အများကြီးစေလွှတ်ပြီး

ထွက်ပေါက်ကိုစောင့်ပိတ်ထားမှာပဲ။"
ချီဘူဖန်းက ပြောလိုက်သည်။

ယန်ယဲ့က ချီဘူဖန်းကို စိုက်ကြည့်ကာ "ဘာလဲ။
မင်း အခု ကြောက်နေပြီလား။"

"ငါ့ကို လှည့်စားဖို့ မကြိုးစားနဲ့!" ချီဘူဖန်းက
"ငါတို့အဲဒီကိုရောက်တာနဲ့
ငါတို့ရင်ဆိုင်ရမယ့်အခြေအနေအကြောင်း
မင်းကိုပြောပြဖို့ကြိုးစားနေတာ!"

ယန်ယဲ့က "ငါတို့ တိုက်ကြီးမှာ ဆက်နေမယ်ဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် ထိပ်ဆုံးမှာရှိနေမယ်။ မြင့်မြတ်နယ်မြေကို သွားမှပဲ အခြေအနေတွေကို ပြောင်းပြန်လှန်နိုင်မှာလေ။ ဒါ့အပြင် မင်းတို့လို နယ်ခြားမိစ္ဆာတွေ က ထွက်လာတော့မယ်။ မင်း အဲဒီမှာ မတိုက်ခိုက်ချင်ဘူးလား"

"ဒါက သေချာပေါက် ကြောက်စရာကောင်းတဲ့ တိုက်ပွဲဖြစ်လာမှာ!" ချီဘူဖန်းက လေးနက်သောအသံဖြင့် ပြောလိုက်သည်။

"မင်းကမသေနိုင်ဘူးလေ။
ဒါကဘာကြောက်စရာရှိလဲ!" ယန်ယဲ့က
ခပ်လျော့လျော့ မေးလိုက်၏။

ချီဘူဖန်းက ခေါင်းခါလိုက်ပြီး "မင်း
နားမလည်ဘူး။ ငါတို့က မသေနိုင်ပေမဲ့
အားနည်းသွားတဲ့အခါ
နှစ်ပေါင်းများစွာတိုင်အောင် အိပ်စက်နေရမှာ။
လွန်ခဲ့တဲ့နှစ်တွေမှာ ငါတို့က
အပြင်းအထန်ဒဏ်ရာရပြီး
နတ်ဆိုးအကျဉ်းထောင်ထဲမှာ အကုန်လုံး
အိပ်စက်နေကြတာလေ။ ဒါကြောင့်ပဲ ငါတို့ကို

နတ်ဆိုးအကျဉ်းထောင်ထဲမှာ

ချိတ်ပိတ်နိုင်ခဲ့တာ။

ဒီတစ်ခါလည်း ငါတို့ဘယ်နှစ်ယောက်များ

ထပ်ပြီး အိပ်စက်သွားရမလဲလို့ တွေးမိတယ်။

ပြီးတော့ ငါတို့က နောက်တစ်ကြိမ်

အိပ်စက်သွားရပြီဆိုရင်

ထာဝရပြန်ပြီးနိုးထမလာနိုင်တော့ဘူး။"

"ဘာကြောင့်လဲ?" ယန်ယဲ့က မေးလိုက်သည်။

ချီဘူဖန်းက "ဒီကမ္ဘာကြီး

ပျက်စီးလုနီးပါးဖြစ်နေပြီ။

ကမ္ဘာကြီးပျက်စီးတာနဲ့ ဒီကမ္ဘာရဲ့
တာအိုဥပဒေသတွေက
ပရမ်းပတာဖြစ်သွားလိမ့်မယ်။ အဲဒီအချိန်မှာ
ငါတို့လို မသေနိုင်တဲ့ခန္ဓာကိုယ်တွေတောင်
အသုံးမဝင်တော့ဘူး။ ကောင်းကင်ပြင်ပရဲ့
အင်အားစုတွေက ငါတို့ကို ဒီမှာ ချိတ်ပိတ်ပြီး
ဒီကမ္ဘာရဲ့မူလခရမ်းရောင်စွမ်းအင်ကို
ထုတ်ယူရတဲ့ အကြောင်းရင်းက ဒီကမ္ဘာကြီးကို
ဖျက်ဆီးပစ်ချင်ကြလို့ပဲ။ ဒီလိုနည်းနဲ့
ကမ္ဘာကြီးက ငါတို့ကို
ထာဝရပိတ်လှောင်သွားလိမ့်မယ်။”

"ဘယ်လောက်တောင် ဝမ်းနည်းစရာ ကံကြမ္မာလဲ!" ယန်ယဲ့က သက်ပြင်းချကာ ပြောလိုက်သည်။

ချီဘူဖန်းက အေးစက်စွာ အော်ဟစ်လိုက်ပြီး "ဟော့ကောင်၊ မင်းရဲ့ကံကြမ္မာက ဝမ်းနည်းစရာမဟုတ်ဘူးလို့ ထင်နေတာလား။ မင်းတို့ကမ္ဘာရဲ့လူတွေအားလုံး မွေးလာကတည်းက အကျဉ်းထောင်ထဲမှာ ပိတ်လှောင်ခံထားရတာလေ။ ပြီးတော့ အားလုံး ဒီအကျဉ်းထောင်ထဲမှာပဲ တစ်သက်လုံးနေရင်းနဲ့ သေသွားနိုင်တယ်။”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

“မှန်တယ်၊ ငါတို့ရဲ့ကံကြမ္မာက တကယ်ကို ဝမ်းနည်းစရာပဲ။ အတိတ်တုန်းက မရေမတွက်နိုင်တဲ့ ပညာရှင်တွေဟာ ငါတို့ထက်စောပေမဲ့မသေသင့်သေးဘူး။ ဒါပေမဲ့ ဒီကမ္ဘာမှာ မူလခရမ်းရောင်စွမ်းအင်မရှိတော့ဘူး၊ ကောင်းကင်ပြင်ပရဲ့မူလခရမ်းရောင်စွမ်းအင်ပဲ ကျန်တော့တယ်။ အဲဒါကလည်း ကောင်းကင်လမ်းကို ချိတ်ပိတ်ထားလို့ ငါတို့ ဘယ်လိုမှ မရနိုင်ဘူး။"

ယန်ယဲ့သည့် ဆေဘာဓားဂိုဏ်း၏
တာအိုသခင်ဇွီ ကို ပြန်ပြီး အမှတ်ရလိုက်သည်။
တာအိုသခင်ဇွီ၏ ခွန်အားက လက်ရှိခေတ်
တိုက်ကြီးမှာ ထိပ်တန်းအဆင့်ဖြစ်သည်။
သို့သော်လည်း ၎င်းက ကောင်းကင်လမ်းကို
ဖြတ်ကျော်နိုင်စွမ်းမရှိဘဲ သေဆုံးသွားခဲ့ရသည်။

တာအိုသခင်ဇွီ အပြင် သိုင်းသူတော်စင်
ဖြစ်သည့် အကြီးအကဲမှူ နှင့်
အခြားပညာရှင်များစွာရှိနေသော်ငြားလည်း

ကောင်းကင်လမ်းက ပိတ်လှောင်ထားပြီး
သက်တမ်း တဖြည်းဖြည်း
လျော့ကျသွားသည်ကိုသာ ကြည့်နေနိုင်သည်။

“မြင့်မြတ်နယ်မြေနဲ့ ကောင်းကင်ပြင်ပရဲ့
အင်အားစုတွေက သေသင့်တယ်။" ချီဘူဖန်းက
တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်၏။
"သေသင့်တဲ့လူတွေမဟုတ်ဘူး၊
အားနည်းတဲ့သူတွေက သေသင့်တာ။"

ထို့နောက် ယန်ယဲ့က တင်ပျဉ်ခွေထိုင်ကာ အဆင့်လွန်စွမ်းအင်ကျောက်တုံး တစ်ဒါဇင်ခန့်ကို ထုတ်ယူပြီး ဝိညာဉ်ချီကို စုပ်ယူနေလိုက်သည်။

"မင်းဘာလုပ်နေတာလဲ?" ချီဘူဖန်းက ယန်ယဲ့ ဖက်ကို လှည့်ကြည့်ကာ မေးလေသည်။

ယန်ယဲ့က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဟိုဖက်ခြမ်းမှာ သူတော်စင်တစ်ပိုင်းအဆင့်

ရှိတယ်လို့ မင်းပြောတာမဟုတ်ဘူးလား။ ဒါဆို ငါတို့ အဲဒီကိုမသွားခင် ငါတို့ရဲ့အကောင်းဆုံးအခြေအနေတွေကို ပြန်မယူသင့်ဘူးလား၊ ဒါမှမဟုတ် အဲဒီကိုရောက်တာနဲ့ ငါတို့အသက်ကိုစွန့်ရမှာလား။"

ချီဘူဖန်းက အံ့အားသင့်သွားပြီး သူ့ခေါင်းကို ညိတ်လိုက်သည်။ "ဒါက အဓိပ္ပါယ်ရှိတာပဲ!" ထိုစကားပြောပြီး တင်ပျဉ်ခွေထိုင်လိုက်ကာ ရတ်တရက် တစ်စုံတစ်ခုကို သတိရသွားပြီး

ဆက်ပြောလိုက်သည်။ "ဟေး…အဲဒီ
စွမ်းအင်ကျောက်တုံး ၂ လုံးလောက် ပေးဦး။"

ယန်ယဲ့က ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး
"မင်းမှာ စွမ်းအင်ကျောက်တုံးတွေတောင်
မရှိဘူးလား"

"တချို့ယူလာဖို့ မေ့သွားတယ်…" ချီဘူဖန်းက
"စိတ်မပူပါနဲ့၊ အဲဒါက
အဆင့်လွန်စွမ်းအင်ကျောက်တုံးတချို့ပဲ
ရှိတာမဟုတ်လား။ ငါ

ရာနည်းနည်းလောက်လုယက်ပြီး နောင်မှာ

မင်းကို ပြန်ပေးမယ်။”

၇၈၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၆ - ဒါက တစ်ယောက်တည်း

မဟုတ်ဘူးလား?

ယန်ယဲ့၏ ပါးစပ်ထောင့်က

တဆတ်ဆတ်တုန်လာကာ

စွမ်းအင်ကျောက်တုံးတစ်ဒါဇင်ကျော်ကို

ချီဘူဖန်း ထံ ပစ်လွှတ်လိုက်ပြီး

"ရာနည်းနည်းရှိတဲ့

စွမ်းအင်ကျောက်တုံးတွေနော်။ မှတ်ထား။ မင်း

ကတိမတည်ရင် ငါမင်းကို နှိမ့်ချမယ်!"

ချီဘူဖန်းက ဒီစကားကြောင့် အတော်လေး

အခံရခက်သွား၏။

လေးနာရီနီးပါးကြာ ကျင့်ကြံနေပြီးနောက်
သူတို့နှစ်ဦးစလုံးသည် အထွတ်အထိပ်သို့
ပြန်လည်ကောင်းမွန်လာခဲ့သည်။

"သွားရအောင်!"ယန်ယဲ့၏ ပုံရိပ်က
စက်ဝိုင်းပတ်လမ်း ပေါ်တယ်ထက်သို့
ပျံတက်သွားသည်။ ချီဘူဖန်းလည်း
သူ့နောက်တွင် ချက်ချင်းရောက်လာသည်။

စင်မြင့်ပေါ်မှ ပြိုးပြိုးပြက်ပြက်လက်နေသော
အပြာရောင်အလင်းတန်းများ ရုတ်တရက်

ထွက်ပေါ်လာပြီးနောက် နှစ်ယောက်စလုံး နေရာတွင် ပျောက်ကွယ်သွားခဲ့သည်။

မသိနိုင်သော အချိန်တစ်ခုကြာပြီးနောက် မျက်လုံးပေါ် စူးရှသည့် အလင်းတန်းများ ကျရောက်လာသဖြင့် ယန်ယွဲ့၏မျက်လုံးများက ချက်ချင်း ပွင့်လာသည်။

ယန်ယွဲ့သည် မျက်မှောင်ကြုတ်ကာ ခေါင်းခါလိုက်ရင်းမျက်လုံးများကို မဖွင့်လင် နောက်ထပ် ခဏလောက် မှိတ်ထားလိုက်သည်။

သို့သော် ရုတ်တရက် သူ့ရှေ့တွင် မြင်လိုက်သည့် မြင်ကွင်းကြောင့် ယန်ယွဲ့၏ အမူအရာက သိသိသာသာ ပြောင်းလဲသွားသည်။

သူတို့အနီးတွင် မီးခိုးရောင်ဝတ်အဘိုးအို ၅ ယောက်စလုံး ရပ်နေကြပြီး ၎င်းတို့အားလုံးက သူတော်စင်တစ်ပိုင်းအဆင့်များဖြစ်ကြသည် ။

ထို့အပြင် အပြာရောင်ဝတ်လူလတ်ပိုင်း အယောက် ၁၀၀ နီးပါးက အဘိုးအို ၅ ဦး၏ ပတ်လည်တွင် ရပ်နေသည်။

၎င်းတို့အားလုံးကတော့ အဆင့် ၉ သိုင်းဧကရာဇ်များပင်။

အလစ်အငိုက်ဖမ်းပြီး တိုက်ခိုက်တာလား။

"ငါတို့တွေက မင်းတို့နှစ်ယောက်လုံးကို ကြိုစောင့်နေတာ။"အဘိုးအိုတစ်ယောက်က အေးစက်စက်အသံနှင့် ရုတ်တရက် ပြောလေသည်။

ယန်ယဲ့သည် ရုတ်တရက် အံ့အားသင့်နေပြီးမှ သတိဝင်လာကာ ဒေါသတကြီး အော်လိုက်သည်။ "ချီးပဲဟော့!င္္ငါ္ိုးမ ချီဘူဖန်း... ဒီမှာ သူတော်စင်တစ်ပိုင်းအဆင့် ၁

ပါးလောက်ပဲရှိတယ်လို့
မင်းပြောတာမဟုတ်ဘူးလား။"

ချီဘူဖန်း လည်း အံ့ပါးသင့်နေပုံပါ။ "ဘောပဲ!
ဒါက သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးတည်း
မဟုတ်ဘူးပေါ့။"

ယန်ယဲ့သည် အဖွဲ့ကိုဦးဆောင်သည့်
သူတော်စင်တစ်ပိုင်းအဆင့်ကို မှတ်မိလိုက်၏။
ထိုနေ့တုန်းက တိုက်ကြီးမှ ထွက်ပြေးခဲ့သော
အဘိုးအိုရှမ်မင် ဖြစ်သည်။

ခဏကြာပြီးနောက် ယန်ယဲ့ဟာ ဖြစ်ပျက်နေသည်များကို နားလည်သွား၏။ မြင့်မြတ်နယ်မြေက သူလာမည်ကို ကြိုသိနေသောကြောင့်ပါ။

"ဒါဆိုရင် ဆန်းကြယ်တိုက်ကြီးမှာ မြင့်မြတ်နယ်မြေရဲ့ လက်အောက်ခံတွေရှိရမယ်။ ဒါပေမဲ့ သူတို့က ထွက်မလာရဲဘူးဆိုတော့ အတော်လေးအားနည်းနေတာလား။"

ဘယ်သူဖြစ်နိုင်မလဲ? ယန်ယဲ့၏
မျက်ခုံးများကတင်းတင်းကျပ်ကျပ်
ချည်နှောင်ထားသည်။

လူအနည်းငယ်မျှသာ သူ မြင့်မြတ်နယ်မြေသို့
သွားသည်ကို သိထားကြ၏။

ထို့အပြင် ထိုလူအားလုံးကလည်း
သူယုံကြည်ရသော လူများသာဖြစ်ကြသည် ။

"မင်းတစ်ယောက်ထဲ ရောက်လာလိမ့်မယ်လို့
ငါထင်ခဲ့တာ။ ချီဘူန်းလည်း
မင်းနဲ့တကယ်ရောက်လာလိမ့်မယ်လို့
ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ကောင်းလိုက်တာ၊
မင်းတို့နှစ်ယောက်စလုံးကို အပင်ပန်းခံပြီး
လိုက်ရှာစရာမလိုတော့ဘူး။" အဘိုးအိုရှမ်မင်က
အေးစက်စက်ပြောလိုက်ရင်း
သူ့လက်နှစ်ဖက်ကို ယှက်၍ ဝှေ့ယမ်းလိုက်ရာ
မမြင်နိုင်သောလှောင်အိမ်တစ်ခုက ယန်ယဲ့ နှင့်
ချီဘူဖန်းကို ချက်ချင်း ပိတ်လှောင်သွား၏။
တစ်ချိန်တည်းမှာပင်  သူတို့ပတ်ပတ်လည်ရှိ
လေထုက သံမဏိပြားကြီးတစ်ခုကဲ့သို့
ခိုင်ခံ့လာပြီး
လေထုစီးဆင်းမှုပင်လျှင်ရပ်တန့်သွားရသည်။

ထိုအချိန်တွင် အဘိုးအိုရှမ်မင် ၏နောက်ကွယ်မှ သိုင်းကျောင်ရာ ဇ် အယောက် ၁၀၀ က ရှေ့ကိုတိုးလာကာ ယန်ယဲ့ နှင့် ချီဘူဖန်းတို့ ထွက်ပြေးနိုင်မည့်လမ်းကြောင်းများကို ပိတ်ဆို့ထားခဲ့သည်။

အဘိုးအိုရှမ်မင်က ယန်ယဲ့ နှင့် ချီဘူဖန်း တို့ ပိုင်ဆိုင်သည့် ခွန်အားကို ရှင်းရှင်းလင်းလင်း သိထား၏။

သာမန်လူများနှင့် လုံးဝ ယှဉ်၍မရပေ။

အထူးသဖြင့်တော့ ယန်ယဲ့ဟာ
ဖိနှိပ်ရေးကျောက်တုံး ပိုင်ဆိုင်ထားသောကြောင့်
သူတော်စင်တစ်ပိုင်းအဆင့် ၅
ယောက်ရှိနေသည့်တိုင် သူတို့ကို မသတ်နိုင်ပါ။

သူတို့က ယန်ယဲ့နှင့် ချီဘူဖန်း တို့ကို အရင်ဦးဆုံး
ဝိုင်းရံ တိုက်ခိုက်ခြင်းမပြုဘဲ
ထွက်ပြေးနိုင်မည့်လမ်းကြောင်းများကိုသာ
အမိကထားပိတ်ဆို့ထားသည်။

ပိုက်ကွန်ကို ထုတ်ဖော်ပြီး သားကောင်ကို
ဖမ်းချုပ်မယ်။

"ငါက အရမ်းငယ်သေးတော့ စိတ်မြန်လွန်းတယ်။ မင်းလိုကံဆိုးတဲ့သူဆီက စကားနည်းနည်းနားမထောင်သင့်ဘဲ ဒီကိုလာခဲ့တာ!" ချီဘူဖန်းက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ရင်း သူ့လက်ပေါ်တွင် အပြာနုရောင်မီးတောက်များ တဖြည်းဖြည်း ပေါ်လာသည်။

တစ်ချိန်တည်းတွင် သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်များက ပင်လယ်လှိုင်းလုံးကြီးကဲ့သို့ တဟုန်ထိုး မြင့်တက်လာပါသည်။

“သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးကို မင်းအတွက် ငါထားခဲ့မယ်။ ကျန်တဲ့ သိုင်းကျေရာဇ်တွေကိုတော့ ငါတာဝန်ယူလိုက်မယ်။" ယန်ယဲ့သည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက်တွင် သူ၏ ဆန်းကြယ်ချီစွမ်းအင်များက ရှေးဟောင်းဓားအိမ်ခဲသို့ အဆက်မပြတ်တိုးလာကာ ဓားစိတ်ဆန္ဒများကို အသင့်ကိုင်ထားလိုက်သည်။

"ချီး။ မင်း ဘယ်လောက်တောင် အရှက်မဲ့နေတာလဲ!?' ချီဘူဖန်းက ကျိန်ဆဲလိုက်သည်။

“ငါ ချီးမြှောက်ခြင်းနယ်ပယ် မှာ ရှိနေတုန်း မင်းကတော့ သိုင်းဧကရာဇ်အဆင့်မှာ ရှိနေတယ်။ သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးကို ဘယ်လိုရင်ဆိုင်နိုင်မလဲ။"ယန်ယဲ့က ဘာမျှမသိနားမလည်ပုံဖြင့် ပြောလိုက်၏။

"ဒါမှမဟုတ်ရင် ငါတို့နှစ်ယောက်လုံး ဒီမှာ အသတ်ခံရလိမ့်မယ်!" ချီဘူဖန်းက

ဆက်ပြောသည်။ "ငါတို့က သူတို့ကို မတိုက်ခိုက်နိုင်တာ သေချာတယ်၊ ဒါကြောင့် ထွက်ပြေးဖို့က ငါတို့ရဲ့အဓိက ရည်ရွယ်ချက်ပဲ။ ချီးပဲဟေ့! တကယ်ကို ကံဆိုးလိုက်တာ။ အခက်အခဲတွေကို ဖြတ်ကျော်ပြီးမှ ဒီကိုရောက်လာခဲ့တာ။ ငါ့ကို အမှန်အတိုင်းပြော၊ မြင့်မြတ်နယ်မြေနဲ့ ပူးပေါင်းပြီး ငါ့ကိုလှည့်စားလိုက်တာလား။"

"အမှိုက်စကားတွေရပ်တော့။ ငါတို့တွေ ပူးပေါင်းတိုက်ခိုက်ပြီး ဒီအတားအဆီးကို ဖျက်ဆီးပစ်ရအောင်။" စကားပြောနေရင်းဖြင့်

ဓားစိတ်ဆန္ဒဓားကို ဓားအိမ်ထဲကနေ
ရုတ်ချည်းဆွဲထုတ်ကာ ပိုင်းချလိုက်သည်။
ဓားစွမ်းအင်အလင်းတန်းတစ်ခု
ပေါက်ကွဲထွက်လာပြီး ရှေ့တည့်တည့်မှ
လေဟာနယ်လှောင်အိမ်ကို ချက်ချင်း
ထိမှန်သည်။

ယန်ယဲ့ တိုက်ခိုက်လိုက်သည်ကို မြင်သောအခါ
ချီဘူဖန်း လည်း ငြိမ်၍ မနေတော့ပေ။
အလင်းတန်းနှစ်ခုက ယန်ယဲ့၏
ဓားစွမ်းအင်အလင်းတန်း နောက်သို့ လိုက်ကာ

လက်ဝါးကပ်တိုင်တစ်ခုသဖွယ်
ပေါင်းစပ်လိုက်သည်။

အုန်း!

လေဟာနယ်နံရံက ပြင်းထန်စွာ
တုန်ခါသွားသော်လည်း မည်သည့်ထိခိုက်မှုမှမျှ
မရှိပေ။ ဓားစွမ်းအင်နှင့် အဖြူရောင်
အလင်းတန်းများသာ  ပြန့်ကျဲသွားရလေသည်။

"မင်းရဲ့ခွန်အားကို အခု ဘယ်လောက်ထိ
အသုံးချခဲ့တာလဲ" ချီဘူဖန်းက
ရုတ်တရက်ဆိုသလို မေးလိုက်သည်။

"၄၀ ရာခိုင်နှုန်းလောက်!"

ချီဘူဖန်း၏ နှုတ်ခမ်းထောင့်များ
လှုပ်ယမ်းသွားပြီး “ငါတို့ရဲ့ရန်သူတွေကို
လျှော့တွက်မနေနဲ့။ မင်းရှေ့မှာ
သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါး ရှိနေတယ်။
ပြီးတော့ လက်ရှိ ငါတို့က
ပြင်ပအကူအညီတွေမရှိဘူး။ ဒီတော့

မင်းရဲ့ဆရာ သူတော်စင်တစ်ပိုင်းအဆင့်တောင်မှ သူတို့ပူးပေါင်းဖန်တီးထားတဲ့ လေဟာနယ်နံရံကို ဖျက်ဆီးနိုင်မှာမဟုတ်ဘူး။ လှည့်စားနေတာရပ်လိုက်တော့။"

"မင်းကော ခွန်အားဘယ်လောက်သုံးခဲ့လဲ" ယန်ယဲ့က မေးခွန်းတစ်ခုနဲ့ ပြန်ဖြေလိုက်၏။

ချီဘူဖန်း၏ မျက်နှာက ရှုံ့မဲ့သွားသည်။ "၄၀ ရာခိုင်နှုန်းလောက် ဖြစ်မယ်ထင်တယ်….”

“သူတို့ရဲ့ တိုက်ခိုက်ရေးစွမ်းအားကို မသိသေးလို့ ငါတို့ရဲ့ခွန်အား ၄၀ ရာခိုင်နှုန်းကိုပဲ သုံးကြည့်ထားတာ။ ဒါပေမဲ့ မင်းက အခုထိ ၄၀ ရာခိုင်နှုန်းပဲ သုံးနေသေးတာလား။"ယန်ယဲ့က အသက်ပြင်းပြင်းရှူလိုက်ပြီး “ကောင်းပြီ ၊ မင်းငါ့ကိုသတိထားနေတာ ငါသိပါတယ်။ ငါလည်းဒီလိုပါပဲ၊ ဒါပေမဲ့ ငါတို့ရှေ့ကအခြေအနေက တော်တော်လေးရှင်းနေပြီ။ ငါတို့က တစ်ယောက်နဲ့တစ်ယောက် မပြတ်သတိထားနေရင် အဆုံးသတ်ကျ သူတို့လက်ထဲမှာပဲ သေသွားရနိုင်တယ်။"

ချီဘူဖန်းးက ခဏကြာ လေးလေးနက်နက်
စဉ်းစားပြီး "မင်း ရိုးသားဖို့ ငါမျှော်လင့်တယ်။
မင်းငါ့ကိုလှည့်စားဝံ့ရင် မင်းကိုလက်စားချေဖို့
အကြိမ်တစ်သန်းလောက်
လှူပြန်ဝင်စားလိုက်မယ်!"

ယန်ယဲ့လည်း ဤ စကားကြောင့်
ဘာပြောရမှန်းပင်မသိအောင်ဖြစ်သွားလေသ
ည်။

“သတ်!” ထိုအချိန်တွင်
အဘိုးအိုရွှမ်မင်ကရုတ်တရက်
အော်လိုက်သည်။

သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးလုံး
တစ်ပြိုင်နက်တည်း
တိုက်ခိုက်လိုက်ကြခြင်းဖြစ်သည်။

၎င်းတို့၏ လက်များက တညီတညွတ်တည်း
လှုပ်ရှားသွားကာ လက် ၅ ချောင်းက
လေဟာနယ်နံရံကို ဖြတ်ကျော်၍ ယန်ယွဲ့ နှင့်
ချီဘူဖန်း ကို ရိုက်ချလာသည်။

ယန်ယဲ့၏ အမူအရာက ချက်ချင်း
ပြောင်းသွားပြီး "ဒီနေရာက
လေဟာနယ်နံရံရှိရင်တောင် သူတို့က
တိုက်ခိုက်နိုင်တုန်းပဲ" စကားပြောနေစဉ်မှာပဲ
သူ၏ ဓားစိတ်ဆန္ဒများကို လျှင်မြန်စွာ
ဆွဲထုတ်လိုက်ပြီး ဓားစွမ်းအင်တစ်ခုက
လက်ဖဝါးတစ်ဖက်ဆီသို့ ပစ်ခတ်လိုက်သည် ။

ပြင်းထန်သောပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာပြီးနောက် ဓားစွမ်းအင်က
ချက်ချင်းပင် ပြန့်ကျဲသွား၏။ သို့သော်

စွမ်းအင်လက်ဝါးကတော့ ယန်ယဲ့ ထံ ဆက်၍တိုးဝင်လာပါသည်။

ထိုမြင်ကွင်းကြောင့် ယန်ယဲ့၏ မျက်ခွံများက လှုပ်ယမ်းသွားသည်။ ထို့နောက် သူညာလက်ကိုဝှေ့ယမ်းလိုက်ရာ အားပြောင်းအားလွှဲဒိုင်း ပေါ်လာပြီး သူ့ရှေ့မှ လက်ဝါးကို ညွှန်ပြလိုက်သည်။

အုန်း!

အဆိုးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၇ - ဝိုင်းရံတိုက်ခိုက်ခံရပြီ

အုန်း!

အားပြောင်းအားလွှဲဒိုင်းက တစ်ချက်မျှ ပြင်းထန်စွာ တုန်ခါသွားပြီးနောက် အထဲကနေ စုပ်ယူအားတစ်ခုထွက်လာကာ လက်ဝါးထဲရှိ ကြောက်မက်ဖွယ်စွမ်းအင်ကို စုပ်ယူလိုက်သည်။

သို့သော် ရုတ်တရက်ဆိုသလိုပဲ
လက်ဝါးနှစ်ဖက်က အားပြောင်းအားလွှဲဒိုင်းကို
ရိုက်ချလိုက်ပြီး ယန်ယဲ့လည်း မီတာ ၃၀၀
ကျော်အကွာထိ လွင့်ပျံသွားတော့သည်။

ယန်ယဲ့သည် သူ့ပါးစပ်ထောင့်က သွေးများကို
သုတ်လိုက်ပြီး  အားပြောင်းအားလွှဲဒိုင်းကို
ကိုင်ထားသည့် သူ့ညာဖက်လက်ကို
ကြည့်လိုက်သည်။

ဤအချိန်မှာ သူ့ညာဖက်လက်တစ်ခုလုံးက
သွေးများစီးကျနေကာ လုံး၀
ကွဲအက်သွားသည်။

သူတော်စင်တစ်ပိုင်းအဆင့်များက အမှန်ပင် ကြောက်စရာကောင်းလွန်းလှသည်။

၎င်းတို့၏
သာမန်တိုက်ခိုက်မှုတစ်ခုသာဖြစ်သော်ငြားလ
ည်း သူ့ရုပ်ခွန်အားက
ချိုးဖျက်ခံလိုက်ရလေသည်။

ယန်ယွဲ့၏ မျက်နှာက
လေးနက်တည်ကြည်လာပြီး
သူ၏ခန္ဓာကိုယ်ထဲက ဆန်းကြယ်ချီစွမ်းအင်ကို
အပြည့်အဝထုတ်ဖော်လိုက်ပါသည်။

အုန်း! အုန်း!

ထိုအချိန်တွင် ဘေးဖက်မှ ပေါက်ကွဲသံ ၂ ချက် ထွက်ပေါ်လာသည်။

ယန်ယဲ့က ရုတ်တရက် သတိရသွားပြီး လှမ်းကြည့်လိုက်ရာ ချီဘူဖန်းက နောက်ဆုံးလက် ၂ ဖက်အား ဖျက်ဆီးလိုက်နိုင်ကြောင်း မြင်လိုက်၏။

သူတွေးမိသည်က ချီဘူဖန်းဟာ သူထင်ထားသည်ထက်ပို၍ သန်မာနေပုံရသည်။

ချီဘူဖန်းက သူ့မျက်နှာမှာ လေးနက်တဲ့ အမူအရာနဲ့ “သူတော်စင်တစ်ပိုင်းအဆင့်တွေက အာကာသစွမ်းအင်ကို ကောင်းကောင်းကြီး နားလည်ထားလို့ ဒီလေဟာနယ်နံရံတွေက ငါတို့ကို ပိတ်လှောင်ထားပေမဲ့ သူတို့ကို ဒီအတိုင်းတိုက်ခိုက်ဖို့တော့ မဖြစ်နိုင်ဘူး။ဖိနှိပ်ရေးကျောက်တုံးကို သုံးပါ ဒါမှမဟုတ် မင်းသေရင် ငါ အားနည်းသွားလိမ့်မယ်။”

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။
သူ၏ညာဖက်လက်ဝါးကို လှန်လိုက်သည်နှင့်
အဖြူရောင်ကျောက်တုံးကြီး ပေါ်လာသည်။

ဖိနှိပ်ရေးကျောက်တုံးကို မြင်သောအခါ
သူတော်စင်တစ်ပိုင်းအဆင့်များ၏
အမူအရာများက ပြောင်းလဲသွားသည်။
နောက်ဆုံးတွင် ၎င်းတို့၏ကျင့်ကြံမှုက အဆင့် ၉
သိုင်းကေရာဇ်များ အဖြစ်
ကျဆင်းသွားပါတော့သည်။
အဆင့် ၉ သိုင်းကေရာဇ်များကတော့ အဆင့် ၉
ချိုးမြှောက်ခြင်းနယ်ပယ်သို့ကျဆင်းသွား၏။

"ဖိနှိပ်ရေးကျောက်တုံး"အဘိုးအိုရှမ်မင်က သိသိသာသာ မျက်နှာပျက်သွားသည်။

သူတို့အားလုံးက ဆန်းကြယ်တိုက်ကြီးသို့ ခရီးစဉ်မှာ ဖိနှိပ်ရေးကျောက်တုံးကို ဆုံးရှုံးခဲ့သဖြင့် ပြင်းထန်သော အပြစ်ဒဏ်များကို ခံစားခဲ့ကြရသည်။

အကယ်၍ နယ်ခြားမိစ္ဆာများ နတ်ဆိုးအကျဉ်းထောင်ကနေ လွတ်မြောက်ရန်နီးကပ်နေသောကြောင့်မဟုတ်လျှင် ၎င်းတို့အားလုံး သေဒဏ်ပင်အချခံရနိုင်ပါသည်။

"လုပ်လိုက်ကြရအောင်!" ချီဘူဖန်းက

လေထဲသို့ ခုန်တက်လိုက်ရင်း

ဒေါသတကြီးအော်ဟစ်ကာ

သူ၏လက်ဝါးနှစ်ဖက်ကို ရှေ့ဆန့်ထုတ်ပြီး

ရိုက်ချလိုက်သည်။

"ကောင်းကင်ဖျက်ဆီးသူ!"

သူ့စကားသံဆုံးသည်နှင့် လက်ဝါးမှ

အစိမ်းရောင်မီးတောက်များ

ထွက်ပေါ်လာသည်။

အစိမ်းရောင်မီးတောက်များက လေထုကို

လောင်ကျွမ်းကာ ပတ်ပတ်လည်ရှိ
အာကာသနံ့ရံကြီးက အဆက်မပြတ်
တုန်ခါလာသည်။

"လောင်ကျွမ်းလိုက်စမ်း!" ချီဘူဖန်းက
ဒေါသတကြီး အော်လိုက်သည်။
အစိမ်းရောင်မီးတောက်များက
အစိမ်းရောင်မီးတောက်နဂါးကြီးအဖြစ်ပြောင်း
လဲ၍ လျှောင်အိမ်နံ့ရံကြီးကို ပြင်းထန်စွာ
ရိုက်ချလိုက်လေသည်။

တွမ်!

ကျယ်လောင်သည့် ဓားမြည်သံနှင့်အတူ
ဓားတစ်ချောင်းက ကောင်းကင်ကနေ
ကျဆင်းလာပြီးနောက်
အစိမ်းရောင်နဂါးကြီးနောက်မှာ
ခရမ်းရောင်ဓားစွမ်းအင်တစ်ခု
ကပ်လျက်လိုက်ပါလာသည်။

"တိုက်ခိုက်ကြ!" အဘိုးအိုရှမ်မင်နှင့်
သူ့လူများလည်း လေဟာနယ်လှော်င်အိမ်ကြီး
ပြင်းထန်စွာတုန်ခါနေသည်ကို မြင်သောအခါ
တုန်လှုပ်သွားပြီး တိုက်ခိုက်လိုက်ကြသည်။

သူတော်စင်တစ်ပိုင်းအဆင့်(အဆင့် ၉
သိုင်းကျောဇ်) ၅ ယောက်စလုံးက ချက်ချင်းပင်
တိုက်ခိုက်လိုက်ပါတော့သည်။

သူတို့၏ကျင့်ကြံမှုက အဆင့် ၉
သိုင်းကျောဇ်များအဖြစ်
ဖိနှိပ်ခံထားရသော်ငြားလည်း အချိန်စွမ်းအင်နှင့်
နည်းစနစ်များက
သူတော်စင်တစ်ပိုင်းအဆင့်မှာရှိနေဆဲပင်။

ထို့နောက်တွင် စွမ်းအင်ဖြင့် ဖန်တီးထားသည့်
လက် ၅ ဖက်က
အစိမ်းရောင်မီးတောက်နဂါးကြီးနှင့်

ခရမ်းရောင်ဓားစွမ်းအင်အလင်းတန်း တို့အား
အာကာသနံရံနှင့်ရင်မဆိုင်မတွေ့အောင်
တားဆီးလိုက်ကြသည်။

“နေရာအနှံ့ အာကာသဟင်းလင်းပြင်ကို အကုန်
ပိတ်လှောင်လိုက်။" အဘိုးအိုရွှမ်မင်၏ အသံက
တစ်ကြိမ်ထပ်၍ ထွက်ပေါ်လာပြီးနောက်
နံရံများပေါ်တွင် ထပ်လာသည့်
အက်ကြောင်းများက ချက်ချင်း
ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ နှင့် ချီဘူဖန်း တို့နှစ်ဦးလုံး မျက်နှာများ
ပျက်ယွင်းသွားကြသည်။

“သတ်!” အဘိုးအိုရှမ်မင်၏
အေးစက်စက်အသံနှင့်အတူ ၅ ယောက်စလုံးက
ထပ်မံတိုက်ခိုက်လာခဲ့သည်။

ဤတစ်ကြိမ်မှာတော့ ၅ ယောက်လုံးက
သက်ဆိုင်ရာ အစွမ်းထက်ဆုံးနည်းစနစ်များနှင့်
တိုက်ခိုက်မှုများကို အသုံးပြုလိုက်ကြသည်။

၎င်းတို့က အမှန်ပင်
တာအိုအဆင့်နည်းစနစ်များဖြစ်သည်။

ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုများက
ယန်ယဲ့ နှင့် ချီဘူဖန်း ဆီသို့
စုပြုံကျရောက်သွားလေသည်။

ဤအချိန်တွင် ယန်ယဲ့ နှင့် ချီဘူဖန်း
နှစ်ယောက်လုံးက အနည်းငယ်
တုန်လှုပ်နေကြသည်။

သူတို့နှစ်ဦးက အဆင့် ၉ သိုင်းကေရာဇ်များနှင့်
ရင်ဆိုင်ရလျှင် ပြဿနာမရှိသော်လည်း
သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးနှင့်
ရင်ဆိုင်ရချိန်တွင် တစ်ဖက်သက်ဆန်စွာ
ဖိနှိပ်ခံနေရ၏။

သို့ရာတွင် နှစ်ဦးစလုံးက
ဒဏ်ရာများရနေသည့်တိုင်
သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါး၏
တိုက်ခိုက်မှုကို ခုခံနေနိုင်ဆဲပါ။

မည်သို့ပင်ဖြစ်စေ တိုက်ခိုက်လာသူများက
သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါး တဖြစ်လည်း
အဆင့် ၉ သိုင်းကျော် ၅ ယောက်ပါ။

ယခုအချိန်တွင် အဆင့် ၉ သိုင်းကေရာဇ်များ
ဖြစ်နေသည့်တိုင် သူတော်စင်တစ်ပိုင်းအဆင့်က
သူတော်စင်တစ်ပိုင်းအဆင့် ပင်ဖြစ်သည်။

သူတို့နှစ်ဦးကတော့ အဆင့် ၉
ချိုးမြောက်ခြင်းနယ်ပယ်ပညာရှင် နှင့်
အလယ်အလတ်သိုင်းကေရာဇ်သာ။

သို့သော် မြင့်မြတ်နယ်မြေ၏ အမြင်မှာ
သူတို့နှစ်ယောက်လုံးက
အလွန်ကြောက်စရာကောင်းသည်ဟု
ဆိုရပေမည်။

အဆင့် ၉ သိုင်းကျောင်း ရာဇ် အယောက် ၁၀၀ နှင့် သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါး၏ ပူးပေါင်းတိုက်ခိုက်မှု။

ထိုကဲ့သို့ တိုက်ခိုက်မှုနှင့် ရင်ဆိုင်နေရသည့်တိုင် ယခုထက်ထိ ခုခံနိုင်နေသည်မဟုတ်ပါလား။

အထူးသဖြင့် ယန်ယဲ့ ကိုပါ။ ဤအခိုက်တွင် မြင့်မြတ်နယ်မြေ၏ အဖွဲ့ဝင်အချို့က သံတမန်အဖြစ် ပထမဆုံးအကြိမ် သွားခဲ့သည့်

ကျန်းကွမ်နှင့်အဖွဲ့ကို အတော်လေး

မကျေမနပ်ဖြစ်ကြသည်။

အကယ်၍ မြင့်မြတ်နယ်မြေကသာ

မောက်မာလွန်းသည့် လူများကို

စေလွှတ်ခြင်းမပြုပါက မြင့်မြတ်နယ်မြေဟာ

ယန်ယဲ့ ကဲ့သို့

ထိပ်ဆုံးရောက်ပါရမီရှင်တစ်ဦးကို

ခေါ်ယူနိုင်မည်ဖြစ်သည်။

ထိုအချိန်တွင်၊ မြင့်မြတ်နယ်မြေက

ဒုတိယမြောက် အနှောင်အဖွဲ့ကင်းမဲ့သူ ကို

ရင်ဆိုင်တွေ့ရုံသာမကဘဲ

အနှောင်အဖွဲ့ကင်းမဲ့သူ နှင့် နှိုင်းယှဉ်နိုင်သည့်

ထူးခြားသောပါရမီရှင်တစ်ဦး
ပိုင်ဆိုင်မည်ဖြစ်သည်။

အတိုချုပ်ပြောရလျှင် အမှားတစ်ခုက
မြင့်မြတ်နယ်မြေ နှင့် ယန်ယဲ့ကြားတွင်
မပြေနိုင်သောရန်ငြိုးဖြစ်လာစေခဲ့သည်။

မြင့်မြတ်နယ်မြေသာ ၎င်း၏ မောက်မာမှု၊
ဒေါသကို ဖြေလျှော့ပြီး ယန်ယဲ့ နှင့်ပူးပေါင်းရန်
လုပ်ဆောင်ခြင်းမရှိပါက....

သို့သော် ထိုအရာက လက်တွေ့မှာ မဖြစ်နိုင်ပေ။

အထူးသဖြင့် ယခုအချိန်တွင်
တောင်ပိုင်းနယ်မြေက နယ်ခြားမိစ္ဆာများနှင့်
ပေါ်တင် ပူးပေါင်းလာခဲ့သည်။ ထိုသို့ဆိုလျှင်
ထိုယန်ယဲ့က သေချာပေါက်
သေရမည်ဖြစ်သည်။

ချီဘူဖန်းက ယန်ယဲ့ ကို စိုက်ကြည့်ရင်း
သူတော်စင်တစ်ပိုင်းအဆင့်များ၏
တိုက်ခိုက်မှုကို အပိုင်းပိုင်း ပိုင်းခွဲလိုက်ပြီး
"ဟေး၊ ဒီအတိုင်းသာ ဆက်သွားရင် ငါတို့
အားကုန်သွားလိမ့်မယ်!"

“အဲဒီနေ့က သူတော်စင်တစ်ပိုင်းအဆင့် ၁၀ ယောက်လက်ကနေတောင် မင်းလွတ်မြောက်လာသေးတာပဲမဟုတ်ဘူးလား။

ချီဘူဖန်း၊ မင်းရဲ့ဝှက်ဖဲကို အမြန်သုံးပါ။ ငါ့ရဲ့ဆန်းကြယ်ချီစွမ်းအင်က ဖိနှိပ်ရေးကျောက်တုံးကိုသုံးလိုက်တော့ ကုန်ဆုံးသွားပြီ။ အခု အသုံးမပြုရင် မင်းမှာ နောက်ထပ် အခွင့်အရေး ရှိမှာ မဟုတ်ဘူး။"
ယန်ယွဲ့က သူ၏ခံစားစိတ်ဆန္ဒများကို အဆက်မပြတ်ဝှေ့ယမ်းကာ ခရမ်းရောင်စားအလင်းတန်းများစွာဖြာထွက်

လာပြီး သူ့ထံ
ရောက်လာသည့်တိုက်ခိုက်မှုများကို
ရင်ဆိုင်လိုက်သည်။

“အဲဒီနေ့က ငါ သူတို့ကို
အလစ်အငိုက်တိုက်ခိုက်ခဲ့တာဟ။ သူတို့က
အခုလိုပြင်ဆင်ထားတာမဟုတ်ဘူး။ ချီး..."
ချီဘူဖန်းက ဒေါသတကြီးပြောလိုက်သည်။

ယန်ယဲ့၏ မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

"ဒါဆိုရင် စိတ်ဆန္ဒမြှင့်တင်ခြင်းကိုသုံးပြီး သိုင်းကျောဇ်အဆင့် တက်ရုံပဲရှိတော့တာပေါ့။"

၇၈၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၈ - ထွက်ပြေးကြမယ်

စိတ်ဆန္ဒမြှင့်တင်ခြင်း ကိုသုံးပြီး

သိုင်းကျောဇ်အဆင့်သို့

အတင်းအကြပ်တက်လှမ်းခဲ့ပါက

သူ့စွမ်းအားက

ယာယီမြင့်တက်သွားမည်ဖြစ်သည်။

ထိုအချိန်တွင် သူ၏ကျင့်ကြံမှုက

သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးကဲ့သို့

အဆင့်တူပညာရှင်ဖြစ်သွားပေလိမ့်မည်။

ထိုအချိန်တွင် သူက

လွတ်မြောက်ရန်အခွင့်အရေး

ပိုများလာနိုင်ပေသည်။

သို့သော် စိတ်ဆန္ဒမြင့်တင်ခြင်း ကို
အသုံးပြုပြီးသည်နှင့်
တန်ပြိုက်ရိုက်ခတ်မှုကတော့
အလွန်ဆိုးရွားလှသည်။

သူ၏ခါးစိတ်ဆန္ဒ နှင့် ကျင့်ကြံမှုအဆင့်
နှစ်ခုစလုံးက သေချာပေါက်
ကျဆင်းသွားပါမည်။
ထိုအချိန်တွင် သူဟာ သိုင်းကေရာဇ်အဆင့်
တက်လှမ်းရန် အချိန်ဘယ်လောက်ကြာမည်ကို
မသိနိုင်ပေ။

သို့သော် ထိုသို့မလုပ်ပါက
သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးနှင့်
သိုင်းကျောင်းဖနယ် အယောက် ၁၀၀ ကျော်၏
ဝိုင်းရံတိုက်ခိုက်မှုကနေ
မည်သို့လွတ်မြောက်မည်နည်း။

ယန်ယဲ့ဟာ အတော်လေး
အကျပ်ရိုက်သွားသည် ။

သိပ်မကြာခင်မှာပဲ အခြေအနေ
ပိုဆိုးလာသည်ကို သတိပြုမိပြီး တုံ့ဆိုင်းမနေဘဲ

စိတ်ဆန္ဒမြှင့်တင်ခြင်း ကို ထုတ်ဖော်ရန် ပြင်လိုက်၏။

ထိုအချိန်တွင် ချီဘူဖန်းက ရုတ်တရက် ပြောလာသည်။ "ဟော့ကောင်၊ ငါတို့က ဘာလို့ ဒီလို လူမိုက်တွေ ဖြစ်နေကြတာလဲ။ ဘာလို့များ အာကာသနံ့ရုံကို တိုက်ခိုက်ပြီး သူတို့နဲ့ ထိပ်တိုက်တွေ့နေရတာလဲ"

ယန်ယဲ့က မျက်လုံးထဲ အရောင်လက်ခနဲဖြစ်သွားပြီး "မှန်တယ်။"

နှစ်ယောက်စလုံး
အကြည့်ချင်းဖလှယ်လိုက်ကြသည်။ ထို့နောက်
ရုတ်တရက် နှစ်ယောက်လုံး၏ ချီစွမ်းအင်ကို
ပေါင်းစပ်ကာ အောက်မြေပြင်ကို
အားနှင့်ရိုက်ချလိုက်ကြလေသည်။

"ကောင်းကင်ဖျက်ဆီးသူ"

"ကောင်းကင်ဖျက်ဆီးခြင်းဓား"

သူတို့၏ အသံများ ထွက်ပေါ်လာသည်နှင့်
တပြိုင်နက် အပြာရောင် မီးတောက်တစ်ခုနှင့်

ခရမ်းရောင်ဓားစွမ်းအင်များက မြေပြင်ပေါ်သို့ ပေါက်ကွဲထွက်လာသည်။

မြေပြင်ပေါ်တွင်
စည်းတံဆိပ်တစ်ခုရှိနေသော်ငြား မြေပြင်က သူတို့နှစ်ဦးနှင့် နီးကပ်နေသည်ဖြစ်ရာ အဘိုးအိုရှမ်မင်နှင့်အဖွဲ့က ရုတ်တရက် အချိန်မီ မတားဆီးနိုင်ခဲ့ပေ။

အုန်း!

ကျယ်လောင်သောပေါက်ကွဲသံကြီးနှင့်အတူ
မြေပြင်ပေါ်တွင်
အောက်ခြေအနက်မသိနိုင်သော
တွင်းနက်ကြီးတစ်ခု ဖြစ်ပေါ်လာ၏။

တစ်ချိန်တည်းမှာပင် နှစ်ယောက်စလုံးက
တွန့်ဆုတ်မနေဘဲ တွင်းပေါက်ထဲသို့
ခုန်ဆင်းသွားကြတော့သည်။

သိပ်မကြာခင်မှာပဲ
ကျယ်လောင်သောပေါက်ကွဲသံများ

အဆက်မပြတ် ထွက်ပေါ်နေရာကနေ
ရုတ်ချည်းရပ်တန့်သွားတော့သည်။

အဘိုးအိုရွှေမြင် နှင့် အခြားလူများသည်လည်း
နေရာတွင်ပင် အံ့အားသင့်သွားကြသည်။
"ဒီနှစ်ယောက် မြေကြီးကိုတွင်းတူးပြီး
ထွက်ပြေးနေတာလား။"
သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးနှင့်
သိုင်းကျောင်း အယောက် ၁၀၀ ကျော်
ပူးပေါင်းထားသည့်တိုင် အလယ်အလတ်အဆင့်
သိုင်းကျောင်း နှင့် အဆင့် ၉

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ကို
မသတ်နိုင်ခဲ့ပေ။

ဤအချက်ကို တွေးလိုက်မိကြည့်သောအခါ
အားလုံး၏ အမူအရာများက သိသိသာသာ
ဆိုးရွားသွားခဲ့သည်။

"သူတို့ကိုလိုက်!" အဘိုးအိုရှမ်မင်က
ဒေါသတကြီးအော်ဟစ်လိုက်ကာ
တွင်းနက်ထဲသို့ လိုက်ပါခုန်ချသွားတော့သည်။

“မင်းတို့ထဲက တစ်ယောက် ကျန်နေခဲ့ပြီး မြင့်မြတ်ခန်းမတွေကို သတင်းပို့လိုက်။ ကျန်တဲ့ သူတွေက မြေပေါ်ကနေ လိုက်ရှာကြ။ သူတို့ကိုတွေ့ရင် ချက်ချင်း မတိုက်ခိုက်နဲ့။ အဲဒီအစား သတင်းပို့အဆောင်ကို သုံးပြီး ကျန်တဲ့သူတွေကို အကြောင်းကြားကြ။"

သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါးက တွင်းနက်ထဲသို့ ခုန်မဆင်းခင် သိုင်းကေရာဇ်များကို လှည့်ကြည့်၍ အမိန့်ပေးလိုက်သည်။

ထို့နောက်တွင် မြေပြင်ပေါ်၌ ကျန်ခဲ့သည့် သိုင်းကျောင်း အယောက် ၁၀၀ ကျော်က အလင်းတန်းများအဖြစ်ပြောင်းကာ ပတ်ဝန်းကျင်ဆီသို့ ပျံသန်းသွားကြတော့သည်။

...........။

မြေပြင်အောက်မှာ....။

ယန်ယွဲ့ နှင့် ချီဘူဖန်း တို့နှစ်ယောက်လုံးက မြေပြင်အောက်သို့ တဟုန်ထိုး ပြေးလာကြရင်း

မြေပြင်ကို တရကြမ်း
ထိုးဖောက်လိုက်ကြသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးသာ
အမီလိုက်လာပါက သူတို့နှစ်ယောက်လုံး
မျှော်လင့်ချက်မဲ့သော အခြေအနေနှင့်
ချက်ချင်းရင်ဆိုင်ရမည်ကို ရှင်းရှင်းလင်းလင်း
သိထားကြသည်။

သူတို့က သူတော်စင်တစ်ပိုင်းအဆင့် ကို
ရင်ဆိုင်ရန် ယုံကြည်မှုရှိသော်ငြား

သူတော်စင်တစ်ပိုင်းအဆင့် ၅ ပါးကို
တိုက်ခိုက်ရန်အထိ အယုံအကြည်မရှိပေ။
အထူးသဖြင့် သူတော်စင်တစ်ပိုင်းအဆင့် ၅
ပါးစလုံးက ပြင်ပအကူအညီမပါဘဲ
နှစ်ပေါင်းထောင်ချီကျင့်ကြံလာသည့်
ပညာရှင်များ ဖြစ်သည်။

"ဟေး၊ ငါတို့ ဘာလို့ လမ်းခွဲမသွားရမှာလဲ"
ချီဘူဖန်းက   ရုတ်တရက် စကားစပြောသည်။

ယန်ယဲ့က သူ့ခြားကို လျင်မြန်စွာ ဝှေ့ယမ်းရင်း
"သေချာလား? မင်းငါနဲ့အတူရှိနေရင်

ဖိနှိပ်ရေးကျောက်တုံးကို အသုံးပြုပြီး ငါတို့ပိုအားသာလိမ့်မယ်။ ငါတို့က သူတို့ကို တိုက်ခိုက်နိုင်တုန်းပဲ။ ဒါပေမဲ့ ငါတို့ လမ်းခွဲလိုက်ရင်တော့ မင်းကို ဒါမှမဟုတ် ငါ့ကို လိုက်ဖမ်းရင် ပြီးသွားလိမ့်မယ်!”

“လမ်းခွဲရင် ခွဲလို့ရပါတယ်။ ဒီနည်းနဲ့ ငါတို့ လွတ်မြောက်ဖို့ အခွင့်အရေး ပိုရလိမ့်မယ်!” ချီဘူဖန်းက ပြန်ပြောလိုက်သည်။

ယန်ယဲ့က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး "ကံကောင်းပါစေ!"

"ကံကောင်းပါစေ!" ချီဘူဖန်း၏ပုံရိပ်က လျင်မြန်စွာ တောက်ပလာပြီး ညာဖက်မြေပြင်အလွှာကို ရိုက်ချကာ အပေါက်တစ်ခု ဖောက်ထုတ်လိုက်သည်။

သိပ်မကြာခင်မှာပဲ ညာဖက်မြေပြင်က လမ်းကြောင်းတစ်ခု ပွင့်လာပြီး ချီဘူဖန်းဟာ ချက်ချင်းပင် ပျောက်ကွယ်သွားပါတော့သည်။

ယန်ယဲ့သည် သူ့အကြည့်ကို ရုတ်လိုက်ပြီး စိတ်ဆန္ဒတစ်ခုကို ထုတ်လွှတ်ကာ ဓား ၁၀၀ ကို ထုတ်ယူလိုက်၏။

ဓား ၁၀၀ က ကြောက်မက်ဖွယ်ရာစွမ်းအင်များ ဖြာထွက်လာပြီး ရှေ့မှမြေပြင်ကို ပြင်းထန်စွာပိုင်းချလိုက်ကြသည်။

အုန်း!

၁၅ မိနစ်ခန့်အကြာတွင် မြေပြင်တစ်ခုလုံး ပြင်းထန်စွာ တုန်လှုပ်သွားခဲ့ပြီး ယန်ယဲ့သည်

ညာဖက်အဝေးမှ ပေါက်ကွဲသံကို
ဖျတ်ခနဲကြားလိုက်ရသည်။

ချီဘူဖန်းက ထိုနေရာတွင်
သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးနှင့်
ရင်ဆိုင်တွေ့နေကြောင်း သတိပြုမိသောကြောင့်
ယန်ယွဲ့သည် နှလုံးသားတစ်ခုလုံးအေးခဲကာ
တုန်လှုပ်သွားတော့သည်။

ချီဘူဖန်းဟာ ထိုနေ့က
သူတော်စင်တစ်ပိုင်းအဆင့် ၁၀ ပါး၏
လက်ကနေပင် လွတ်မြောက်နိုင်ခဲ့သော ကြောင့်

ဤတစ်ကြိမ်တွင်လည်း သူက သေချာပေါက်
လွတ်မြောက်နိုင်ပေသည်။

သို့သော် သူကိုယ်တိုင်ဆိုလျှင်ကော......

သူတော်စင်တစ်ပိုင်းအဆင့် နှင့်
ထိပ်တိုက်ရင်ဆိုင်တိုးပါက ကျိန်းသေ
ဒုက္ခရောက်ပါလိမ့်မည်။

ရုတ်တရက် သူ့ဘယ်လက်ကို လှန်လိုက်ကာ
အဆင့်လွန်စွမ်းအင်ကျောက်တုံးကို တချို့

ထုတ်ယူ၍ သူ့အိတ်ကပ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက်တွင် သူ့ရှေ့က မြေပြင်ကို ဆက်၍ ထိုးဖောက်နေရင်း အဆင့်လွန်စွမ်းအင်ကျောက်တုံးထဲရှိ စွမ်းအင်များကို စုပ်ယူလိုက်သည်။

ဤအချိန်တွင် အလင်းတန်းတစ်ခုက သူ့ဆီသို့ လွင့်ပျံလာသောကြောင့် ယန်ယဲ့၏ အမူအရာက ရုတ်ချည်းပင် ပြောင်းလဲသွားပါတော့သည်။

ယန်ယွဲ့သည် ရှေ့ကိုဆက်မတိုးတော့ဘဲ
နေရာမှာပင်ရပ်လိုက်ကာ ဓားစိတ်ဆန္ဒများကို
ဆွဲထုတ်၍ ထိုအလင်းတန်းကို
ခုတ်ပိုင်းချလိုက်၏။

ခရမ်းရောင်ဓားစွမ်းအင်အလင်းတန်းတစ်ခု
ပေါက်ကွဲထွက်လာပြီး အလင်းတန်းကို
ပြင်းထန်စွာ ခုတ်ပိုင်းသွားသည်။

အုန်း!

နှစ်ခုလုံး ကွဲထွက်သွားပြီး တိုက်ခိုက်ရာကနေ
ထွက်လာသည့် အားလှိုင်းကြောင့်

အနီးပတ်ဝန်းကျင်ရှိ မြေပြင်များ
အဆက်မပြတ် ပြိုကျသွားသည်။

ယန်ယဲ့သည် ဤအခွင့်အရေးကို ဆုပ်ကိုင်ကာ
အရှိန်အပြည့်ဖြင့် ရှေ့ကို
တဟုန်ထိုးခုန်ထွက်လိုက်လေသည်။

၇၈၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၈၉ - မူလစေတီ၏ စွမ်းရည်။

"ယန်ယဲ့၊ မင်း ငါတို့လက်ကနေ မလွတ်နိုင်ဘူး!" ဒေါသတကြီး အော်သံက သူ့နောက်ကနေ ထွက်ပေါ်လာသည်။ ယန်ယဲ့သည် ဤအသံကို ကြားလိုက်သည်နှင့် အဘိုးအိုရှမ်မင် ဖြစ်နေကြောင်း ချက်ချင်း သိလိုက်သည်။

ထို့အပြင် အဘိုးအိုရှမ်မင်၏ နောက်၌လည်း နောက်ထပ်လူ ၂ ယောက် ရှိနေကြောင်းလည်း သူခံစားမိလိုက်သည် ။

တစ်နည်းဆိုရသော်
သူ့နောက်ကိုလိုက်လာသည့်
သူတော်စင်တစ်ပိုင်းအဆင့် အနည်းဆုံး ၃
ယောက် ရှိသည်။

"ဒီခွေးအိုကြီးရှမ်မင်က ငါ့ကို တကယ်
အထင်ကြီးထားတာပဲလား"ယန်ယဲ့ဟာ
ဤအဖြစ်အပျက်ကြောင့် ဒေါသထွက်သွားပြီး
စိတ်ထဲမှာ ကျိန်ဆဲလိုက်သည်။

အဘိုးအိုရှမ်မင် သူ့ကို လိုက်ဖမ်းသည့်
အကြောင်းရင်းမှာ တိုက်ကြီးထဲက

အဖြစ်အပျက်နဲ့ သေချာပေါက်
ဆက်စပ်နေနိုင်သည်ကို
ကောင်းစွာသိရှိထားသည်။

ထိုအချိန်တွင် အဘိုးအိုရှုမ်ကုန်က
သူပစ်လွှတ်လိုက်သော
အံ့အားသင့်ဖွယ်တိုက်ခိုက်မှုတစ်ခုကြောင့်
သေဆုံးသွားခဲ့ရသည်။
အဘိုးအိုရှုမ်မင်က အဘိုးအိုရှုမ်ကုန် နှင့်
အလွန်ကောင်းမွန်သောဆက်ဆံရေးရှိကြောင်း
သိသာနေပါသည်။

ဖိနပ်ရေးကျောက်တုံးကလည်း သူ့လက်ထဲတွင် ရှိနေ၏။ အဘိုးအိုရှမ်မင်က သူ့ကို ပစ်မှတ်မထားမှသာ ထူးဆန်းပေလိမ့်မည်။

ထို့အပြင် သူ့ကျင့်ကြံမှုက သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးထက် နိမ့်ကျနေသည်ဖြစ်ရာ အမြန်နှုန်းက ပို၍နှေးကွေးပါသည်။

အချိန်အနည်းငယ်ကြာပြီးနောက် သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးက သူနှင့် မီတာ ၁၀၀ ကျော်လောက်သာ ဝေးတော့၏။

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး
တဖြည်းဖြည်းနဲ့ နီးကပ်လာသည်ကို
မြင်သောအခါ ယန်ယဲ့၏ မျက်ခုံးများက
တွဲချည်သွားသည်။

"ယန်ယဲ့၊ ဖိနှိပ်ရေးကျောက်တုံးကို လွှဲပေးပြီး
ကိုယ့်ကိုယ်ကို သတ်သေလိုက်။ ဒါဆို
မင်းရဲ့အလောင်းကို နဂိုအတိုင်းထားလိုက်မယ်။
မဟုတ်ရင် မင်းအတွက် သေတာထက်
ပိုဆိုးအောင် ငါလုပ်မယ်။” ထိုအချိန်မှာပဲ

အဘိုးအိုရှမ်မင်၏ ပြင်းထန်သော အသံသည် သူ့နောက်မှ ထွက်ပေါ်လာသည်။

အဘိုးအိုရှမ်မင်က ယန်ယဲ့ကို အရိုးထိအောင် မုန်းတီးခဲ့သည်။

သူ၏ စီနီယာအစ်ကို ရှမ်ကုန်ဟာ ထိုနေ့က သေဆုံးခြင်းကို ရှောင်တိမ်းနိုင်ခဲ့၏။ သို့ရာတွင် မမျှော်လင့်ဘဲ ယန်ယဲ့၏ အလစ်အငိုက်တိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ရသည်။

ထို့ကြောင့် သူက ချီဘူဖန်း နှင့်
နှိုင်းယှဉ်ကြည့်လျှင် ယန်ယဲ့ကို ပို၍
သတ်ဖြတ်ချင်နေပေသည်။

ယန်ယဲ့က အဘိုးအိုရှမ်မင် ကို ဂရုမစိုက်ပေ။
သူ့မျက်ခုံးများက တင်းတင်းကျပ်ကျပ်
တွဲချည်ထားသည်။ ဖြစ်နိုင်ခြေကို တွေးရင်း
ရုတ်တရက် သူ့မျက်လုံးများက တလက်လက်
တောက်ပလာသည်။

"မူလစေတီ...။"

မူလစေတီထဲ ပုန်းအောင်းရန်
ရည်ရွယ်နေခြင်းက အန္တရာယ်ရှိသော်ငြားလည်း
အကယ်၍ တစ်ဖက်လူ သတိမထားမိပါက.....?

ဤအခိုက်မှာ သူက မျှော်လင့်ချက်ကင်းမဲ့သော
အခြေအနေတွင် ရှိနေသောကြောင့်
တုံ့ဆိုင်းနေပြီး စဉ်းစားရန် အချိန်မရှိပေ။
မည်သို့ပင်ဖြစ်စေ သူက စမ်းကြည့်ရန်သာ
ဆုံးဖြတ်လိုက်၏!
ထို့နောက် ယန်ယွဲ့သည် ရှေ့တည့်တည့်
ဆက်မပြေးတော့ဘဲ စိတ်အာရုံအသိကို

ထုတ်လွှတ်ကာ မြွေလိမ်မြွေကောက်သဏ္ဍာန်ပြေးနေလိုက်သည်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့၏ ပုံရိပ်ဟာ သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး ရှေ့မှာပဲ ပျောက်ကွယ်သွားပါတော့သည်။

"ဒီကောင် ဘယ်ရောက်သွားတာလဲ" သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးက မျက်မှောင်ကြုတ်ကာ “ချီး...။ ဒီကောင်က မြေကြီးနဲ့ ပေါင်းစပ်နိုင်တယ်လို့တော့ ငါ့ကိုမပြောနဲ့။ ငါမယုံဘူး။”

ထိုစကားပြောနေရင်းဖြင့် သူ၏လက်သီး ရှေ့မြေပြင်အား ထိုးချလိုက်ရာ သူ့ရှေ့ရှိ ကျောက်နံရံပေါ်တွင် အပေါက်ကြီးတစ်ခု ချက်ချင်းပေါ်လာသည်။

သို့သော်လည်း ယန်ယဲ့သည် ထူးဆန်းစွာပင် ပျောက်ကွယ်သွားသကဲ့သို့ မည်သည့်နေရာမှ ရှာမတွေ့ခဲ့ပေ။

"သေချာတယ်၊ သူဒီမှာရှိနေတုန်းပဲ!" အဘိုးအိုရွှမ်မင်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

ဤအခိုက်အတန့်တွင် မမြင်နိုင်သော
ကြောက်မက်ဖွယ် ဖိအားတစ်ခုက ရုတ်တရက်
ကျရောက်လာသောကြောင့်
သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး၏
အမူအရာများက
သိသိသာသာပြောင်းလဲသွားကြသည်။

အဘိုးအိုရှမ်မင်၏ အသံထွက်လာသည်နှင့်
ယန်ယဲ့သည် ဆက်၍ပုန်းအောင်းမနေတော့ဘဲ
ထွက်၍ လှျပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ယန်ယွဲ့သည် သူ့တိုက်ခိုက်မှုကို အဘိုးအိုရှမ်မင်
အား ဦးတည်လိုက်ခြင်းဖြစ်သည်။

ကံဆိုးစွာပဲ သူနှင့် အဘိုးအိုရှမ်မင် ကြားမှာ
သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါး ရှိနေ၏။

ထို့ကြောင့် သူ၏ လျှပ်တစ်ပြက်တိုက်ခိုက်မှုက
အနီးဆုံးမှာ ရှိနေသည့်
သူတော်စင်တစ်ပိုင်းအဆင့်ထံသာ
ဦးတည်လိုက်ရတော့သည်။

ထိုလူက သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်နေသောကြောင့် ယန်ယွဲ့ဟာ
သူ၏စွမ်းအားကို လုံးဝထိန်းမထားပေ။

သူက ဖိနှိပ်ရေးကျောက်တုံးကို ထုတ်ယူကာ
ငှင်းကို သိုင်းကေရာဇ်အဆင့် ဖိနှိပ်လိုက်ပြီး
ဓားနယ်မြေ နှင့် အဆင့် ၁၂ ဓားစိတ်ဆန္ဒကိုပါ
တစ်ပြိုင်နက်တည်းထုတ်ဖော်လိုက်သည်။

ထို့နောက်တွင်  မိုးကြိုးငါးသွယ်ဓားကျင့်စဉ်
အဆင့် ၃ နှင့် အလင်း၏အမြန်နှုန်း ကိုပါ
ထပ်မံ၍ ထုတ်ဖော်လိုက်ကာ
ဓားစိတ်ဆန္ဒဓားကို ဆွဲထုတ်ပြီး
ပိုင်းချလိုက်လေတော့သည်။

ဤအခိုက်တွင် ယန်ယဲ့က
ရုတ်ချည်းပေါ်လာသဖြင့်
သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါးလုံး
အံ့အားသင့်နေကြသည်။

ယန်ယဲ့ ရှေ့တွင် ရပ်နေသည့်
သူတော်စင်တစ်ပိုင်းအဆင့် က ရုတ်တရက်
သူ့ဆံပင်များ အဆုံးမဲ့ထောင်မတ်သွားသည်ဟု
ခံစားလိုက်ရ၏။ တစ်ချိန်တည်းမှာပင်
မမြင်နိုင်သော ဖိအားနှစ်ခုက
သူ့အပေါ်တောင်ကြီးတစ်လုံးကဲ့သို့ ဖိချလာပြီး
ဒီခဏလေးမှာပဲ သူ့လည်ပင်းဆီမှ
အေးစက်မှုကို ခံစားလိုက်ရသည်။

ထို့နောက်မှာတော့ သူ့လည်ပင်းမှာ သွေးများ နီရဲနေပြီး ချက်ချင်းဆိုသလိုပဲ သူ့ခန္ဓာကိုယ်က တောင့်တင်းသွားပါသည်။

သူ၏မျက်လုံးများသည် တုန်လှုပ်မှုနှင့် မယုံကြည်မှုများဖြင့် ပြည့်နှက်နေသည်။ သို့သော် သူ့မျက်လုံးထဲမှ ခံစားချက်များအားလုံး အေးခဲသွားသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးက ဤသို့ပင် အသတ်ခံလိုက်ရသည်။

"မင်းဘယ်လိုလုပ်ဝံ့သလဲ!" အဘိုးအို၍မ်မင်က
သူ့ရှေ့ရှိ အဖြစ်အပျက်ကြောင့်
အံ့အားသင့်နေရာကနေ သတိဝင်လာပြီး
ချက်ချင်းပင် ဒေါသတကြီးကြိမ်းဝါးလိုက်သည်။
အခြားသူတော်စင်တစ်ပိုင်းအဆင့်ကလည်း
သတိဝင်လာပြီး သူ့အဖော်တစ်ဦး ရုတ်တရက်
သေဆုံးသွားသောကြောင့် သူ့နှလုံးသားက
ပြင်းထန်စွာ တုန်လှုပ်သွားပါသည်။

ထို့နောက် အဘိုးအို့ရှမ်မင် နှင့် ကျန်
သူတော်စင်တစ်ပိုင်းအဆင့်က ယန်ယဲ့ကို
ဒေါသတကြီး တိုက်ခိုက်လိုက်ကြသည်။

ယန်ယဲ့သည်
သူ၏အလစ်အငိုက်တိုက်ခိုက်မှုအောင်မြင်
ကြောင်း မြင်လိုက်သည်နှင့်
မိုးကောင်းကင်ခွဲခြေလှမ်းကို အသုံးပြုကာ
အဝေးဆီသို့ ပျံသန်းသွားလေသည်။
သို့ရာတွင် သူ့အမြန်နှုန်းက
အနည်းငယ်နောက်ကျနေသဖြင့်

စွမ်းအင်လက်ဝါးနှစ်ဖက်က သူ့နောက်ကျောကို တည့်တည့်ရိုက်ချလာခဲ့သည်။

ယန်ယဲ့သည် ဤအခြေအနေကို မျှော်လင့်ထားပုံရပြီး ချက်ချင်းပင် အားပြောင်းအားလွှဲဒိုင်းကို ထုတ်ယူကာ သူ့နောက်ကျောဖက် ကာထားလိုက်၏။

သို့သော် ၎င်းသည် သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး ၏ပူးပေါင်းတိုက်ခိုက်မှုဖြစ်သည်။

အရှိန်ကလည်း အရမ်းမြန်နေသည်ဖြစ်ရာ အားပြောင်းအားလွှဲဒိုင်းက အချိန်မှီ မကာနိုင်ခဲ့ပေ။

အုန်း! ဘုန်း!

လက်ဝါးနှစ်ဖက်က အားပြောင်းအားလွှဲဒိုင်း အပေါ် တည့်တည့်ရိုက်ချလာပြီး ပြင်းထန်သောအားလှိုင်းရိုက်ခတ်မှုက ယန်ယွဲ့၏ နောက်ကျောကို ထိမှန်သွားလေသည်။

ယန်ယဲ့သည် သူ့ကိုယ်ပေါ် တောင်ကြီးတစ်လုံး ပြိုကျလာသကဲ့သို့ ခံစားလိုက်ရပြီး သူ့ပါးစပ်ထဲမှ သွေးများ အန်ထွက်လာသည်။ သို့သော် ရုတ်တရက်ဆိုသလိုပင် သူ၏ခန္ဓာကိုယ်ကို ထိန်းလိုက်ကာ တန်ပြန်အားကို ယူ၍ ရှေ့ကိုတဟုန်ထိုး ထွက်ပြေးလိုက်သည်။

တစ်ခဏလေးအတွင်းမှာပဲ ယန်ယဲ့ဟာ သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး၏ ရှေ့ကနေ ပျောက်ကွယ်သွားလေသည်။

သို့ရာတွင် လမ်းတစ်လျှောက် စီးကျနေသည့် သွေးစက်များကျန်နေခဲ့၏။

"သူ့ကို ကယ်တင်နိုင်ပါဦးမလား!?" အဘိုးအို့ရှမ်မင်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။

အဘိုးအို့ရှမ်မင်၏ ဘေးနားရှိ အဘိုးအိုက ခေါင်းခါပြီး “သူ့လည်ပင်းကို တိတိရိရိ ဖြတ်တောက်ထားတဲ့အပြင် အဆင့် ၁၂ ဓားစိတ်ဆန္ဒက သူ့ရဲ့အသက်စွမ်းအင်တွေကို ဆက်တိုက် တိုက်စားနေတယ်။ ဒီကလေးက

ဘယ်လောက်တောင် ရက်စက်လိုက်သလဲ!”

သူ့အသံက တုန်လှုပ်ခြောက်ခြားမှုများနဲ့ ပြည့်နေ၏။

ယန်ယဲ့ဟာ သူတော်စင်တစ်ပိုင်းအဆင့် ကို သတ်နိုင်ခဲ့သည်လား။

အဘိုးအိုက စိတ်ထဲမှာ တုန်လှုပ်သွားမိသည်။

သို့သော် တစ်ချိန်တည်းတွင် သူတော်စင်တစ်ပိုင်းအဆင့် ၁ ပါးက ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်၏ လက်ထဲမှာ သေဆုံးသွားသောကြောင့် အကြီးအကျယ် ဒေါသထွက်သွားလေတော့သည်။

ဒါက မြင့်မြတ်နယ်မြေကို
အရှက်ခွဲခြင်းပင်မဟုတ်ပါလား။

"သူက တော်တော်လေးကို
လှိုက်လှဲဝှက်ဆန်းကြယ်တယ်!" အဘိုးအိုရှမ်မင်က
ဒေါသတကြီးနဲ့ "သူ ငါတို့နောက်မှာ
ပုန်းနေပေမယ့် ငါတို့ လုံးဝ သတိမထားမိဘူး။
သူက တတိအစ်ကိုနဲ့ သိပ်မဝေးဘဲ ငါတို့ကို
အလစ်တိုက်ခိုက်ရင်တောင်
ဖိနှိပ်ရေးကျောက်တုံးနဲ့ ဓားနယ်မြေကို သုံးပြီး
သတ်ပစ်ဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲ။"

၇၉၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၉၀ - မီးတောက်ချော်ရည်များ

"ရွှမ်မင်၊ ငါတို့ရဲ့မြင့်မြတ်နယ်မြေမှာ သူတော်စင်တစ်ပိုင်းအဆင့်တွေကိုတောင် ဒီလို လှည့်စားနိုင်တဲ့ လျှပ်ရှားမှုနည်းတစ်ခု ရှိသလား" အဘိုးအိုက အသံတိုးတိုးဖြင့် မေးရင်း အဘိုးအိုရွှမ်မင်ကို စိုက်ကြည့်နေသည်။

အဘိုးအို့ရှမ်မင်က ခေါင်းယမ်းကာ “ငရဲကေရီ တောင်မှ သူမရဲ့အရှိန်အဝါကို လုံးဝ ဖုံးကွယ်ထားလို့မရဘူး။ ဒါ့အပြင်၊ သူက အခုလေးတင် လေထဲမှာပဲ ပျောက်ကွယ်သွားတယ်။ ပြီးတော့ လေထဲကနေပဲ ပြန်ထွက်လာတယ်။

ဒါက လျှပ်ရှားမှုနည်းစနစ်တစ်ခုကော ဖြစ်နိုင်ရဲ့လားလို့ ငါသံသယဖြစ်မိတယ်။

ဒါပေမဲ့ အဖြေက ဘာလဲဆိုတာ ငါလည်း အမှန်ကိုမသိဘူး။ တိုတိုပြောရရင် ဒီယန်ယဲ့ပ အရမ်းထူးဆန်းနေတယ်။

ဘာပဲဖြစ်ဖြစ် ငါတို့က အစစအရာရာ
သတိထားမှရမယ်။"

” အခု သူက
ဒဏ်ရာအပြင်းအထန်ရနေပြီဆိုတော့
သူ့ရဲ့အင်အားက ကျဆင်းသွားလောက်ပြီ။
ဒါကြောင့် သူ့အရှိန်က အရင်ကထက်
အများကြီး နှေးကွေးနေမှာ သေချာတယ်။
သူ့နောက်ကို ချက်ချင်း လိုက်ရအောင်။

အဘိုးအိုရှမ်မင်၏အသံ
ထွက်ပေါ်လာသည့်နောက် သူတို့

နှစ်ယောက်စလုံး နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ဤအချိန်တွင် ယန်ယဲ့ သည်
အလွန်ဆိုးရွားသော အခြေအနေတွင် ရှိနေ၏။
သူ့ကျောပြင်က လုံးဝကွဲအက်သွားပြီး
နောက်ကျောတစ်ခုလုံးကို သွေးများ
ဖုံးလွှမ်းထားပါသည်။
ထို့အပြင် ကောင်းကင်ပျက်စီးခြင်းဓား၊
ဓားနယ်မြေ၊ မိုးကြိုးငါးသွယ်ဓားကျင့်စဉ်၊
အလင်း၏အမြန်နှုန်း နှင့် ဖိနှိပ်ရေးကျောက်တုံး
တို့ကို အတင်းအကြပ်အသုံးပြုခဲ့သဖြင့်

သူ၏ဆန်းကြယ်ချီစွမ်းအင်က
လုံးလုံးလျားလျား ကုန်ဆုံးသွားခဲ့သည်။

ဤအခိုက်အတန့်တွင် သူက
ဆန်းကြယ်ချီစွမ်းအင်ကို အသုံးမပြုတော့ဘဲ
ရုပ်ခန္ဓာခွန်အားကိုသာအသုံးပြု၍ ရှေ့မြေပြင်ကို
ထိုးဖောက်ကာ ဆက်၍ပြေးလွှားနေခဲ့သည်။

သို့သော် နာရီဝက်ခန့်ကြာပြီးနောက်
သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါးက
တဖြည်းဖြည်းနဲ့ ထပ်မံ နီးကပ်လာသည်ကို

သတိပြုမိပြီး သူ့မျက်ခုံးများက ပို၍ပင် တင်းတင်းကျပ်ကျပ် ချည်နှောင်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် သူ့ပတ်ဝန်းကျင်က အပူချိန်များ တိုးလာသည်ကို ခံစားလိုက်ရသည်။ မကြာခင်မှာပဲ ယန်ယွဲ့ဟာ ဖြစ်နိုင်ခြေတစ်ခုကို စဉ်းစားမိသွားလေသည်။

သူက မြေပြင်အောက် အနည်းဆုံး ကီလိုမီတာ ၃၀ အနက်ပိုင်းသို့ ရောက်နေသောပြီး အပူရှိန်က တဖြည်းဖြည်း မြင့်လာကြောင်း ခံစားမိလိုက်လေသည်။

ရုတ်တရက် သူ့ရှေ့မှ မြင်ကွင်းက
လုံးလုံးပြောင်းသွားကာ
အနီရောင်ပင်လယ်ကြီးကဲ့သို့
မီးတောက်ချော်ရည်ပြင်ကြီးကို
မြင်တွေ့လိုက်ရသည်။

"ငါ့မှာ ငရဲတစ္ဆေမီးတောက်ရှိတယ်။ ဒါကြောင့်
ငါ အဲဒါကို လုံးဝကြောက်စရာမလိုဘူး။
ချော်ရည်တွေထဲကို ဝင်ဖို့ပဲ လိုတယ်။ ဒါဆိုရင်
ငါ့ရဲ့ဆန်းကြယ်ချီစွမ်းအင်ကို
ထုတ်သုံးစရာတောင်မလိုဘူး။" ယန်ယဲ့သည်

စိတ်ထဲကနေ တိုးညှင်းစွာရေရွတ်ရင်း
ငရဲတစ္ဆေမီးတောက်ကို ထုတ်ကာ
သူ့ခန္ဓာကိုယ်ကို ကာထားလိုက်သည်။

"ယန်ယဲ့၊ သေ!" ဒီအချိန်မှာပဲ သူ့နောက်ကနေ
အဘိုးအိုရှမ်မင်၏ ဒေါသတကြီးအသံ
ထွက်လာပြီး သလင်းကျောက်ကဲ့သို့
ကြည်လင်သော လက်ဝါးကြီးတစ်ဖက်က
အားပြောင်းအားလွှဲဒိုင်း ပေါ်ထပ်မံ၍
ရိုက်ချလိုက်သည်။

အုန်း!

အားပြောင်းအားလွှဲဒိုင်း က
တိုက်ခိုက်မှုကိုခုခံပြီး လက်ဝါးထဲမှ စွမ်းအင်ကို
စုပ်ယူလိုက်သော်လည်း ယန်ယွဲ့
၏ပါးစပ်ထဲကနေ
သွေးတစ်လုတ်အန်ထွက်လာသည်။

"ငါ့တိုက်ခိုက်မှုကို ခုခံစမ်း။" ယန်ယွဲ့သည်
သူ့ပါးစပ်ထောင့်မှ စီးကျနေသော သွေးများကို
သုတ်လိုက်ပြီး အားပြောင်းအားလွှဲဒိုင်း ကို
အားနှင့်ပုတ်လိုက်သည်။

အားပြောင်းအားလွှဲဒိုင်းက ပြင်းထန်စွာ
တုန်ခါလာပြီး ချက်ချင်းဆိုသလိုပင်
နက်ပြာရောင်အလင်းတန်းတစ်ခုက
အဘိုးအို့ရှမ်မင် နှင့် သူ့အဖော်
သူတော်စင်တစ်ပိုင်းအဆင့် ရှေ့
ရောက်လာလေသည်။

အားပြောင်းအားလွှဲဒိုင်းကနေ ထွက်လာသည့်
နက်ပြာရောင်အလင်းတန်းကို မြင်သောအခါ
အဘိုးအို့ရှမ်မင်၏ အမူအရာက အနည်းငယ်
ပြောင်းလဲသွားသည်။

ဤဒိုင်းကာက ဤမျှ
ကြောက်စရာကောင်းသော တိုက်ခိုက်မှုကို
အမှန်တကယ် ထုတ်ဖော်နိုင်လိမ့်မည်ဟု သူ
မထင်ထားခဲ့ပေ။

အကြောင်းအရင်းမှာ
ထိုနက်ပြာရောင်အလင်းတန်းက
သူတော်စင်တစ်ပိုင်းအဆင့်၏
တိုက်ခိုက်မှုထက်ပင်
နိမ့်ကျမနေသောကြောင့်ပါ။

သူတို့နှစ်ဦးက ပေါ့ပေါ့ဆဆ မလုပ်ဆောင်ဝံ့ဘဲ
လက်ဝါးများကို ရှေ့သို့ တညီတညွတ်တည်း
ဆန့်ထုတ်ကာ ရိုက်ချလိုက်ကြသည်။
နက်ပြာရောင်စွမ်းအင်အလင်းတန်းက
ချက်ချင်းပင် ကွဲထွက်သွားပြီး
ပြန့်ကျဲသွားသည်။ ထိုအချိန်တွင်
ယန်ယဲ့၏ပုံရိပ်သည်လည်း သူတို့ရှေ့ကနေ
ရုတ်ချည်း ပျောက်ကွယ်သွားခဲ့သည်။

"သွားရအောင်!" နှစ်ဦးလုံးက ရပ်တန့်မနေဘဲ
အလင်းတန်းများအဖြစ်သို့
ပြောင်းလဲသွားကြသည်။

ယန်ယဲ့သည် သူ့ရှေ့မှ မြေသားတံတိုင်းကို
ထိုးဖောက်လိုက်သည်နှင့်
ချော်ရည်များပြည့်နေသော နေရာသို့
ခုန်ဆင်းရမည်ကို သတိပြုမိသောကြောင့်
အနည်းငယ် ရပ်တန့်သွားသည်။

ဤနေရာရှိ အပူချိန်သည်
ငရဲတစ္ဆေမီးတောက်ဖြင့် ကာထားသည့်
သူ့ခန္ဓာကိုယ်ကိုပင် မသက်မသာဖြစ်စေသည်။

ယန်ယဲ့သည်
သူ၏ဘယ်ဖက်လက်ဝါးကိုလှန်လိုက်ပြီး

ငရဲတစ္ဆေမီးတောက်နှင့်
နဝမငရဲအေးမီးတောက်ကို ပေါင်းစပ်၍
သူ့ခန္ဓာကိုယ်တစ်ခုလုံးအား
ဖုံးအုပ်ထားလိုက်သည်။

ထို့နောက် သူ့လက်ကောက်ဝတ်ကို
တစ်ချက်လှန်လိုက်ပြီး
ဓားချီကြိုးတစ်ချောင်းကို ရှေ့သို့ပစ်လွှတ်ကာ
မြေသားတံတိုင်းကို ထိုးခွဲလိုက်လေသည်။

ယန်ယဲ့သည် မျက်ခွံများ ထပ်မံ
လှုပ်ယမ်းသွားသည်။

သူ့တွင် ရွေးချယ်ခွင့်သာရှိပါက
ချော်ရည်ပင်လယ်ထဲကို လုံးဝ
ခုန်မဆင်းမှာမဟုတ်ပေ။

ယခုတော့ ရွေးချယ်စရာမရှိသည်ဖြစ်ရာ
ချော်ရည်ပင်လယ်ထဲ အရဲစွန့်ခုန်ဆင်းရုံသာ။

သူ့နောက်ဖက်ကို တစ်ချက်လှည့်ကြည့်ရင်း
ညာခြေကို တစ်ချက်ဆောင့်ကာ
အဖြူရောင်မီးလုံးအဖြစ်ပြောင်းလဲ၍
ချော်ရည်ပင်လယ်ထဲသို့ တဟုန်ထိုး
ခုန်ဆင်းသွားလေတော့သည်။

သိပ်ပင်မကြာလိုက်ပေ၊ အစောပိုင်းက ယန်ယဲ့ ရပ်နေသည့် နေရာတွင် အဘိုးအိုရှမ်မင် နှင့် အခြားသူတော်စင်တစ်ပိုင်းအဆင့် တို့ ချက်ချင်းဆိုသလို ပေါ်လာကြသည်။

ဤအခိုက်အတန့်တွင် နှစ်ဦးလုံးက ခန္ဓာကိုယ်ကို ရွှေရောင်စွမ်းအင်အလွှာပါးပါးလေးဖြင့် ဖုံးအုပ်ထားရာ  ချော်ရည်ပူများက ၎င်းတို့ကို လုံးဝမထိခိုက်စေနိုင်ပေ။

"ဘာလို့ ဒီမှာ ချော်ရည်ပူတွေ ရှိနေတာလဲ" အဘိုးအိုရှမ်မင်က ချော်ရည်ပူများကို

ေးကြည့်ရင်း မျက်မှောင်ကြုတ်လိုက်သည်။
သူ့လေသံကလည်း
မသိမသာလေးနက်နေပါသည်။

"ငါတို့က အခု မြေပြင်အောက် ကီလိုမီတာ ၁၀၀
လောက်မှာ ရှိနေတယ်ထင်တယ်။" ဘေးနားရှိ
အဘိုးအိုက လေးလံနေသောအသံဖြင့်
ပြန်ပြောလိုက်၏။

ထိုစကားကြောင့် အဘိုးအိုရှမ်မင်က မျက်ခုံးများ
တဆတ်ဆတ်လှုပ်ယမ်းသွားကာ
"မင်းဆိုလိုတာက အခု ငါတို့ဟာ

မီးဝိညာဉ်မျိုးနွယ်စုရဲ့ ပိုင်နက်ထဲကို ရောက်နေပြီလို့ ပြောနေတာလား။"

မြင့်မြတ်နယ်မြေတွင် လူသားများသာမကပေ၊ ဆန်းကြယ်တိုက်ကြီးမှာ မရှိတော့သည့် နတ်ဆိုးများ၊ နတ်မိစ္ဆာများနှင့် အခြားသော သက်ရှိသတ္တဝါမျိုးစုံ ရှိနေခဲ့သည်။

အမှန်ပင် ၎င်းတို့အားလုံးသည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀,၀၀၀ ကတည်းက ဆန်းကြယ်တိုက်ကြီးကနေ မြင့်မြတ်နယ်မြေသို့ ပြောင်းရွှေ့ခဲ့ကြခြင်းပါ။

အကြောင်းအရင်းကတော့
မြင့်မြတ်နယ်မြေတွင် နေထိုင်ပြီး
နယ်ခြားမိစ္ဆာများ ကို ရင်ဆိုင်တိုက်ခိုက်ရန်ပင်
ဖြစ်သည်။

ထို့အပြင် မီးဝိညာဉ်မျိုးနွယ်စုက
လူသားမျိုးနွယ်အပေါ် အလွှန်ရန်လိုသော
မျိုးနွယ်စုများထဲမှ တစ်ခုဖြစ်သည်။

"ငါတို့က မီးဝိညာဉ်မျိုးနွယ်စုရဲ့နယ်မြေထဲကို
ရမ်းသမ်းဝင်လိုက်ရင်
အတော်လေးဒုက္ခများနိုင်တယ်။

မီးဝိညာဉ်မျိုးနွယ်စုထဲမှာ ငါတို့လူသားတွေကို အရမ်း မုန်းတီးနေတဲ့ လူအိုကြီးတွေရှိတာကို မင်း သတိပြုမိသင့်တယ်။

ဒီတော့ သူတို့နယ်မြေမှာ တိုက်ခိုက်ရင် သေချာပေါက် ငါတို့ ဒုက္ခရောက်မှာပဲ။ ဒါ့အပြင် ယန်ယဲ့က မီးဝိညာဉ်မျိုးနွယ်စုထဲကို ဝင်သွားပြီဆိုတော့ သူလည်း သေသွားလိမ့်မယ်။" အဘိုးအို့ရှမ်မင်၏ ဘေးနားရှိ အဘိုးအိုက အသံတိုးတိုးလေးနဲ့ ပြောလိုက်သည်။

အဘိုးအိုရှမ်မင်က ခဏတာ ငြိမ်သက်စွာ ရပ်လိုက်ပြီး "မဟုတ်ဘူး၊ ဖိနှိပ်ရေးကျောက်တုံးက မီးဝိညာဉ်မျိုးနွယ်ရဲ့ လက်ထဲ မရောက်သင့်ဘူး။ ဒါ့အပြင် ယန်ယဲ့က အတော်လေးကို ထူးဆန်းလွန်းတယ်။ သူသာ အောင်အောင်မြင်မြင်နဲ့ ထွက်ပြေးသွားနိုင်ရင် ငါတို့အတွက် ကြီးမားတဲ့ ပြဿနာ ဖြစ်လာမှာပဲ။ ပြီးတော့ ဒီတစ်ကြိမ်လွဲချော်သွားရင် ငါတို့က သေချာပေါက် အပြစ်ပေးခံရမှာ။"

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၉၁ - မသေချင်ထွက်သွားလိုက်

ရှမ်မင်၏ နံဘေးမှ အဘိုးအိုက တုန်လှုပ်ခြောက်ခြားစွာနဲ့ “မင်း သူတို့နယ်မြေကို ကျူးကျော်ဖို့ ရည်ရွယ်ထားတာလား”

"အခုအချိန်မှာ ယန်ယဲ့က ဒဏ်ရာအပြင်းအထန် ရထားတယ်။ ငါတို့ သူ့ကို အခုမသတ်ရင် သူသာ

သိုင်းကောရာဇ်အဆင့် တက်သွားတာနဲ့

သေချာပေါက် ဒုက္ခများသွားလိမ့်မယ်။

ဒီလိုအခွင့်အရေးမျိုးကို

လက်လွတ်မခံသင့်ဘူးမဟုတ်လား။

မီးဝိညာဉ်မျိုးနွယ်စု နဲ့ ပတ်သက်ပြီးတော့

သူတို့က ငါတို့ရဲ့မြင့်မြတ်နယ်မြေကို

ဆန့်ကျင်ရဲတဲ့ သတ္တိရှိမယ် ဆိုတာ ငါ မယုံဘူး။”

စကားပြောပြီးသည်နှင့် အဘိုးအိုရွှမ်မင်၏

ပုံရိပ်က ရှေ့သို့တိုးလာသည်။

အဘိုးအိုသည်လည်း

ခဏာတာတုံ့ဆိုင်းနေပြီးနောက်မှ

အဘိုးအိုရှမ်မင်း၏ နောက်သို့ ကမန်းကတန်း
လိုက်ပါလာသည်။

ယခုအချိန်တွင် ယန်ယဲ့၏ ခန္ဓာကိုယ်သည်
ငရဲတစ္ဆေမီးတောက်ဖြင့် ဖုံးအုပ်ထားသည်။
ချော်ရည်ပင်လယ်ထဲသို့
အဆက်မပြတ်ကူးခတ်နေရင်း
သူ၏ခန္ဓာကိုယ်တစ်ခုလုံး လုံးဝနီရဲနေခဲ့သည်။
တစ်နည်းပြောရလျှင် သူ့ခန္ဓာကိုယ်က
မီးကင်ထားသည့်အလား
အလွန်ထိတ်လန့်စရာကောင်းတဲ့
မြင်ကွင်းတစ်ခုပင်ဖြစ်လေတော့သည်။

ဤအခိုက်တွင် ယန်ယဲ့၏
အခြေအနေသည်လည်း အတော်လေးကို
ဆိုးရွားနေပါသည်။

သူဟာ ချော်ရည်ထဲသို့ ပိုမိုနက်ရှိုင်းစွာ
ရွေ့လျားလာသည်နှင့်အမျှ အပူချိန်က
အဆက်မပြတ် မြင့်တက်လာသည်။

ယခုအချိန်တွင် သူ့ခန္ဓာကိုယ်ကို
ငရဲတစ္ဆေမီးတောက်ဖြင့် လွှမ်းခြုံထားသော်ငြား
ချော်ရည်ပင်လယ်ထဲရှိ ကြောက်မက်ဖွယ်
အပူရှိန်ကို ခုခံနိုင်စွမ်းမရှိတော့ပေ။

ကံကောင်းထောက်မစွာ သူ့တွင်
ငရဲတစ္ဆေမီးတောက် ရှိနေ၍သာ
တော်တော့သည်။

ထိုသို့မဟုတ်ပါက သူ့ခန္ဓာကိုယ်ဟာ ယခု
ဒဏ်ရာအပြင်းအထန်မရလျှင်ပင် အပူရှိန်ကို
တောင့်ခံထားနိုင်မည်မဟုတ်ပေ။

ချော်ရည်ပင်လယ်ကနေ ထွက်ပေါ်လာသည့်
ကြောက်မက်ဖွယ်အပူလှိုင်းများအပြင်
ယန်ယွဲ့ဟာ အဘိုးအိုရှမ်မင်နှင့် သူ့အဖော်
သူတော်စင်တစ်ပိုင်းအဆင့် ပါ

ချော်ရည်ပင်လယ်ထဲသို့ ဝင်ရောက်လာသည်ကို ခံစားမိခဲ့သည်။

ထို့အပြင် တစ်ချိန်တည်း ၎င်းတို့က သူနှင့်ပင် တဖြည်းဖြည်း နီးကပ်လာသယောင်ပင်။

ကံကောင်းစွာဖြင့် ယခုအချိန်တွင် သူ၏အော်ရာနှင်အ အငွေ့အသက်များက ချော်ရည်ပင်လယ်ထဲမှာ ကျန်နေခြင်းမရှိပါ။

ထို့ကြောင့် အဘိုးအိုရှမ်မင် နှင့် သူ့အဖော် သူတော်စင်တစ်ပိုင်းအဆင့် တို့

အမြိုလိုက်လာနိုင်သည့်တိုင် ၎င်းတို့အား
အလွယ်တကူ ရှောင်တိမ်းနိုင်၏။

သို့သော်လည်း ယန်ယဲ့၏
လက်ရှိအခြေအနေသည် တဖြည်းဖြည်း
ပိုဆိုးလာသည်။

ဤအခိုက်အတန့်မှာ သူ့ကိုယ်တွင်းအင်္ဂါများက
မီးလောင်ကျွမ်းလုနီးပါး ခံစားရပြီး
သူ့လည်ပင်းနှင့်မျက်နှာအရေပြားများ
ကြွတက်လာကာ ကျွတ်ထွက်လာလေသည်။

ငရဲတစ္ဆေမျိုးတောက်က

သဘာဝလွန်မျိုးတောက်တစ်ခုဖြစ်သည်။

၎င်းထက် အဆင့်အတန်းမြင့်မားသော

သဘာဝလွန်ရတနာမဟုတ်ပါက

အခြားမျိုးတောက်များဟာ

ငရဲတစ္ဆေမျိုးတောက်ကို

လောင်ကျွမ်းနိုင်မည်မဟုတ်ချေ။

သို့သော် ယခုအချိန်တွင်မူ

ငရဲတစ္ဆေမျိုးတောက်သည် သူ့ခန္ဓာကိုယ်ကို

အနည်းငယ် ကာကွယ်နိုင်ရုံမျှသာဖြစ်သည်။

ယန်ယဲ့လည်း ဤအချိန်မှာ အလွန်အမင်း အံ့သြနေ၏။ "ဒီချော်ရည်တွေက ဘာလို့ အရမ်းပူနေတာလဲ။ သူတော်စင်တစ်ပိုင်းအဆင့်နဲ့ ယှဉ်နိုင်တဲ့ ငါ့ခန္ဓာကိုယ်တောင်မှ အပူချိန်ကို မခံနိုင်ဘူး။ ဒီအထဲကို ဆက်မသွားဘူးဆိုလည်း နောက်ကနေ လိုက်လာတဲ့ လူအိုကြီးနှစ်ယောက်ကို ရင်ဆိုင်ဖို့ပဲရှိတယ်။ ဟူး..... တကယ်ကို သောက်ကျိုးနည်းတာပဲ။ ငါ့အခြေအနေက နောက်ပြန်ဆုတ်ဖို့ လမ်းမရှိတော့ဘူးပဲလေ။ ဒီလိုဆိုမိတော့

ငါ့အရှိန်ကို ထပ်မြှင့်ပြီး ဒီချော်ရည်ပင်လယ်ကို ဖြတ်ကျော်နိုင်မလားဆိုတာ ကြည့်ရအောင်။"

သူ့စိတ်ထဲ ဤအချက်ကို
တွေးတောမိသည့်အခါ ယန်ယွဲ့သည်
အနည်းငယ်မျှပင် တုံ့ဆိုင်းမနေတော့ပေ။
သူ့ခန္ဓာကိုယ်ထဲရှိ လက်ကျန်
ဆန်းကြယ်ချီစွမ်းအင်ကို ထုတ်ဖော်လိုက်၏။
သူ့ခန္ဓာကိုယ်ကနေ အဆင့်နိမ့်သိုင်းကျောရာ၏
ထက် ကို ပြင်းထန်သောအရှိန်အဝါများ
ပေါက်ကွဲထွက်လာလေသည်။

ထို့အပြင် သူက

နတ်နဂါးဘိုးဘေးချပ်ဝတ်တန်ဆာကိုပါ

ထုတ်ဖော်လိုက်၏။

သို့သော် တစ်နာရီးပါး ကြာသည့်နောက်တွင်

နတ်နဂါးဘိုးဘေးချပ်ဝတ်တန်ဆာက

အက်ရာများပေါ်လာသည်။ ဤနေရာက

အပူချိန်ဟာ

အလွန်ကြောက်စရာကောင်းလှသည်။

နတ်နဂါးဘိုးဘေးချပ်ဝတ်တန်ဆာ ပင်လျှင်

ခုခံနိုင်ခြင်းမရှိတော့ပုံရ၏။

အမှန်တော့ သူ့ကိုယ်သူ တိုးတက်အောင်
လေ့ကျင့်ရန်နှင့် ရှေးဟောင်းအင်ပါယာများကို
ယူရန် မြင့်မြတ်နယ်မြေသို့ ရောက်လာခဲ့ခြင်းပါ။

ဆန်းကြယ်တိုက်ကြီးတွင် သူ့ကို
ကာကွာပေးထားသည့် အကြီးအကဲမှု နှင့်
အဘိုးအိုလုယန် တို့ရှိနေသည်။
ထိုအရာက သူ့အား တိုက်ကြီး၏
အရှင်သခင်ဖြစ်လာစေသည်။ မည်သူမျှ သူ့ကို
ဆန့်ကျင်ဝံ့ခြင်းမရှိပေ။

သို့သော် မည်သို့ပင်ဖြစ်စေ အရာအားလုံး တည်ငြိမ်အေးချမ်းသည့်နေရာမျိုးက အထွတ်အထိပ်ပညာရှင်ကို မွေးထုတ်ပေးရန် မဖြစ်နိုင်ပါ။

သေခြင်း၊ရှင်ခြင်း အခြေအနေနှင့် ရင်ဆိုင်ရမှသာလျှင် အင်အားကြီးထွားလာနိုင်သည်။

သူ၏လက်ရှိခွန်အားသည် သိုင်းကျောရာဇ်များကို အဆင့်ကျော်သတ်ဖြတ်နိုင်သည်။

သူတော်စင်တစ်ပိုင်းအဆင့် များနှင့် အနည်းငယ်ရင်ဆိုင်တိုက်ခိုက်နိုင်သော်ငြား အဆုံးတွင်သူသည် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးမျှသာ ဖြစ်သေး၏။

ထို့အပြင် ပြင်ပအကူအညီများမရှိပါကသူတော်စင်တစ်ပိုင်းအဆင့် နှင့်လုံးဝမယှဉ်နိုင်ပေ။

မည်သို့ပင်ဖြစ်စေ သူ၏လက်ရှိခွန်အားကသူ့ကိုယ်သူ ကာကွယ်နိုင်သည်ဟုယုံကြည်ထားသည်။

ထို့နောက် သူက မြင့်မြတ်နယ်မြေသို့ ခရီးထွက်လာခြင်းဖြစ်သည်။

သို့သော် မြင့်မြတ်နယ်မြေကို ရောက်သည်နှင့် ဤကဲ့သို့ ဆိုးဆိုးရွားရွားဖြစ်ရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

"ငါ ဒါကိုဖြတ်ကျော်နိုင်ရမယ်။ " ယခုအချိန်တွင် သူသည် ချော်ရည်ပင်လယ်ကို မဖြစ်မနေ ဖြတ်ကျော်ရမည်ဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်ထား၏။

သူ၏စိတ်အာရုံအသိက တဖြည်းဖြည်းနှင့် မှုန်ဝါးလာသည့်တိုင် အားတင်းပြီး ရှေ့ကိုသာ ဆက်သွားနေပါသည်။

...

အဘိုးအိုရှမ်မင် နှင့်

အခြားသူတော်စင်တစ်ပိုင်းအဆင့် တို့က ယန်ယဲ့နှင့် ယုဉ်လျှင် အ

ခြေအနေကောင်းနေသေး၏။

သူတို့နှစ်ဦးလုံးက

သူတော်စင်တစ်ပိုင်းအဆင့်များဖြစ်ရာ

ချော်ရည်များက မည်သည့်
ခြိမ်းခြောက်မှုမှမဖြစ်နိုင်ပေ။ ချော်ရည်များက
သူတို့အတွက် အနည်းငယ်မျှသာ
ဒုက္ခပေးနိုင်သည်။

ယန်ယဲ့ကို မဖမ်းနိုင်သည့် အကြောင်းအရင်းမှာ
သူတို့၏ အမြန်နှုန်းက နိမ့်ကျနေသောကြောင့်
မဟုတ်ပေ။ သူတော်စင်တစ်ပိုင်းအဆင့်
စိတ်အာရုံအသိကို ထုတ်လွှတ်ထားသည့်တိုင်
ယန်ယဲ့၏ အငွေ့အသက်အနည်းငယ်ကိုပင်
ရှာမတွေ့နိုင်ခဲ့သောကြောင့်ပါ။

ယန်ယဲ့ဟာ ချော်ရည်ပင်လယ်ထဲတွင်
ထူးဆန်းစွာပျောက်ကွယ်နေသဖြင့်
သူတို့နှစ်ဦးလုံးလည်း အံ့သြနေကြလေသည်။

ရုတ်တရက် သူတို့နှစ်ဦး၏ ပတ်ပတ်လည်ရှိ
ချော်ရည်များက အေးခဲသွားကာ
စီးဆင်းမှုရပ်တန့်သွားတော့သည်။

နှစ်ယောက်လုံး အမူအရာတွေ
ပြောင်းလဲသွားပြီး မျက်နှာတွင်
သတိအပြည့်ပေါ်လာကာ အသီးသီး

ဆန်းကြယ်ချီစွမ်းအင်ကို ချက်ချင်း မြှင့်တင်လိုက်ကြသည်။

ထိုခဏလေးမှာပဲ သူတို့နှစ်ဦးရှေ့သို့ မီးတောက်များဖုံးလွှမ်းနေသည့် ပုံရိပ် ၃ ခုပေါ်လာသည်ကို မြင်တွေ့လိုက်၏။

သူတော်စင်တစ်ပိုင်းအဆင့် ၃ ပါး။
ရောက်ရှိလာသူများက
သူတော်စင်တစ်ပိုင်းအဆင့်များ
ဖြစ်နေသောကြောင့် နှစ်ဦးလုံး၏

အမှုအရာများက သိသိသာသာ
ပြောင်းလဲသွားသည်။

မီးတောက်များဖုံးလွှမ်းနေသည့်
အဘိုးအိုတစ်ဦးက သူ့လက်ထဲတွင်
မီးလုံးတစ်လုံးကို ဆော့ကစားနေရင်း "လူသား
သူတော်စင်တစ်ပိုင်းအဆင့်တွေ၊ ငါတို့
မီးဝိညာဉ်မျိုးနွယ်စုရဲ့စည်းမျဉ်းတွေကို
မသိတာလား။ ငါရဲ့နယ်မြေထဲကို ကျူးကျော်ပြီး
သေလမ်း ရှာနေတာလား။"

အဘိုးအို့ရှမ်မင် နှင့် အခြား

သူတော်စင်တစ်ပိုင်းအဆင့် အမူအရာသည်

အနည်းငယ် ပြောင်းလဲသွားကာ

မျက်လုံးထဲကနေ အေးစက်သော

အလင်းတန်းများ လင်းလက်သွားသည်။

သို့သော်၊ သူတို့သည် လက်တွေ့မှာ အပြင်သို့

ထုတ်ဖော်ဝံ့ခြင်းမရှိပေ။ အဘိုးအို့ရှမ်မင်က

စကားစလိုက်၏။ "မင်းက

မီးဝိညာဉ်မျိုးနွယ်စုရဲ့အကြီးအကဲလို့

ငါထင်တယ် ။ ဟုတ်ရဲ့လား"

မီးတောက်များဖုံးလွှမ်းနေသည့် အဘိုးအိုက
ဒေါသတကြီးဖြင့် "ငါက မီးဝိညာဉ်မျိုးနွယ်စုရဲ့
အကြီးအကဲ ချီဟောင် ပဲ။ လူသား
သူတော်စင်တစ်ပိုင်းအဆင့်တွေ!
အပိုစကားတွေရပ်ပြီး  ငါမေးတာကို ဖြေပါ။
မဟုတ်ရင် မင်းတို့နှစ်ယောက်စလုံး ထွက်သွားဖို့
စိတ်ကူးယဉ်နိုင်တယ်!

၇၆၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၉၂ - မြေအောက်မှ သက်ရှိများ

အဘိုးအို့ရှမ်မင်သည် သူ့ရင်ထဲရှိ ဒေါသကို တင်းတင်းကြပ်ကြပ် ထိန်းလိုက်ပြီး "ငါတို့က မီးဝိညာဉ်မျိုးနွယ်စုကို စော်ကားဖို့ ရည်ရွယ်ချက် မရှိဘူး။ မင်းရဲ့ မီးဝိညာဉ်နယ်မြေထဲကို ငါတို့ဝင်ရတဲ့ အကြောင်းရင်းက နယ်ခြားမိစ္ဆာတွေနဲ့ ပူးပေါင်းထားတဲ့ လူသားတစ်ယောက်ကို လိုက်ရှာနေတာပါ။ သူက မီးဝိညာဉ်မျိုးနွယ်စုရဲ့

နယ်မြေထဲသို့ ဝင်သွားလို့ ငါတို့ သူ့နောက်ကို လိုက်ဖမ်းနေတာ။

အကြီးအကဲ ချီဟောင်က ငါတို့ကို မျက်နှာသာပေးဖို့ မျှော်လင့်ပါတယ်။ ငါတို့ သူ့ကို ဖမ်းပြီးတာနဲ့ မီးဝိညာဉ်မျိုးနွယ်စုကနေ ချက်ချင်း ထွက်သွားမှာပါ!”

"နယ်ခြားမိစ္ဆာတွေနဲ့ ပူးပေါင်းနေတာလား။" အဘိုးအိုချီဟောင်၏ အသံက လေးနက်မှုအချို့သယ်ဆောင်လာသည်။

တစ်စုံတစ်ယောက်သည် နယ်ခြားမိစ္ဆာများနှင့်
ပူးပေါင်းပါက မြင့်မြတ်နယ်မြေနှင့်
မျိုးနွယ်စုအားလုံးကို
သစ္စာဖောက်ခြင်းနှင့်အတူတူပင်ဖြစ်သည်။

အကယ်၍ ထိုလူသား ၎င်းတို့၏နယ်မြေထဲသို့
အမှန်တကယ် ထွက်ပြေးသွားခဲ့ပါက
မီးဝိညာဉ်မျိုးနွယ်စုက မည်သို့ပင်ဖြစ်ပါစေ
လက်တစ်ဖက် ငှားရမည်ဖြစ်သည်။

အဘိုးအိုချီဟောင်၏ စကားကို ကြားသောအခါ
အဘိုးအိုရှမ်မင်က ဝမ်းသာသွားသည်။
အဘယ်ကြောင့်ဆိုသော်

မီးဝိညာဉ်မျိုးနွယ်စုသာ ကူညီခဲ့ပါက ယန်ယဲ့ဟာ
အသက်ရှင်ရန် အခွင့်အရေး
မရှိနိုင်သောကြောင့်ဖြစ်သည်။

အဘိုးအိုချီဟောင်က ညာလက်ကို
မြှောက်လိုက်ရာ မီးလုံးကနေ ပိုက်ကွန်ကဲ့သို့
မီးတောက်ချည်မျှင်များ ဖြာထွက်လာသည်။

ထို့နောက် မီးတောက်ချည်မျှင်များသည်
ပတ်ဝန်းကျင်သို့ လျင်မြန်စွာ ပြန့်နှံ့ကာ
ချော်ရည်ပင်လယ်ထဲသို့ တိုးဝင်သွား၏။

ခဏအကြာတွင် မီးတောက်ချည်မျှင်များသည် သူ့လက်ဝါးပေါ် ရှိ မီးလုံးများဆီသို့ ပြန်ရောက်လာပါသည်။

အဘိုးအိုချီဟောင်က အသံတိုးတိုးလေးနဲ့ပြောလိုက်သည်။ "အဲဒီလူသားကို ငါ ရှာမတွေ့ခဲ့ဘူး။ မိုက်ရိုင်းလိုက်တာ! မင်းတို့လူသားမျိုးနွယ်ထဲက ဒီလိုအစွမ်းထက် သူတော်စင်တစ်ပိုင်းအဆင့်ဟာ တကယ်ပဲ နယ်ခြားမိစ္ဆာတွေနဲ့ ပူးပေါင်းခဲ့တာလား!"

အကယ်၍ သူသည် ချော်ရည်ကမ္ဘာကြီးထဲတွင် တစ်စုံတစ်ယောက်ကို ရှာမတွေ့ခဲ့ပါက ရှင်းပြချက်တစ်ခုသာ ရှိတော့သည်။

ထိုလူ၏ ခွန်အားသည်
သူ့ကိုယ်ပိုင်ထက်သာလွန်သည်။
အနည်းဆုံးတော့ ဒီအရာက
သူ့ယူဆချက်သာလျှင်ဖြစ်နေသေး၏။

အဘိုးအို့ရွှမ်မင်၏ အမူအရာသည်လည်း
အနည်းငယ်ထူးဆန်းလာသည်။
"အကြီးအကဲချီ၊ သူတော်စင်တစ်ပိုင်းအဆင့်
မဟုတ်ဘူး၊ အဆင့် ၉ ချီး

မြှောက်ခြင်းနယ်ပယ်ပညာရှင်။"
ထိုစကားပြောပြီးသည်နှင့်
မျက်နှာပူလာသကဲ့သို့ ခံစားလိုက်ရသည်။

အဘိုးအိုချီဟောင်က အံ့အားသင့်သွားပြီး
“ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်လေးပဲလား။
လူသားတွေ၊ မင်းတို့
ငါ့ကိုလှည့်စားဖို့ကြိုးစားနေတာလား"

“သူက တကယ်ကို
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ပါ။ ဒါပေမဲ့
သူက နည်းနည်းထူးခြားတယ်….”

အဘိုးအိုရှမ်မင်က ယန်ယွဲ့နှင့်ပတ်သက်၍ ရှင်းပြလိုက်သည်။

"ထူးခြားတာလား? ထူးထူးခြားခြား ငါ့ဖင်ကိုပဲ ထူးခြားလိုက်!" အဘိုးအိုချီဟောင်က ရုတ်တရက် ဒေါသတကြီး အော်ဟစ်လိုက်ပြီး "ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်လေးက မင်းတို့လို သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါးရဲ့ လက်ထဲကနေ လွတ်မြောက်ပြီး ငါ့မီးဝိညာဉ်နယ်မြေထဲကိုတောင် ဝင်နိုင်ခဲ့တာလား။ လူသား၊ ငါတို့က အရူးတွေလို့ မင်းထင်နေသလား"

အဘိုးအိုရှမ်မင်ဟာ ဤအခြေအနေကြောင့် ဘာပြောရမှန်းပင်မသိ ဖြစ်သွား၏။

"သူတို့က ငါတို့မီးဝိညာဉ်နယ်မြေကို ယုတ်မာတဲ့ ရည်ရွယ်ချက်တွေနဲ့ လာခဲ့တာထင်တယ်!" အဘိုးအိုချီဟောင်၏ ဘေးနားရှိ အခြားအဘိုးအိုတစ်ဦးက အသံတိုးတိုးလေးနဲ့ ပြောလိုက်ပါသည်။

အဘိုးအိုချီဟောင်သည် သူ့လက်ဝါးပေါ်ရှိ မီးတောက်ဘောလုံးကို အဆက်မပြတ်

လှည့်ပတ်နေရင်း " မင်းတို့ လူသားနှစ်ယောက်!
နယ်ခြားမိစ္ဆာတွေ ထွက်လာကာနီးနေလို့ ငါတို့
နယ်မြေထဲက အခုချက်ချင်း ထွက်သွားလိုက်။
ငါတို့က မင်းတို့နှစ်ယောက်ကို
မသတ်သတ်အောင်အတင်းဖိအားမပေးနဲ့။
မဟုတ်လို့ရှိ ဒီနေ့ မင်းတို့နှစ်ယောက်လုံးကို
ပြာဖြစ်အောင် မီးရှို့ပစ်မယ်။"

အဘိုးအိုရွှမ်မင် နှင့် အခြား
သူတော်စင်တစ်ပိုင်းအဆင့်၏ အမူအရာများ
က အတော်လေးကို ကြည့်ကဆိုးလာပါသည်။

မကြာခင် အဘိုးအိုရှမ်မင်၏ မျက်လုံးများသည် ဒေါသများဖြင့် ပြည့်နှက်သွားသည်။

ငါ့မြင့်မြတ်နယ်မြေရဲ့ အဖွဲ့ဝင်တွေ ဘယ်တုန်းကများ ဒီလိုအရှက်ခွဲစော်ကားတာကို ခံလိုက်ရတာလဲ။"

သို့သော် ဤနေရာတွင် တိုက်ခိုက်ပါက သူတို့နှစ်ဦးလုံး အနိုင်ရရန် အခွင့်အရေး အနည်းငယ်မျှပင် မရှိသည်ကို ကောင်းကောင်းကြီး သိထားပေသည်။

ထို့အပြင် မြင့်မြတ်နယ်မြေ နှင့်
မီးဝိညာဉ်မျိုးနွယ်စုကြားတွင်
ပဋိပက္ခဖြစ်ပွားပြီးသည်နှင့်
နောက်ဆက်တွဲအကျိုးဆက်များသည် သူကဲ့သို့
မြင့်မြတ်နယ်မြေး အကြီးအကဲတစ်ဦး
ခံနိုင်ရည်ရှိသောအရာမဟုတ်ပေ။

ဤအချက်ကို စဉ်းစားမိသောအခါ
အဘိုးအိုရွှမ်မင်က တိုးညှင်းသောလေသံဖြင့်
“ချီဟောင်၊ အဲဒီလူယန်ယဲ့က
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်ဖြစ်ပေမဲ့

သူ့ရဲ့ခွန်အားက အဆင့် ၉
သိုင်းကျောရာဇ်တွေနဲ့ယှဉ်နိုင်တယ်။
မင်းသူ့ကို မင်းရဲ့နယ်မြေမှာနေခွင့်ပေးရင်
မီးဝိညာဉ်မျိုးနွယ်စုက အနာဂတ်မှာ
အကျိုးဆက်တွေသေချာပေါက်ခံစားရလိမ့်မယ်
။"

"မင်း ငါ့ကို ထပ်လိမ်ချင်လို့လား!"
အဘိုးအိုချီဟောင်က
ဒေါသတကြီးအော်ငေါက်လိုက်သည်။
"ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်လေးတစ်
ယောက်က ငါ့ရဲ့မီးဝိညာဉ်မျိုးနွယ်စုကို

မြို့မ်းခြောက်နိုင်မှာလား။ လူသား၊ မင်းခေါင်းထဲမှာ တစ်ခုခုမှားနေသလား။

မင်းက ငါ့ရဲ့မီးဝိညာဉ်မျိုးနွယ်စုကို အထင်သေးနေတာထင်တယ်။ ငါမင်းကိုနောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်။ အခုချက်ချင်း ထွက်သွားလိုက်ပါ ဒါမှမဟုတ်ရင် မင်းရဲ့အရိုးတွေကို ဘာမှမရှိအောင် မီးရှို့ပစ်လိုက်မယ်!”

အဘိုးအိုရွှမ်မင်က အသက်ရှူကျပ်သွားသလို ခံစားလိုက်ရကာ သူ့ကိုယ်တွင်းအင်္ဂါများ ကွဲထွက်လုမတတ် ဒေါသထွက်သွားသည်။

"မင်းနောင်တရလိမ့်မယ်!" အဘိုးအိုရှမ်မင်က ချော်ရည်ပင်လယ်ထဲကို အေးစက်စွာ ကြည့်လိုက်ပြီးနောက် နောက်ပြန်လှည့်ကာ အခြားအဘိုးအိုနှင့်အတူ ပျောက်ကွယ်သွားခဲ့သည်။

အဘိုးအိုရှမ်မင် ထွက်သွားပြီးနောက် အဘိုးအို ချီဟောင်၏ ဘေးမှ အဘိုးအိုတစ်ယောက်က "ချီဟောင်၊ ဒီနေရာကို စောင့်ကြပ်ဖို့ တပ်ဖွဲ့ဝင်တချို့လွှတ်လိုက်တာ အကောင်းဆုံးလို့ ငါထင်တယ်။

ဒီလိုမှမဟုတ်ရင် အဲဒီလူသားတွေက
ငါတို့နယ်မြေထဲကို ခဏခဏ
ကျူးကျော်လာမလားတောင် မသိဘူး။"

အဘိုးအိုချီဟောင်က အေးစက်စွာပြောခဲ့သည် "
မကြာသေးခင်ကစလို့ လူသားတွေက
အတော်လေးကို မောက်မာလာကြတယ်။
ဒါ့အပြင် သူတို့က ချော်ရည်ကမ္ဘာထဲကို ဆင်းပြီး
ငါတို့ မီးဝိညာဉ်မျိုးနွယ်စုရဲ့
မီးသလင်းကျောက်တွေကို ခိုးယူချင်နေတာ။
ကြည့်ရတာ အရင်တုန်းက ငါတို့က အပြင်ကို
သိပ်ပြီး လှုပ်လှုပ်ရှားရှားမရှိတော့ လူတွေက

အထင်သေးလာပြီထင်တယ်။ ဒီနေ့ကစလို့ ငါတို့ရဲ့မျိုးသလင်းကျောက်တွေကို ခိုးယူဖို့ကြိုးစားသူတိုင်းကို မောင်းထုတ်စရာမလိုတော့ဘူး။ သူတို့ကို သတ်လိုက်!”

"ငါတို့ ဒါကို အစကတည်းက လုပ်သင့်တယ်!" အဘိုးအိုက ခေါင်းညိတ်ကာ ပြောလိုက်သည်။

...

ထိုအချိန်တွင် ယန်ယဲ့သည် အလွန်မူးဝေနေပြီး
သူ့စိတ်ဝိညာဉ်တွင်
ကျောက်ခဲများပြည့်နေသကဲ့သို့
အလွန်လေးလံနေသလိုခံစားနေရသည်။

ထို့အပြင် သူ့ခန္ဓာကိုယ်နှင့် မျက်နှာပေါ် ရှိ
အရေပြားများ အရည်ပျော်ကျလာကာ သွေးနှင့်
ဖွဲ့စည်းထားသကဲ့သို့ ဖြစ်နေသည်။

ဤအခြေအနေက
အလွန်ကြောက်စရာကောင်းပြီး
ကြောက်စရာကောင်းတဲ့
မြင်ကွင်းတစ်ခုဖြစ်သည်။

အခြား သာမန်ပညာရှင်သာဆိုလျှင်
၎င်း၏ခန္ဓာကိုယ်သည်
သန်မာအားကောင်းနေလျှင်ပင်
စိတ်အာရုံအသိကို တောင့်ခံနိုင်မည်မဟုတ်ပေ။
ဤနေရာတွင် တမြည့်မြည့်
ထွက်ပေါ်နေသည့်အပူလှိုင်းများ က
အမှန်တကယ်ပင်
ကြောက်မက်ဖွယ်ကောင်းလွန်းလှသောကြောင့်
ပင်။

ယခုအချိန်တွင် ယန်ယွဲ့ဟာ
သူ၏ရုပ်ခန္ဓာခွန်အားကို အသုံးပြုနေရုံသာ။

သူ့စိတ်ဆန္ဒက သူ့ခန္ဓာကိုယ်ကို
အလိုအလျောက် ရှေ့ဆက်သွားနိုင်စေသည်။

သို့ရာတွင် သူက ပျံသန်းနိုင်ခြင်းမရှိပေ။
အချိန်မရွေး ပြိုလဲကျသွားတော့မည်ကဲ့သို့
ဒယိမ်းဒယိုင်ဖြင့် ရှေ့ဆက်လျှောက်နေခဲ့သည်။

အချိန်အနည်းကြာပြီးနောက်မှာတော့
သူ့ခန္ဓာကိုယ်က တောင့်ခံနိုင်စွမ်းမရှိတော့ဘဲ
ပြိုလဲကျသွားလေတော့သည်။

မြေအောက်ကြမ်းပြင်ပေါ်သို့ ယန်ယဲ့ လဲကျပြီး သိပ်မကြာခင်မှာပဲ ရုတ်တရက် ချော်ရည်များကြားကနေ အမျိုးသမီးတစ်ဦး ဖြတ်လျှောက်လာသည်။

ထိုအမျိုးသမီးက အသက် ၂၀ အရွယ်ဝန်းကျင်ဖြစ်သည်။ သူမက ချွန်ထက်သော မျက်ခုံးမွေး၊မျက်လုံးများနှင့် ကျောက်စိမ်းကဲ့သို့ ဖြူဖွေးသော အသားအရည်ရှိသည်။

သူမ၏

တောင့်တင်းလှပသောခန္ဓာကိုယ်တစ်ဝိုက်တွင်

အနီရောင်သားရေချပ်ဝတ်ကို
ဝတ်ဆင်ထားသည်။ ထိုအရာက သူမ၏
ခန္ဓာကိုယ်အလှအပကို
ကွက်ကွက်ကွင်းကွင်းပေါ်လွင်စေသည်။

ထို့အပြင် ထူးခြားချက်မှာ သူမက
အနီရောင်သံမဏိတူကြီးတစ်စုံကို
ကိုင်ဆောင်ထားခြင်းပင်။

သံမဏိတူများက
အရွယ်ရောက်ပြီးလူတစ်ယောက်၏
ခေါင်းအရွယ်အစားရှိသော်လည်း ၎င်းတို့ကို

သူမ၏ နူးညံ့သိမ်မွေ့သောလက်ထဲတွင်
ဆုပ်ကိုင်ထားနိုင်သည်။
ရိုးရှင်းသော်လည်း
ထူးဆန်းလွန်းသည့်မြင်ကွင်းတစ်ခုဟုဆိုနိုင်သ
ည်။

အမျိုးသမီးသည် ယန်ယဲ့ ဆီသို့
လျှောက်လာကာ သူ့ခန္ဓာကိုယ်ပေါ်မှာ
ဖုံးလွှမ်းနေသည့် ငရဲတစ္ဆေမီးတောက်ကို
မြင်လိုက်ရာ  မျက်ခုံးများ ပင့်တက်သွားသည်။
သူမက "သဘာဝလွန်ရတနာတစ်ခုလား?" သူမ
စကားပြောနေစဉ် သူမ၏အကြည့်များသည်

ယန်ယဲ့ ပေါ်သို့ ကျဆင်းသွားကာ
ချက်ချင်းဆိုသလိုပင် အံ့အားသင့်နေသံလေးပါ
ထွက်ပေါ်လာလေသည်။
"ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် လား?"

ထို့နောက်တွင် အမျိုးသမီးက နေရာတွင်
ရပ်ကာ ယန်ယဲ့ ကို ခဏတာ တိတ်တဆိတ်
စိုက်ကြည့်နေသည်။ နောက်ဆုံးတွင် သူမက
“နင်ဘာမှ မလုပ်နဲ့၊ ငါပဲလုပ်မယ်” ဟု မပြောခင်
သူမ၏ မျက်လုံးထဲ  ချီတုံချတုံအမူအရာများ
ပေါ်လာသည်။

စကားပြောလိုက်ရင်း သူမ၏ညာလက်ကို
ငုံ့ယမ်းလိုက်ရာ ငရဲတစ္ဆေမီးတောက်က
မီးလုံးလေးအဖြစ်ပြောင်းလဲကာ
သူမ၏လက်ထဲရောက်သွားလေသည်။
ယန်ယွဲ့ဟာ တားဆီးရန်ကြိုးစားလိုက်သော်ငြား
သူ့ခန္ဓာကိုယ်တစ်ခုလုံး
လှုပ်မရအောင်ဖြစ်နေသည့်အတွက်
တိတ်ဆိတ်စွာသာ ကြည့်နေခဲ့သည်။

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၉၃ - ငါ့ကို လက်ထပ်ပါ

သူမက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်ကာ “ဟေ့ကောင်လေး၊ နင့်မှာ ရှိသမျှ အမှိုက်တွေက မကောင်းဘူး။ ကြည့်ရတာ ဒီသဘာဝလွန်ရတနာကိုတောင် ရဖို့အတွက်

ကံကောင်းတဲ့လူယုတ်မာတစ်ယောက်ဖြစ်ပုံပဲ!”

စကားပြောနေစဉ်တွင်
သူမ၏အကြည့်များသည် ယန်ယဲ့၏
ဘယ်ဖက်လက်ထဲက ရှေးဟောင်းဓားအိမ်
ပေါ်ရှိတ်ချည်းဆင်းသက်လာသည်။ သို့သော်
သူမ၏မျက်လုံးများမှတစ်ဆင့် အံ့သြမှုတစ်ခု
ထွက်ပေါ်လာသည်။

အမျိုးသမီးက လက်ကို ဆန့်ထုတ်ပြီး
ယမ်းလိုက်ရာ ရှေးဟောင်းဓားအိမ်ကလည်း
သူမ၏ လက်ထဲသို့ ပျံတက်သွားပါသည်။

ရှေးဟောင်းဓားအိမ်ကို သိမ်းယူပြီးနောက်
အမျိုးသမီး၏ မျက်လုံးများက
အံ့အားသင့်မှုကြောင့် ပြူးကျယ်သွားလေသည်။

“ဒါက တော်တော်ကြည့်ကောင်းတယ်၊ ဒါပေမဲ့ ဘာလို့ရှားမပါတာလဲ။ ထားလိုက်ပါ!"

ထို့နောက် သူမက ယန်ယဲ့ကို စိုက်ကြည့်ကာ “ဒါတွေအားလုံးက အခု ငါ့ဟာတွေပဲ။ ငါသူတို့ကို ငါ့ခန်းဝင်ပစ္စည်းအဖြစ် ယူလိုက်မယ်။ အခု ၃ အထိ ရေတွက်မယ်။ နင်မကန့်ကွက်ရင် နင်ခွင့်ပြုတာလို့ ငါမှတ်ယူလိုက်မယ်!"

"တစ်!"

"နှစ်!"

"သုံး!"

သူမက ပြုံးပြပြီး “ကောင်းပြီ၊ နင် မကန့်ကွက်ဘူး။ နင်သဘောတူထားတဲ့အတိုင်း ငါယူလိုက်မယ်။ မှန်တယ်၊ ဒါနဲ့ ငါက ရှောင်မန် ပါ။ အခုကစပြီး နင်က ငါ့ခင်ပွန်းဖြစ်လိမ့်မယ်!" အမျိုးသမီးက ထိုစကားများပြောလိုက်ရင်း

ယန်ယဲ့ကို ကောက်ပွေ့ကာ နေရာမှာပင် ပျောက်ကွယ်သွားပါသည်။

...

မသိနိုင်သောအချိန်တစ်ခု ကြာသွားပြီးနောက် ယန်ယဲ့သည် အနည်းငယ် သတိလည်လာပြီး အသံအချို့ကို ကြားလိုက်ရသည်။

"ရှောင်မန်၊ ဒါက မင်းတွေ့တဲ့လူလား။ ဘယ်လိုဖြစ်ပြီး သူက

ချီးမြှောက်ခြင်းနယ်ပယ်မှာသာ ရှိနေတာလဲ။
ပြီးတော့ သူက သေခါနီးတောင်ဖြစ်နေပြီ။
သူ့ခန္ဓာကိုယ်က တာဝန်မကျေနိုင်ဘူးဆိုတာ
သိသာတယ်။ ရှောင်မန်၊ မင်း
ယောက်ျားရှာတဲ့အခါ သတိထားရမှာက
မင်းတစ်သက်တာလုံးပျော်ရွှင်ရမဲ့
ပျော်ရွှင်မှုတွေပဲ။ အခု အဲဒါတွေက
တည်ရှိနေတော့မှာမဟုတ်ဘူး!"

“အတိအကျပဲ။ ငါတို့ရဲ့မီးဝိညာဉ်မျိုးနွယ်စုမှာ
အမျိုးသားတွေမရှိပေမဲ့

နင့်ကိုယ်နင်တော့သေချာလေး

စဉ်းစားသင့်တယ်။

ကြည့်စမ်း၊ သူ့ခန္ဓာကိုယ်က အရမ်းပိန်နေတာ။

သူ့ခွန်အားကလည်း အရမ်းအားနည်းတယ်။

ဒီလိုလူက မင်းကို ပျော်ရွှင်မှုပေးနိုင်တယ်ဆိုတာ

မပြောနဲ့။ အကြီးအကဲချီဟောင်ရဲ့မြေးကို

ပေးရင်တောင်  ပြဿနာဖြစ်နိုင်တယ်….”

"ရှောင်မန်၊ ဒီအစ်မကြီးရဲ့ခွန်အားက

နင့်ထက်နိမ့်နေပေမယ့် ယောက်ျားရှာတဲ့

ငါ့စွမ်းရည်နဲ့ နင် ၁၀ ယောက်ပေါင်းရင်တောင်

မယှဉ်နိုင်ဘူး။ အရင်တုန်းက အတူရှိခဲ့ဖူးတဲ့ ယောက်ျားတွေကို မပြောသေးဘူး၊ ငါ့ရဲ့ လက်ရှိယောက်ျားကို ကြည့်ပါ။ သူ့ခန္ဓာကိုယ်နဲ့ အသွင်အပြင်ကို ကြည့်လိုက်။ ဟီးဟီး! သူက အသက်ငယ်ငယ်လေးနဲ့ သိုင်းကျောရာဇ်ဖြစ်နေပြီ။ တကယ်လို့ သူက မြင့်မြတ်နယ်မြေထဲကိုဝင်ရင် မြင့်မြတ်အဆင့်ရဲ့ ထိပ်တန်း ၁၀ ယောက်ထဲတောင် ဝင်နိုင်လောက်တယ်။"

အုန်း!

ယန်ယွဲ့သည် မြေပြင်ပေါ်သို့ လေးလံသော အရာတစ်ခုအား ထုရိုက်လိုက်သည်ကို ကြားလိုက်ရ၏။ ထို့နောက် သူနားထဲတွင် အမျိုးသမီးတစ်ဦး၏ အသံက ပဲ့တင်ထပ်လာသည် “နင့်ခန္ဓာကိုယ်က အရိုက်ခံချင်လို့ ယားယံနေတာလား။ ဒါဆို ငါ နင့်ကို နည်းနည်းလေး ထုရိုက်ပေးရမလား။"

ထိုစကားများပြောပြီးသည်နှင့် ယန်ယွဲ့လည်းနောက်ထပ်အသံကို မကြားရတော့ပေ။

ရုတ်တရက် သူ၏စိတ်ကို လျော့ချလိုက်ရာ ပင်ပန်းနွမ်းနယ်မှုကြောင့် ချက်ချင်းပင် သတိလစ်မေ့မျောသွားပါတော့သည်။

…

ရက်အနည်းငယ်ကြာပြီးနောက်တွင် ယန်ယွဲ့၏ စိတ်အာရုံအသိက တဖြည်းဖြည်းနှင့် ပိုမိုရှင်းလင်းလာသည်။

ယန်ယဲ့သည် သူ့မျက်လုံးများကို ဖြည်းညှင်းစွာဖွင့်လိုက်သည်နှင့် "နှင်နိုးနေပြီ!"

ယန်ယဲ့သည် စကားသံထွက်လာရာဆီသို့ လှမ်းကြည့်လိုက်ရာ သူ့ကုတင်ဘေးတွင် ထိုင်နေသည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်သည်။ သူမ၏ ဘေးနားမှာ ရောမအနီရောင်သဲမဏိတူကြီးတစ်ချောင်းပါရှိနေကြောင်း သတိထားမိလိုက်သည်။

"ဒါဆို သူမက ငါ့ကို ကယ်တင်ခဲ့တာလား။"
ယန်ယဲ့သည် မတ်တပ်ထရပ်ရန်
ပြင်လိုက်သော်လည်း သူ့ခန္ဓာကိုယ်တစ်ခုလုံး
ပြင်းထန်သည့်နာကျင်မှုကိုခံစားလိုက်ရသဖြင့်
မထိန်းနိုင်ဖြစ်သွားသည်။

ထိုအချိန်တွင် အမျိုးသမီးက
သူမ၏သွယ်လျသောလက်တစ်စုံကို ယန်ယဲ့၏
ရင်ဘတ်အပေါ် အသာလေးဖိကပ်လိုက်ရင်း
မျက်မှောင်ကြုတ်ကာ "နင့်ရဲ့ဒဏ်ရာတွေက
အရမ်းပြင်းထန်တယ်။ နင့်ခန္ဓာကိုယ်ထဲက
ကိုယ်တွင်းအင်္ဂါတွေ ပျက်စီးသွားတဲ့အပြင်

ခန္ဓာကိုယ်ပြင်ပက အရေပြားတွေပါ
လုံးလုံးပျက်စီးသွားတဲ့အထိပဲ။
ဒီအတိုင်းပဲ ငြိမ်ငြိမ်လေးနေလိုက်ပါ။ နင်က
အခု မလှုပ်တာ အကောင်းဆုံးပဲ၊ ဒါမှမဟုတ်ရင်
သူတော်စင်တစ်ပိုင်းအဆင့်တောင်မှ နင့်ကို
ကယ်နိုင်မှာမဟုတ်ဘူး။”

ယန်ယဲ့သည် သူမပြောတာကို
ကြားလိုက်သောအခါ သူ့ခန္ဓာကိုယ်ကို
အမြန်စစ်ဆေးလိုက်၏။ ထိုအခါ
သူမပြောသည့်အတိုင်းဖြစ်နေကြောင်း

သတိပြုမိခဲ့သည်။ သူ၏ ကိုယ်တွင်းအင်္ဂါများ ပြင်းထန်စွာ ပျက်စီးသွားပြီး သူ့ခန္ဓာကိုယ်တစ်ခုလုံးရှိ အရေပြား များကျွတ်ထွက်သွားသလို ထင်ရသည်။ ဒီအချိန်မှာ သူ့ခန္ဓာကိုယ်က အစိတ်အပိုင်းတစ်ခုခုကို ထိလိုက်ရုံဖြင့်ပင် ဓားပါးပါးလေးများ လှီးဖြတ်နေသကဲ့သို့ ခံစားလိုက်ရသည်။

"နင်က မီးသလင်းကျောက်တွေ ခိုးဖို့လာတာလား" ထိုအချိန်တွင် အမျိုးသမီးက ရုတ်တရက်ပြောလာသည်။

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားကာ
“မီးလင်းကျောက်တွေ..... ဟုတ်လား။
အဲဒါဘာလဲ?"

အမျိုးသမီးသည် ယန်ယဲ့ကို
တစ်ချက်စူးစိုက်ကြည့်နေရင်းက သူ
လိမ်နေပုံမပေါ်သည်ကို သတိပြုမိပြီး "နင်က
မီးသလင်းကျောက်တွေကို
လာခိုးတာမဟုတ်ရင် ငါ့ မီးဝိညာဉ်မျိုးနွယ်စုရဲ့
နယ်မြေထဲကို ဘာဝင်လုပ်တာလဲ။"

"မီးဝိညာဉ်မျိုးနွယ်စု?" ယန်ယဲ့ဟာ သူမ၏စကားကြောင့် ပို၍ပင် မျက်မှောင်ကြုတ်သွားသည် "ဒါက ဘယ်လိုလူမျိုးလဲ"

အမျိုးသမီးသည် သူမ၏နဖူးကို ပြန်ရိုက်လိုက်ရင်း "ဘာရယ်....? ကြည့်ရတာ နင့်ရဲ့ဦးနှောက်က အပူဒဏ်ကြောင့် ပျက်စီးသွားတာထင်တယ်” ဟု ပြောလိုက်ပါသည်။

ယန်ယဲ့လည်း မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားကာ ဘာစကားမျှ ပြန်မပြောနိုင်တော့ပေ။

အမျိုးသမီးက မရှင်းပြမီ အချိန်အနည်းငယ် ကုန်ဆုံးသွား၏။ နောက်ဆုံးတွင် ယန်ယဲ့သည် ယခုသူရောက်နေသည့်နေရာကို နားလည်သွားသည်။

ယခုအချိန်တွင် သူသည် မြေပြင်အောက် ကီလိုမီတာ ၁၀၀ ကျော်မှာ ရှိနေခြင်းဖြစ်သည်။

ဤနေရာတွင် မြေအောက်၌နေထိုင်သော မျိုးနွယ်စုတစ်ခုရှိ၏။ ၎င်းသည် မီးဝိညာဉ်မျိုးနွယ်စုဖြစ်သည်။

ရိုးရိုးရှင်းရှင်းပြောရလျှင် ၎င်းသည် မြေအောက်ကမ္ဘာတစ်ခုဖြစ်သည်။ ချော်ရည်ကမ္ဘာ နှင့်ပတ်သက်၍ မီးဝိညာဉ်မျိုးနွယ်စုကို အခြားမျိုးနွယ်စုများ မကျူးကျော်လာစေရန် ဖန်တီးထားသည့် အကာအကွယ်တစ်ခုပါ။

မီးဝိညာဉ်မျိုးနွယ်စု၏ ကမ္ဘာသည် ချော်ရည်ကမ္ဘာ၏ နောက်ကွယ်တွင်

ကပ်လျက်ရှိနေပြီး အမှန်တကယ်တော့
အပြင်ကမ္ဘာနှင့် သိပ်မကွာခြားလှပေ။

အမျိုးသမီးက ရုတ်တရက် "အဲဒါကို သိပ်ပြီး
မစဉ်းစားပါနဲ့ဦး။ အခုကစလို့ နင် ဒီမှာပဲနေပါ။
ငါ နင့်ကို ဆိုးဆိုးရွားရွား မဆက်ဆံဘူး!"

ယန်ယဲ့သည် ပါးစပ်ထောင့်များ
အနည်းငယ်တုန်ခါသွားပြီး "ငါ့အသက်ကို
ကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊
ငါယန်ယဲ့ က ဒီကြင်နာမှုကို တစ်နေ့ကျိန်းသေ

ပြန်ဆပ်မှာပါ!" ထိုစကားပြောရင်းဖြင့် "သခင်မလေး၊ ငါ့ဝိညာဉ်လက်နက်နဲ့ ရှေးဟောင်းဓားအိမ်ကို တွေ့မိသေးလား။" ဟု မေးလိုက်လေသည်။

သူ့စိတ်အာရုံအသိ လုံးဝရှင်းသွားပြီးနောက် ငရဲတစ္ဆေမီးတောက်၊ ရှေးဟောင်းဓားအိမ် နှင့် သူ့သိုလှောင်လက်စွပ်ထဲ မရှိတော့သည်ကို သတိထားမိလိုက်၏။

သူ၏စစ်မှန်သော ဝှက်ဖဲများက မူလစေတီထဲမှာ ရှိနေသောကြောင့် သိုလှောင်လက်စွပ်ကို စိတ်မဝင်စားပေ။

အရေးအကြီးဆုံးမှာ သူက
ရှေးဟောင်းဓားအိမ်ကို ဆုံးရှုံး၍မရပါ။
ငရဲတစ္ဆေမီးတောက်က
သူနှင့်အချိန်တော်တော်ကြာထိ ရှိလာခဲ့သဖြင့်
၎င်းကိုလည်း အတူတူပင်။
ဆုံးရှုံးလိုခြင်းမရှိပေ။

၎င်းသည် သူ့အတွက်
အလွန်အသုံးမဝင်တော့သော်လည်း သူ့အား
အကြီးအကဲမှု ပေးခဲ့သည့် လက်ဆောင်တစ်ခု
ဖြစ်နေဆဲပင်။

"ယန်ယဲ့ လား?" သူမက ခေါင်းညိတ်လိုက်ပြီး “အဲဒီ ရတနာ ၃ ပါးစလုံး ငါနဲ့ ရှိတယ်” ဟု ပြောပါသည်။

ယန်ယဲ့သည် ထိုစကားကိုကြားသောအခါ သက်ပြင်းတစ်ချက်ချလိုက်သည်။ သို့သော်၊ သူမပြောသော နောက်ဆက်တွဲစကားများက သူ့အား အနည်းငယ် အံ့သြသွားစေသည်။ "အခုအချိန်မှာ အဲဒါတွေအားလုံးက ငါ့အပိုင်ဖြစ်နေပြီ။"

ယန်ယဲ့သည် အံ့အားသင့်နေသောလေသံဖြင့် "ဘာလို့လဲ" ဟု မေးလိုက်သည်။

"ငါ နင့်ကိုလက်ထပ်တော့မှာဆိုတော့ ဒီအရာတွေကို ခန်းဝင်ပစ္စည်းအဖြစ် ငါယူလိုက်တာ။ ဟုတ်တယ်၊ ငါ နင့်ကို မတရားဆက်ဆံမှာ မဟုတ်ဘူး။ ငါဒီလူအိုကြီးကို မင်္ဂလာလက်ဖွဲ့တွေ ပြင်ဆင်ပြီး ငါ့မှာ ရှိတဲ့အကောင်းဆုံး

ရတနာတွေ နင့်ကို ပေးမယ်။ တိုတိုပြောရရင်
မင် ဘာမှ ဆုံးရှုံးမှာမဟုတ်ဘူး။”

"ငါ့ကိုလက်ထပ်မှာလား? ခန်းဝင်ပစ္စည်းလား?"
ယန်ယဲ့သည် ခေါင်းနပန်းကြီးသွားကာ
မျက်လုံးများပင်
အစွမ်းကုန်ပြူးကျယ်သွားလေသည်။

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၉၄ - နင့်မှာ ရွေးချယ်စရာမရှိဘူး

အမျိုးသမီးက ခေါင်းညိတ်ပြီး ပြောသည် “ငါတို့ မီးဝိညာဉ်မျိုးနွယ်စုမှာ အမျိုးသမီးတွေပဲ ပေါတယ်။ ယောကျ်ားတွေ အရမ်းနည်းတယ်။

ဒီတော့ ငါတို့က မျိုးနွယ်စုအင်အားကို ကာကွယ်ဖို့ တခြားမျိုးနွယ်တွေနဲ့ ပေါင်းစည်းဖို့ ဆုံးဖြတ်ခဲ့တာ။ဒါပေမဲ့ အဲဒီမျိုးနွယ်တွေက ငါတို့ မီးဝိညာဉ်မျိုးနွယ်စုရဲ့ အမျိုးသမီးတွေကို လက်ထပ်ရမယ်။

ဒါကြောင့် ငါတို့ မျိုးနွယ်စုထဲက
အမျိုးသမီးတွေဟာ ကိုယ့်အတွက်
ခင်ပွန်းလောင်းရှာဖို့ အပေါ်ကို မကြာခဏ
တက်ကြတယ်။ ငါလည်း ဒီလိုပဲ လုပ်တာလေ။
လမ်းမှာ နင့်ကို ငါတွေ့ခဲ့တယ်။ စိတ်မပူပါနဲ့။
နင် အဆင်ပြေမှာပါ!"

ယန်ယဲ့သည် ခဏလောက် ထိတ်လန့်နေပြီးမှ
ရုတ်တရက်
အကူအညီမဲ့စွာရယ်မောလိုက်ပါသည်
"သခင်မလေး၊ မင်းရဲ့ကြင်နာတဲ့
ရည်ရွယ်ချက်တွေကို ငါ ကျေးဇူးတင်တယ်။

အိုး. ပြောချင်တာက ငါ့မှာ မိန်းမတွေ ရှိပြီးသား။ ဒါဆို….”

ရုတ်တရက်ဆိုသလို သူ့ရှေ့မှာထိုင်နေသည့် အမျိုးသမီးလေးက ရုတ်တရက် သူ့ဆီထလာသည်ကိုမြင်လိုက်ရာ ယန်ယဲ့၏ အသံက တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားရသည်။

တစ်ဆက်တည်း သူမ၏ အနီရောင်သံမဏိတူကြီးကို

ကောက်ကိုင်လိုက်ပြီး ယန်ယဲ့ နှင့် ၃
စင်တီမီတာအကွာတွင် ရပ်ကာ
စူးစိုက်ကြည့်နေသည်။

ထိုအချိန်တွင် အနီရောင်သံမဏိတူကြီးကနေ
ပြင်းထန်သောဖိအားများ ဖြာထွက်လာကာ
ယန်ယဲ့၏ အောက်ရှိကုတင်က
ချက်ချင်းကွဲအက်သွားသည်။

"ဒါဆို နင်က ငါ့ကို ငြင်းဖို့ ကြံနေတာပေါ့။ ဟုတ်လား" သူမ၏ အသံသည် အေးခဲနေသည်။

"နင့်မှာ ရွေးချယ်စရာမရှိဘူး!" သူမသည် ထိုစကားများကိုသာ ပြောပြီး အခန်းထဲကနေ ထွက်သွားတော့သည်။

ယန်ယဲ့၏ မျက်နှာသည် အံ့အားသင့်နေသော အမူအရာဖြင့် အမျိုးသမီးငယ်လေး ထွက်သွားသည်ကိုသာ အချိန်တော်တော်ကြာထိ စိုက်ကြည့်နေခဲ့သည်။

ခဏကြာပြီးနောက် သူ့ခေါင်းကို
ခါယမ်းလိုက်ပါသည်။

အမျိုးသမီး၏ လုပ်ရပ်များက
အနည်းငယ်ထူးဆန်းနေသော်ငြား သူ့အပေါ်
မကောင်းသောရည်ရွယ်ချက်တော့မရှိပေ။

သူမက သူ့ကို ကယ်တင်လာခဲ့သည်
မဟုတ်သလော။

သို့သော် သူမနှင့် လက်ထပ်ရန်
အတင်းအကြပ်တွန်းအားပေးနေသဖြင့်
သူ့စိတ်ထဲ ရယ်ရမလား
ငိုရမလားပင်မသိတော့ပေ။

အခြေအနေက ဤကဲ့သို့ဖြစ်သွားလိမ့်မည်ဟု
သူ့စိတ်ထဲ တစ်ခါမျှ မထင်ထားခဲ့ပါ။

ငရဲတစ္ဆေမီးတောက်နှင့် ရှေးဟောင်းဓားအိမ်
ကိုတော့ ပြန်၍ အရယူရပေမည်။

သူက ငရဲတစ္ဆေမီးတောက်ကို သူမအား
ပေးလိုက်နိုင်သော်ငြား
ရှေးဟောင်းဓားအိမ်ကိုတော့ ပေး၍မရပေ။

မှန်ပါသည်။ ယခုအချိန်တွင် အရေးကြီးသည်က
သူ၏ဒဏ်ရာများ အမြန်ဆုံးပြန်ပြီး
သက်သာလာရန်ပင်။

ဤအခိုက်အတန့်တွင် သူ့ခန္ဓာကိုယ်ထဲ
ခရမ်းရောင်ဆန်းကြယ်စွမ်းအင် အနည်းငယ်
ရှိနေပြီဖြစ်သည်။

ယန်ယဲ့သည် အနည်းငယ်ဝမ်းသာသွားပြီး
ခရမ်းရောင်ဆန်းကြယ်စွမ်းအင်များကို
သူ၏ခန္ဓာကိုယ်တစ်ခုလုံးရှိ

သွေးကြောများထဲသို့ ဖြည်းညှင်းစွာ
ဖြန့်ကျက်စေလိုက်သည်။

ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်က
သူ၏ခန္ဓာကိုယ်အနှံ့ ပြန့်နှံ့သွားပြီးနောက်
မကြာခင် သူ၏ဒဏ်ရာများက တဖြည်းဖြည်း
ပြန်လည်ကောင်းမွန်လာခဲ့သည်။

ဤအခြေအနေကြောင့် ယန်ယဲ့လည်း
စိတ်ထဲတွင် အတော်လေး
ဝမ်းသာသွားပါသည်။

သူက တိုးညှင်းစွာဖြင့်"ဒီအမြန်နှုန်းနဲ့ဆိုရင်
ဒီတစ်ရက်၊ နှစ်ရက်အတွင်းမှာ ငါ့ခွန်အား ၅၀
ရာခိုင်နှုန်းလောက်တော့ ပြန်ရနိုင်တယ်။"

သူ၏အစစ်အမှန်ခွန်အားသာလျှင်
အမည်မသိနေရာတွင်
ဘေးကင်းလုံခြုံသည်ဟုခံစားမိသည်။

ထို့ကြောင့် လက်တလော အရေးကြီးသော
ကိစ္စမှာ သူ၏ ခွန်အားကို ပြန်လည်ရယူရန်နှင့်
မီးဝိညာဉ်နယ်မြေကနေ အခွင့်အရေးရှာပြီး
အမြန်ဆုံးထွက်ခွာရန်ပင်။

မီးဝိညာဉ်နယ်မြေက လူသားမျိုးနွယ်၏
ပိုင်နက်မဟုတ်သော်ငြား မြင့်မြတ်နယ်မြေ၏
တစ်စိတ်တစ်ပိုင်းဖြစ်နေဆဲပါ။

အကယ်၍ သူ၏ အစစ်အမှန်ပုံရိပ်ကို
သိရှိသွားပါကအခြေအနေမှာ
အလွန်ဆိုးရွားသွားမည်ဖြစ်သည်။

အမျိုးသမီးသည် ယန်ယဲ့
ပြန်လည်သက်သာသည်ကို သိရှိပြီးနောက်
မကြာခဏလာရောက်လည်ပတ်လေ့ရှိသည်။

သူမက ယန်ယဲ့အား ပြန်လည်ကုသခြင်း ဆေးလုံးများ၊ ရတနာမျိုးစုံကိုလည်း ပေးခဲ့သည်။

ထို့အပြင် သူမက ယန်ယဲ့ကို မီးဝိညာဉ်မျိုးနွယ်စု နှင့်ပတ်သက်သည့် အချက်အလက်များစွာကိုလည်း ရှင်းပြခဲ့၏။

အမျိုးသမီး၏ နာမည်က ရှောင်မန် ဖြစ်ပြီး မီးဝိညာဉ်မျိုးနွယ်စုအကြီးအကဲတစ်ဦး၏ မြေးဖြစ်သည်။

မီးဝိညာဉ်မျိုးနွယ်စုသည် အမျိုးသားများ အလွန်နည်းပါးပြီး ၃ မျိုး ၇ မျိုး ဖြစ်သည်။ ထို့ကြောင့်ပင် မီးဝိညာဉ်မျိုးနွယ်စုသည် ၎င်းတို့၏ အင်အားကို ဆက်၍ထိန်းသိမ်းရန် မျိုးနွယ်စုမှ အမျိုးသမီးများကို အခြားမျိုးနွယ်များနှင့် လက်ထပ်စေခြင်းမှလွဲ၍ ရွေးချယ်စရာမရှိပေ။

အမှန်တော့ မီးဝိညာဉ်မျိုးနွယ်စုသည် ၎င်းတို့ အမျိုးသမီးအဖွဲ့ဝင်များကို လက်ထပ်ခိုင်းသည်ဟုမဆိုလိုပေ။

သူတို့သည် အခြားမျိုးနွယ်စုမှ အမျိုးသားများကို ၎င်းတို့၏ မျိုးနွယ်စုထဲသို့ ဝင်ရောက်လက်ထပ်စေခြင်းသာ။

ထို့အပြင် မီးဝိညာဉ်မျိုးနွယ်စုထဲသို့ ဝင်ရောက်ပြီးနောက် ၎င်းတို့၏ အဆင့်အတန်းက အလွန်နိမ့်ကျပေသည်။

တစ်နည်းဆိုရလျှင် ၎င်းတို့အားလုံးက မီးဝိညာဉ်မျိုးနွယ်စု၏ မျိုးပွားကိရိယာများသာ သတ်မှတ်ခံထားရသည်။

ထို့အပြင် ပြင်ပမှလူတစ်ဦးက
မီးဝိညာဉ်မျိုးနွယ်စုထဲသို့ ဝင်ရောက်ပြီးပါက
၎င်း၏ဇနီးသည်ထံမှခွင့်ပြုချက်မရှိဘဲ
ထွက်ခွာသွားနိုင်သည်။

အတိတ်ကာလတွင်လည်း ထိုသို့
ထွက်ပြေးခဲ့ကြသူများစွာ ရှိခဲ့၏။

သို့သော် မီးဝိညာဉ်မျိုးနွယ်စု၏
သူတော်စင်တစ်ပိုင်းအဆင့်များက
လိုက်လံဖမ်းဆီးခဲ့သဖြင့် မအောင်မြင်ခဲ့ကြပေ။

ထိုစကားကို ယန်ယဲ့အား ပြောပြသည့်အခါ
ရှောင်မန်၏ လေသံက
အနည်းငယ်လေးနက်နေပါသည်။

ယန်ယဲ့သည် ရှောင်မန် ကို ကြည့်ရင်း "ငါ့ကို
ဘာလို့ရွေးလိုက်တာလဲ" ဟု မေးလိုက်ပါသည်။

သို့သော် ဤအချိန်တွင် ရှောင်မန်က
နတ်ဝိညာဉ်သစ်သီးကို ထုတ်ယူပြီး ယန်ယဲ့ ထံ
လျှောက်လာကာ ပါးစပ်ထဲ ထည့်လိုက်သည်။

ယန်ယွဲ့သည် ငြင်းပယ်ရန်ပြင်လိုက်သော်ငြား
သူမက သူ့ရင်ဘတ်ပေါ်
တက်ဖိထားသည်ဖြစ်ရာ မျိုချလိုက်ရသည်။
(😁😁😁 စလာပြီ။ ငိငိ)

ရှောင်မန်က ယန်ယွဲ့ နတ်ဝိညာဉ်သစ်သီးအား
မျိုချလိုက်သည်ကို မြင်ရာ ကျေနပ်စွာ
ခေါင်းညိတ်လိုက်ပြီး "မီးဝိညာဉ်မျိုးနွယ်စုမှာ
အမျိုးသမီးတွေက အသက် ၁၈ နှစ်ပြည့်တာနဲ့
လက်ထပ်ဖို့ အချိန်ကျပြီ။ ဒါပေမဲ့ ငါ…."
ဒီအထိ စကားပြောပြီးချိန်မှာတော့ သူမက
ယန်ယွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး

“နင်တို့လူသားတွေက နူးညံ့သိမ်မွေ့တဲ့
မိန်းမတွေကို သဘောကျတယ်လို့
ငါကြားဖူးတယ်၊ ဟုတ်တယ် မဟုတ်လား”

ယန်ယဲ့သည် ရှက်ကိုးရှက်ကန်းနဲ့ ပြုံးပြီး
“အဲဒါက မလိုအပ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်
တခြားသူတစ်ယောက်အတွက်နဲ့ မင်းကိုယ်မင်း
ပေးဆပ်ဖို့မလိုအပ်ဘူးလေ။ အဓိကက
မင်းချစ်တဲ့သူကိုပဲရွေးချယ်သင့်တယ်။"

ဟမျှ။

ရှောင်မန်က မျက်နှာပေါ်တွင်
အပြုံးတချို့ပေါ်လာပြီး ယန်ယဲ့၏ ပုခုံးကို
ရုတ်တရက် ပုတ်လိုက်ကာ "မနင့်ရဲ့ ခွန်အားက
တော်တော် အားနည်းနေပေမယ့် တကယ်
မဆိုးဘူးလို့ ငါထင်တယ်။ ဒီမှာပဲနေပြီး
ငါ့ကိုလက်ထပ်လိုက်ပါ။ စိတ်မပူပါနဲ့၊
နင်အားနည်းနေရင်တောင် ငါဒီမှာရှိနေတုန်း
နင့်ကိုဘယ်သူမှ အနိုင်ကျင့်ဝံ့မှာမဟုတ်ဘူး။"

ယန်ယဲ့သည် ဘာ စကားမျှ
ပြန်မပြောနိုင်တော့ပါ။

ရှောင်မန်က ယန်ယဲ့ကို တစ်ချက်ကြည့်ကာ
ဆက်ပြောလိုက်သည်။ "ငါ ဘာလို့ နင့်ကို
ရွေးလိုက်တာလဲ။ ငါမသိဘူး။
ဘယ်လိုပဲဖြစ်ဖြစ် ငါနင့်ကိုတွေ့တဲ့အချိန်မှာ
နင့်မျက်လုံးက အရမ်းထူးခြားတယ်လို့
ခံစားရတယ်။ ဒါကြောင့် နင့်ကို ငါရွေးခဲ့တာ။"

ယန်ယဲ့သည် ခဏတာတုံ့ဆိုင်းသွားပြီး
"ရှောင်မန်၊ လူ ၂ ယောက်ကို အတင်းအကြပ်
လက်ထပ်ခိုင်းရင်  ဘယ်သူ့ကိုမှ
ပျော်ရွှင်မှုပေးမှာ မဟုတ်ဘူး။
လူတစ်ယောက်ကို ချစ်ပြီး အဲဒီလူနဲ့

အတူတူရှိနေမှသာ မင်းက စစ်မှန်တဲ့
ပျော်ရွှင်မှုကို ရှာတွေ့နိုင်မှာပါ။နားလည်ရဲ့လား"
သူမသည် သူ့အသက်ကို ကယ်တင်ခဲ့ပြီး
ထိုအကြွေးကို ပြန်ဆပ်ရန် ရည်ရွယ်ခဲ့သည်။
သို့သော် သူမကို လက်ထပ်မည်မဟုတော့
တစ်ခါမျှ မတွေးခဲ့ဖူးပေ။

"အချစ်?" ရှောင်မန်က
မျက်မှောင်ကြုတ်ပြီးပြောလိုက်သည်။
"အဲဒါကဘာလဲ။ စားလို့ရမလား?"

ယန်ယဲ့သည် ပြောလိုက်သည့်စကားကြောင့် ဆွံ့အသွား၏။

ရှောင်မန်က ယန်ယဲ့၏ ပုခုံးကို ညင်သာစွာ ပွတ်သပ်ပြီး ပြောလိုက်သည်။

“ငါတို့မျိုးနွယ်စုမှာ အမျိုးသမီးတွေက ယောကျ်ားတစ်ယောက်ကို သဘောကျရင် သူ့ကို ဒီနေရာအထိ ခေါ်လာနိုင်တယ်။ အခု နင်က သိပ်မဆိုးဘူးထင်တယ်။ ဒီတော့ အခုပဲ စလုပ်ကြည့်ရအောင်။ ဒီလိုမှမဟုတ်ရင် အဲဒီလူအိုကြီးက ငါ့ကို တစ်ယောက်ထပ်ရှာဖို့ တွန်းအားပေးလိမ့်မယ်။ ကျန်တာအကုန်လုံးကို

မေ့ထားလိုက်ပါ။ဘယ်လိုပဲဖြစ်ဖြစ် အားနည်း
နေတာကိုက နင့်ရဲ့အမှားပဲ။ ငါ နင့်ကို
တစ်ချက်ရိုက်ရုံနဲ့ မြေပြင်ပေါ်မှာ
မှောက်သွားမှာ သေချာတယ်!"

ယန်ယွဲ့သည်လည်း ထိုစကားကြောင့်
မည်သို့တုံ့ပြန်ရမည်ကို မသိပေ။

ရှောင်မန်က ယန်ယွဲ့၏ တုံ့ပြန်မှုကို ဂရုမစိုက်။
သူမက ယန်ယွဲ့၏ ခန္ဓာကိုယ်ကို မသိမသာ
ညှစ်လိုက်ပြီးနောက် သူမမျက်လုံးများမှ

အံ့အားသင့်မှုတစ်ခု တောက်ပလာကာ

“ပျော့ညံ့တဲ့ခန္ဓာကိုယ်က ဒီလိုမျိုး ပြင်းထန်တဲ့

ပြန်လည်ကုသနိုင်စွမ်းကို ပိုင်ဆိုင်ထားတာတော့

တကယ် အံ့ဩစရာပဲ။ နင်က

လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ဖို့ နောက်ထပ်

၁၅ ရက်လောက် အချိန်ယူရဦးမယ်လို့

ထင်ခဲ့တာ။ ဒါပေမဲ့ အခုကစပြီး

တစ်ရက်အတွင်း နင့်ခန္ဓာကိုယ်က

ပြန်ပြီးသက်သာလာမဲ့ပုံပဲ။ ကောင်းပြီ၊ ဒါဆို

ငါတို့ စောစောလက်ထပ်နိုင်မှာပါ!”

ရှောင်မန်က ယန်ယဲ့၏
ခန္ဓာကိုယ်အောက်ပိုင်းဆီသို့
တစ်ချက်စူးစိုက်ကြည့်ကာ "အဲ့ဒီနေရာက
အားတော့အနည်းလောက်ပါဘူး"ဟု ပြောရင်း
အနီရောင်သံမဏိတူကြီးကို ကိုင်ကာ
အခန်းထဲကနေ ထွက်သွားလေသည်။

ယန်ယဲ့သည် သူမ ပြန်ထွက်သွားသည့်တိုင်
စကားမပြောနိုင်သေးဘဲ ငြိမ်သက်၍သာ
ငေးကြည့်နေခဲ့သည်။

၇၉၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၇၉၅ - ဖူဂျင်းရှန်

ယန်ယွဲ့သည် သူ့ခန္ဓာကိုယ်ရှိအခြေအနေကို စစ်ဆေးကြည့်နေရင်း ရုတ်တရက် မျက်လုံးပြန်ပွင့်လာပြန်သည်။ တစ်ချိန်တည်းမှာပင် အခန်းထဲသို့ အမျိုးသမီးတစ်ဦး ဝင်လာခဲ့သည်။

ရှောင်မန်ဟာ

စိမ်းစိုသည့်ပန်းသီးငယ်နှင့်တူပါက

အနီအမျိုးသည် ဝင်းမှည့်နေသော

မက်မွန်သီးကဲ့သို့ပင်။ သူမ၏ သိမ်မွေ့သော

ခန္ဓာကိုယ်သည် သေးသွယ်ခြင်းမရှိသော်လည်း

လုံးကြီးပေါက်လှ၊ အလွန်ကို

အချိုးအစားပြေပြစ်လှသည်။

ထို့အပြင် သူမက အလွန်တိုတောင်းသည့်

သားရေချပ်ဝတ်ကို ဝတ်ဆင်ထားသဖြင့်

သူမ၏ခန္ဓာကိုယ်အလှအပက

အလွန်သိသာနေလေသည်။

သူမ၏ ခန္ဓာကိုယ်အပေါ် ပိုင်းရှိ
တောင်ကုန်းငယ်နှစ်ခုဟာ
လျှောင်လှုပ်ခတ်နေသည့်အလား အဆက်မပြတ်
လှုပ်ယမ်းနေပါသည်။
ပြောရလျှင် သူမ၏ဖရဲသီးနှစ်လုံးက
သားရေချုပ်ဝတ် အောက်ကနေ
အတင်းရုန်းကြွထွက်လာပုံရသည်။

ဤအခိုက်မှာ အခန်းထဲ ဝင်လာပြီးနောက်
သူမ၏ အကြည့်များက ယန်ယွဲ့ ဆီသို့ ချက်ချင်း
ကျဆင်းသွားသည်။ သူမ၏ မျက်နှာထက်၌
ဆွဲဆောင်မှုရှိသော အပြုံးတစ်ခု

ထွက်ပေါ်လာပြီး သူ့ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာပါသည်။

လမ်းလျှောက်လာရင်း သူမ၏ ရင်ဘတ်ပေါ် ရှိ ဖရဲသီးများဟာ ချက်ချင်း တုန်ခါလာပြီး သားရေ ချပ်ဝတ်အောက်ကနေ၍ အချိန်မရွေး ကွဲသွားသလိုပင်။

အမျိုးသမီးဟာ ယန်ယဲ့ ထံ ဖြည်းညှင်းစွာ လျှောက်လာရင်း မိန်းမတို့၏ သဘာဝအတိုင်း မျက်လုံးရှဲကြီးဆွဲဆောင်မှုရှိသေားများဖြင့် စူးစိုက်ကြည့်နေလေသည်။

သူမ၏ ရင့်ကျက်ပြီး
လုံးကြီးပေါက်လှခန္ဓာကိုယ်အချိုးအစားနှင့်
တွဲလျက် ယောက်ျားတိုင်းကို ရူးသွပ်သွားစေရန်
လုံလောက်ပါသည်။

သို့သော်လည်း ယန်ယဲ့သည် သူ့အကြည့်ကို
မရုပ်သိမ်းမီ သူမကို
တစ်ချက်သာကြည့်လိုက်၏။

သူက ဉာဏ်အလင်းရခြားနှလုံးသားကို
ပိုင်ဆိုင်ထားသည်ဖြစ်ရာ သူစိတ်မပါလျှင်
မည်သည့် ဆွဲဆောင်မှု သို့မဟုတ် ပြို့ငင်မှုကိုမျှ
ကျရှုံးသွားမည်မဟုတ်ချေ။

သူမ၏ခန္ဓာကိုယ်အလှအပက
အမည်မသိလူငယ်အား
ဆွဲဆောင်၍မရသည်ကို
သတိပြုမိလိုက်သည့်အခါ အမျိုးသမီး၏
မျက်ဝန်းထဲမှာ အံ့အားသင့်မှုအချို့
ဖြတ်ပြေးသွားသည်။

သို့သော် မကြာခင်မှာပဲ သူမ၏ မျက်နှာပေါ် ရှိ
ဆွဲဆောင်မှုဟာ ပိုပိုပြီး ကြီးမားလာခဲ့ပါသည်။

အမျိုးသမီးက ယန်ယဲ့ ဆီသို့ လျှောက်သွားပြီး ရှောင်မန် အစောပိုင်းက ထိုင်ခဲ့သောနေရာတွင် ထိုင်ချလိုက်သည်။

အမျိုးသမီးဟာ ရည်ရွယ်ချက်ရှိရှိလုပ်ခဲ့သည် ဟုတ်မဟုတ်မသိသော်လည်း သူမ၏ခြေထောက်နှစ်ဖက်ကို ဟထိုင်လိုက်သည်။

အကယ်၍ ယန်ယဲ့သာ သူ့မျက်လုံးများကို မော့ကြည့်လိုက်ပါက အမျိုးသမီး၏ အောက်ပိုင်းအလှကို သေချာပေါက် ထင်ထင်ရှားရှား မြင်ရပေမည်။

"ခ်ခ်…။" အမျိုးသမီးက ရုတ်တရက် စူးစူးရဲရဲ ကြည့်နေရာမှ ရယ်မောလိုက်ပြီး

“မောင်ငယ်လေး၊ လွန်ခဲ့တဲ့ ရက်အနည်းငယ်က နင့်ကိုကြည့်ရတာ တော်တော်ဆိုးတယ်။ နင်ပြန်ကောင်းလာတဲ့အခါ မင်းရဲ့ရုပ်ရည်က တကယ်မဆိုးဘူးလို့ ငါဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ဒါပေမဲ့ တခြားရှုထောင့်မှာ မင်းဘယ်လိုနေလဲ ငါသိချင်တယ်။ အိုး… ငါ ဒီစကားတွေပြောလိုက်မိတာလား၊ဘယ်လော က်ရှက်ဖို့ကောင်းလဲ…”

ယန်ယဲ့သည် သူ့မျက်လုံးထဲ၌
ထူးဆန်းသောစွမ်းအင်တစ်ခု
ဖုံးလွှမ်းသွားသည်ကို ခံစားလိုက်ရသည်။
တစ်ချိန်တည်းတွင် ထိုထူးဆန်းသည့်စွမ်းအင်က
သူ့နှလုံးသားကို မငြိမ်မသက်ဖြစ်သွားစေသည်။

ချက်ချင်းဆိုသလိုပင် သူ့ရှေ့မှ
အမျိုးသမီးက"ဖြားယောင်းသည့်နည်းစနစ်"တ
စ်ခုကို အသုံးပြုနေမှန်း
သဘောပေါက်လိုက်သည်။

အတိကာသာဆိုလျှင် သူ့ခြားကို ဆွဲထုတ်၍
အနှိုအမျိုးသမီးကို ထက်ပိုင်းခြမ်းမိပါလိမ့်မည်။
ယခုအချိန်တွင်မူ သူ၏စိတ်အာရုံအသိကို
အတတ်နိုင်ဆုံး ထိန်းချုပ်ရန်ကလွဲ၍
ရွေးချယ်စရာမရှိပေ။

အဘယ်ကြောင့်ဆိုသော် အမျိုးသမီးက
သိုင်းကေရာဇ် တစ်ယောက်
ဖြစ်နေသောကြောင့်ပါ။

ရှောင်မန် ပြောသည့်အတိုင်း သူမဟာ သူ့ကို
တစ်ချက်တည်းဖြင့် မြေပြင်ပေါ်
မှောက်ကျသွားအောင် ရိုက်လိုက်နိုင်သည်။

အမျိုးသမီးသည် ယန်ယဲ့၏ မျက်လုံးများ
မှိတ်ထားဆဲဖြစ်သည်ကို
သတိပြုမိလိုက်သောအခါသူမ၏မျက်လုံးများ
တွင် အံ့အားသင့်မှု ပိုတိုးလာသည်။
သူမက ရုတ်တရက် ယန်ယဲ့အနားသို့
တိုးသွားပြီး မွှေးရနံ့လှိုင်းများဖြင့်
ဖုံးလွှမ်းလိုက်သည်။

"ဒီရန့်က တစ်ခုခုတော့မှားနေပြီ။"ယန်ယွဲ့သည် စိတ်ထဲ အနည်းငယ် ထိတ်လန့်သွား၏။ တစ်ချိန်တည်းတွင် သူ့ အတင်းအကြပ်ဖိနှိပ်ထားသည့် စိတ်ဆန္ဒက ချက်ချင်း ပေါက်ကွဲလာပြန်သည်။

ယန်ယွဲ့သည် ရုတ်တရက် မျက်လုံးဖွင့်၍ သူမကို စူးစိုက်ကြည့်လိုက်ရာ အမျိုးသမီးက အတော်လေး အံ့သြသွားပုံရ၏။

ယခုအချိန်ထိတိုင် သူမဟာ ယန်ယဲ့၏
မျက်လုံးထဲမှာ တပ်မက်ခြင်း တစ်စုံတစ်ရာကို
မမြင်ရသောကြောင့် အနည်းငယ်
ထိတ်လန့်သွားမိသည်။ " သူ့မျက်လုံးတွေက
ပကတိကြည်လင်နေလိုက်တာ။"

ထို့နောက် သူမက ချစ်စဖွယ် အပြုံးကို
ထုတ်ပြလိုက်ရင်း "မောင်ငယ်လေး၊ နင်က
တကယ်ကို အံ့သြစရာကောင်းလိုက်တာ။
ခ်ခ်...!" သူမစကားပြောနေစဉ်မှာပဲ
သူမ၏ခန္ဓာကိုယ်ကို ယန်ယဲ့အနားထပ်မံ၍
တိုးကပ်လိုက်ပါသည်။

နှစ်ယောက်စလုံး တစ်ယောက်နဲ့တစ်ယောက် အသက်ရှူသံများကို ရှင်းရှင်းလင်းလင်း ခံစားမိကြသည်။

သူမက ယန်ယဲ့ကို စိုက်ကြည့်ရင်း ချစ်စရာကောင်းသည့် အသံနဲ့ပြောလိုက်လေသည်။ "ရှောင်မန်က ဘာအတွေ့အကြုံမှ မရှိတဲ့ အပျိုတစ်ယောက်လေ။ ဒီလိုမိန်းမမျိုးက နင့်ကို ပျော်ရွှင်အောင် မလုပ်နိုင်ဘူး။ ဒီမမက သူမနဲ့မတူဘူးနော်။ မရေမတွက်နိုင်တဲ့ တိုက်ပွဲတွေကို ငါကြုံဖူးတယ်၊ ဒါကြောင့်

ငါသာနင့်အနားမှာရှိနေရင် နင်
အိပ်ယာပေါ်ကနေ တစ်သက်လုံး
ဆင်းချင်မှာတောင်မဟုတ်ဘူးလို့
ငါအာမခံတယ်။ အဲဒါကို မကြုံချင်ဘူးလား"

ထိုစကားပြောနေစဉ် သူမ၏လက်တစ်ဖက်ကို
ယန်ယဲ့၏ ရင်ဘတ်ပေါ်သို့ ဖိချလိုက်ကာ
ကျန်တစ်ဖက်က ယန်ယဲ့၏
ခန္ဓာကိုယ်အောက်ပိုင်းသို့
လျှောဆင်းသွားပါသည်။

ယန်ယဲ့သည် သူ့ခန္ဓာကိုယ်ထဲကနေ
ပေါက်ကွဲထွက်လာသည့် ရမက်ဆန္ဒကို
ထိန်းချုပ်နိုင်စွမ်းမရှိတော့ပေ။

သို့သော် သူ၏ခန္ဓာကိုယ်က
တုံ့ပြန်လိုက်သည့်တိုင်
သူ့စိတ်အာရုံအသိကတော့ လုံးဝကို
ကြည်လင်နေပါသည်။

ယန်ယဲ့၏ ခန္ဓာကိုယ်အောက်ပိုင်းဆီမှ
တုံ့ပြန်မှုကို သတိပြုမိသောအခါ အမျိုးသမီး၏
အပြုံးနှင့် ဆွဲဆောင်မှုဟာ
ပို၍ကြီးမားလာသည်။

သို့သော်လည်း ရုတ်တရက် ယန်ယဲ့သည် တည်ငြိမ်နေရာကနေ သူ့အမူအရာက အနည်းငယ် ပြောင်းလဲသွားသည်။

ထိုအချိန်တွင် အမျိုးသမီး၏ မျက်နှာလေးကအနည်းငယ်နီမြန်းလာသည်။ သူမ၏မျက်နှာလေးက မက်မွန်ပွင့်တစ်ပွင့်လိုပင်။ ထို့အပြင် သူမ၏ မျက်လုံးများက ရမက်ဆန္ဒ အငွေ့အသက်များ ပြည့်နှက်နေခဲ့သည်။

ဤအခိုက်တွင် အခန်းထဲရှိ အငွေ့အသက်
ထူးဆန်းလာသည်။

တစ်ချိန်တည်းတွင် အမျိုးသမီး၏ လက်က
ပိုပြီးမြန်မြန်ဆန်ဆန် လှုပ်ရှားလာကာ
နှစ်ယောက်လုံး အသက်ရှူသံများ
မြန်ဆန်လာပြီး လေးလံလာသလို
ခံစားလိုက်ရတော့သည်။

"ဖူဂျင်းရှန်၊ နင်က သေလမ်းရှာနေတာပဲ။"
ထိုအချိန်တွင် အခန်းအပြင်ဖက်မှ ဒေါသတကြီး

အော်သံတစ်ခု ရုတ်တရက် ထွက်ပေါ်လာသည်။

(ကတောက်။ ကောင်းခန်းရောက်မှကွာ)

ထို့နောက်

ရောမအနီရောင်သံမဏိတူကြီးတစ်ချောင်း

လေထဲသို့ မြောက်တက်လာကာ အမျိုးသမီး၏

နောက်ကျောကို ချက်ချင်း ထုချလိုက်သည်။

Book.44